မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးစီးပွားဖြစ်ထွန်းနိုင်

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည်လည်းကောင်း၊ သဒ္ဒါတရားတို့သည်လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် ၂၀၁၉ ခုနှစ်၊ ဇွန် ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၅၈)၊ အမှတ် (၂၆၃)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားကို နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I – 12) ၌ ကျင်းပစဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်

နေပြည်တော် ဇွန် ၁၉

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို တို့သည် ယနေ့တွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I – 12) ၌ ကျင်းပပြုလုပ်သော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားသို့ တက်ရောက်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မွေးနေ့မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သမ္မတဟောင်း ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဇနီး ဒေါက်တာ ရွှေလွှမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဇနီး ဒေါ်ရင်မေ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် ဇနီး ဒေါက်တာ စိန်စိန်သိမ်း၊ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ၎င်းတို့၏ ဇနီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် (၇၄)နှစ်ပြည့်

စာမျက်နှာ ၄ ကော်လံ ၁ ❁

အသက်ရှူလမ်းကြောင်း အနာမဲ့ကြောင်း

နွေအကုန်မိုးအကူး ရာသီပြောင်းချိန်တွင် လူတို့၏ ကိုယ်ခံအားတို့ကလည်း ကျသည်။ ကူးစက်တတ်သည့် ရောဂါများကို ခုခံကာကွယ်သည့် စွမ်းအားတို့ ကျဆင်းချိန်တွင် ပြင်ပမှ ရောဂါများ ကူးစက်ပျံ့နှံ့လွယ်ကြသည်။ လူနေထူထပ်သည့် ဒေသ၊ ပတ်ဝန်းကျင်ညစ်ညမ်းသည့် ဒေသများတွင် လျင်မြန်စွာကူးစက်ပျံ့နှံ့တတ်သည့် သဘောလည်းရှိသည်။

၂၀၁၇ခုနှစ်အတွင်းက ရာသီတုပ်ကွေး A (H1N1) ကူးစက်ဖြစ်ပွားခဲ့ရာတွင် အဖိတ်အစဉ်ရှိခဲ့သည်။ ရာသီတုပ်ကွေးတို့၏ သဘောသဘာဝ အရ နှစ်စဉ် ရာသီကူးပြောင်းချိန်ရောက်လျှင် တစ်ပတ်ပြန်လည်ရောက်လာတတ်စမြဲမို့ သတိထားကြဖို့လိုသည်။ လေထဲမှ ကူးစက်တတ်သည့် ရောဂါဖြစ်သည့်အတွက် လူထူသည့်နေရာ၊ လူကျပ်သည့် နေရာများကို တတ်နိုင်သမျှ ရှောင်သင့်သည်။ အသက်ရှူထုတ်ခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်းတို့ကြောင့် ရောဂါပိုးတို့ လေထဲသို့ရောက်သွားသည်။ ယင်းနောက် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ နောက်တစ်မျိုးကူးစက်နည်းမှာ ချွဲ၊ သလိပ်၊ နှာရည်နှင့် တုပ်ကွေးဖြစ်နေသူ သုံးစွဲသည့် အသုံးအဆောင်ပစ္စည်းများကို ထိမိ၊ ကိုင်မိရာမှ ကူးစက်ခြင်းဖြစ်သည်။ ခန္ဓာကိုယ်တွင် ကိုယ်ခံအားကျဆင်းချိန်၌ ကူးစက်ရောဂါပိုးတို့ ဝင်ရောက်နိုင်ခြင်းဖြစ်သည့်အတွက် အိပ်ရေးဝဝ အိပ်စက်ခြင်း၊ အာဟာရပြည့်ဝစွာ စားသောက်ခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေးကို ဂရုစိုက်ခြင်း၊ မိမိခန္ဓာကိုယ်၏ ခုခံအားစနစ်ကို မြှင့်တင်ကာ ရောဂါတို့ ဝင်မလာအောင် ကာကွယ်နိုင်ကြသည်။

ရာသီတုပ်ကွေးရောဂါ ကူးစက်ပျံ့နှံ့ခြင်း မရှိစေရန်အတွက် ချောင်းဆိုး၊ နှာချေသည့်အခါ တစ်ခါသုံးတစ်သျှူးဖြင့် နှာခေါင်းနှင့် ပါးစပ်တို့ပိတ်ပြီးမှ ချောင်းဆိုး၊ နှာချေရန်၊ သုံးပြီးသည့် တစ်သျှူးကို ချက်ချင်းသေချာစွာ စွန့်ပစ်ရန်၊ လက်ကိုဆပ်ပြာဖြင့် ပုံမှန်ဆေးကြောရန်၊ တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာများ ပြသလာပါက ကျန်းမာရေးအကြံပေးမှုကို ချက်ချင်းယူရန်၊ မိမိတွင် တုပ်ကွေးကဲ့သို့သော ရောဂါလက္ခဏာများ ပြသနေပါက အခြားသူများကို မကူးစက်စေရန်အတွက် ၎င်းတို့နှင့် အနည်းဆုံး တစ်မီတာအကွာတွင် နေရန်၊ မိမိတွင် တုပ်ကွေးကဲ့သို့ ရောဂါလက္ခဏာ ဖြစ်နေပါက အလုပ်၊ ကျောင်း၊ လူထူထပ်သည့် နေရာများသို့ မသွားဘဲ အိမ်တွင်သာနေရန်၊ ပွေ့ဖက်နမ်းရှုတ်ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းတို့ကို ရှောင်ကြဉ်ရန်၊ မသန့်စင်ရသေးသော လက်များဖြင့် မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်တို့ကို မထိတွေ့စေရန် စသည်ဖြင့် ရာသီတုပ်ကွေးကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားသည်။

ရာသီတုပ်ကွေးရောဂါ A (H1N1) သည် အလွယ်တကူ ကူးစက်နိုင်ပြီး အသက်သေဆုံးနိုင်သည်အထိ ရောဂါဖြစ်သလို ကုသပျောက်ကင်းနိုင်သည့် ရောဂါလည်း ဖြစ်သည်။ မိမိကို ရောဂါအလွယ်တကူ ဝင်ရောက်မလာစေရန်အတွက် ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်နေထိုင်မှုပုံစံကို ကျင့်သုံးခြင်းဖြင့် ကာကွယ်နိုင်သည်။ "အသက်ဉာဏ်စောင့်" ဆိုသကဲ့သို့ပင် သတိသမ္ပဇဉ်ဉာဏ် အမြော်အမြင်ဖြင့် အသက်ရှူလမ်းကြောင်း ရောဂါမဲ့ကြောင်း မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

လုံခြုံရေးနှင့်အမှိုက်သိမ်းစနစ်ကို အထောက်အကူဖြစ်ရန် လုံခြုံရေးကင်မရာများ တပ်ဆင်အသုံးပြုလျက်ရှိ

မုံရွာ ဇွန် ၁၉

မုံရွာမြို့၏ အဓိကလမ်းမကြီးများနှင့် အထင်ကရနေရာများ၊ ဈေးများတွင် လုံခြုံရေးနှင့် အမှိုက်သိမ်းစနစ်ကို အထောက်အကူဖြစ်စေရန်လုံခြုံရေးကင်မရာ (CCTV)များ တပ်ဆင်စောင့်ကြည့်လျက်ရှိကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်း၏ ပြောကြားချက်အရ သိရသည်

ကင်မရာများတပ်ဆင်ထားမှုအရ မုံရွာမြို့၏ အထင်ကရ လမ်းမကြီးများ ဖြစ်သော ဗိုလ်ချုပ် လမ်းမကြီးတွင် ၃၈ လုံး၊ ကျောက္ကာလမ်းမကြီး အလုံး ၂၀နှင့် ချင်းတွင်းရတနာဈေးတွင် ရှစ်လုံး၊ သီရိရတနာဈေး ၁၂ လုံး၊ မြသလ္လာဈေးတွင် ၁၂ လုံး၊ မြို့တော်ခန်းမတွင် ရှစ်လုံး၊ စုစုပေါင်း ၉၈ လုံးကို တပ်ဆင်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

ဝင်းဦး (ဧယျာတိုင်း)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော

ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

(တာချီလိတ်မြို့)

CITY OF THE GOLDEN TRIANGLE

၂၀၁၉ ခုနှစ် ၊ ဇွန်လ (၂၅၊ ၂၆)ရက်၊ (အင်္ဂါ ၊ ဗုဒ္ဓဟူး)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

အခြေခံပညာအထက်တန်းကျောင်း၊ မကာဟိုခမ်းရပ်ကွက်၊ တာချီလိတ်မြို့။

လားရှိုး၌ စာစီစာကုံးပြိုင်ပွဲကျင်းပ

လားရှိုး ဇွန် ၁၉

လားရှိုးမြို့၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့အခြေပြုဗဟိုဌာနရုံးခန်းမ၌ ကျင်းပရာ လားရှိုးမြို့ရှိ အခြေခံပညာကျောင်းများမှ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၉ ဦး လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ဟန်ဌေး (လားရှိုး)

သီးနှံ ၂၄ မျိုး၏ မျိုးသစ်မျိုးကွဲ ၅၄ မျိုး၊ မိဘမျိုးလိုင်း ၁၀ လိုင်းအား အသိအမှတ်ပြုနိုင်ရေးဆောင်ရွက်

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးကျင်းပစဉ်။

နေပြည်တော် ဇွန် ၁၉

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များ၊ သီးနှံကျွမ်းကျင်ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်က အရည်အသွေးကောင်းမျိုးသစ်များ ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်ပြီးသော မျိုးသစ်များ မျိုးစေ့စံချိန်စံညွှန်းများနှင့် ပြည့်မီရေး၊ မျိုးစေ့လုပ်ငန်းများ စနစ်တကျရှိစေရေးတို့အတွက် သတ်မှတ်ပြဋ္ဌာန်းထားသော မျိုးစေ့ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံမျိုးကောင်းမျိုးသစ်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများ၊ မျိုးစေ့ထုတ်အဖွဲ့အစည်းများနှင့် လက်တွေ့စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားကြီးများ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများကို လက်ရှိထက်ပိုမိုတိုးတက်လာစေရန် အားပေးဆောင်ရွက်ခြင်းနှင့်အတူ တိုးတက်ပြောင်းလဲလာသော နည်းပညာများ၊ သတင်းအချက်အလက်များကိုပြည်သူများထံသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိရေးကိုလည်း အလေးထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး တွဲဖက်အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဦးသီဟထွန်းက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီက စိစစ်တင်ပြလာသော မျိုးသစ်အသိအမှတ်ပြုလက်မှတ်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဖတ်ကြားတင်ပြရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးဆုံးဖြတ်ကြသည်။

စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲက မျိုးစေ့လုပ်ငန်းအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်နှင့် လိုင်စင်များလျှောက်ထားရာတွင် အွန်လိုင်းမှတစ်ဆင့်လျှောက်ထားနိုင်ရေးတို့အတွက် Myanmar Seed Portal ဝက်ဆိုက်ကိုထုတ်လွှင့်ပေးခဲ့ပြီး လျှောက်ထားလာမှုများကို မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီက စိစစ်ခွင့်ပြုပေးချက်အရ ၂၀၁၉ ခုနှစ် ဇန်နဝါရီလထိ သီးနှံ ၆၂ မျိုး၏မျိုးကွဲ ၈၅၅ မျိုးနှင့် မိဘမျိုးလိုင်း ၁၀၈ လိုင်း စုစုပေါင်း ၉၆၃ မျိုးတို့ကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်သည်။

ယခုကျင်းပသော မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် မျိုးစေ့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီကသဘောထားမှတ်ချက်ဖြင့် တင်ပြလာသောမျိုးသစ်များ၊ သီးနှံ ၂၄ မျိုး၏မျိုးသစ်မျိုးကွဲ ၅၄ မျိုး၊ မိဘမျိုးလိုင်း ၁၀ လိုင်းတို့နှင့်သက်ဆိုင်သည့် အချက်အလက်များကို စိစစ်ဆွေးနွေးကြပြီးအသိအမှတ်ပြုလက်မှတ်ပေးနိုင်ရေး ဆောင်ရွက်ကြကြောင်း သိရသည်။

သတင်းစဉ်

ရေကြောင်းသတိပေးချက်ထုတ်ပြန်

နေပြည်တော် ဇွန် ၁၉

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် M-5 တွင် Preparis Geophysical Site Survey Contour လုပ်ငန်းများကို MV JAVA IMPERIA ရေယာဉ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်မည့်ဧရိယာဖြစ်သော Point NW vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၃၄ ဒသမ ၄၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၉၉ စက္ကန့်၊ Point NE vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၃၃ ဒသမ ၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၀၁ ဒသမ ၃၆ စက္ကန့်၊ Point SE vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၁၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၅၀ မိနစ် ၀၀ ဒသမ ၇၃ စက္ကန့်၊ Point SW vertex မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၃ မိနစ် ၅၁ ဒသမ ၇၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၄၇ မိနစ် ၁၃ ဒသမ ၄၀ စက္ကန့်အတွင်းတွင် မေ ၁၅ ရက်မှ ဇွန် ၁၃ ရက်အထိ ဆောင်ရွက်ခဲ့ရာတွင် လုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၀ ရက်အထိ သက်တမ်းတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

မြန်မာ့အလင်း

ထီးလင်း၌ လူမှုရေးပင်စင်ထောက်ပံ့

ထီးလင်း ဇွန် ၁၉

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမသုံးလပတ်မှစ၍ အသက် ၈၅ နှစ်နှင့်အထက် အဘိုးအဘွားများအား တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ဧပြီ၊ မေ၊ ဇွန်လများအတွက် ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးလျက်ရှိရာ ထီးလင်းမြို့ အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးက ယမန်နေ့က ရပ်ကွက်အတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် အဘိုးအဘွား ၁၅ ဦးတို့အား တစ်ဦးလျှင် လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် ၃၀၀၀၀ စီတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ထီးလင်းမြို့အမှတ်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးက ရပ်ကွက်အတွင်းရှိ အဘိုး အဘွား ၁၂ဦးတို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်စည် (ပြန်/ဆက်)

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလေးအိုစ် ကေမန်နကော့စ် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ

ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဟယ်လင်းနစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီကိုလေးအိုစ် ကေမန်နကော့စ် သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံ သံအမတ်ကြီး မစ္စ အာကူရာ ဆီကီဝါ အာဟန်ကော်ရာ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ

ဂါနာနိုင်ငံသံအမတ်ကြီး သံအမတ်ခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံ မြန်မာနိုင်ငံဆိုင်ရာ ဂါနာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စ အာကူရာ ဆီကီဝါ အာဟန်ကော်ရာ သည် ယနေ့ မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းသိမ်းတို့ တက်ရောက်ကြသည်။

သတင်းစဉ်

တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ပဉ္စမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Dorte Chortsen တို့ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ပဉ္စမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားရာ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဒိန်းမတ်နိုင်ငံ သံရုံးတို့အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို ၂၀၁၇ ခုနှစ်မှစ၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေရေးဆွဲခြင်း၊ ဥပဒေအရာရှိကျင့်ဝတ်၊ တရားမျှတမှုဆိုင်ရာ စံနှုန်းများနှင့် သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများအပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းများအကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်းသည့်အလုပ်ရုံဆွေးနွေးပွဲများကို ကျင်းပနိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ကယားပြည်နယ်နှင့် ကချင်ပြည်နယ် ဥပဒေချုပ်ရုံးများ၌ လူ့အခွင့်အရေး ကွန်ဗင်းရှင်းများနှင့် ဥပဒေအရာရှိကျင့်ဝတ်တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ “ပြည်သူ့အတွက် တရားမျှတမှု”မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၃)ကို ချမှတ်၍ တရားမျှတမှုကို အားလုံးလက်လှမ်းမီရေးအတွက် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါမဟာဗျူဟာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ဒိန်းမတ်နိုင်ငံသံရုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ဒိန်းမတ်နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Dorte Chortsen တို့ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သော တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်းသည့် ပဉ္စမအကြိမ် ဦးဆောင်ကော်မတီအစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒိန်းမတ်နိုင်ငံသံရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များကော်မရှင်(ICJ) တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၉

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

❀ ရှေ့ဖုံးမှ

မွေးနေ့မင်္ဂလာအခမ်းအနား ကျင်းပမည့် လွှတ်တော်ရေးရာဆောင် (I–12) သို့ ရောက်ရှိရာ တက်ရောက်လာကြသူများက ကြိုဆိုနှုတ်ဆက်ကြပြီး မွေးနေ့ဆုတောင်းပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်စကားပြောကြားပြီး မွေးနေ့မင်္ဂလာကိတ်မုန့်များကို လှီးဖြတ်ကာ ဝေငှခြင်း၊ အခမ်းအနားသို့ တက်ရောက်လာကြသူများအား နေ့လယ်စာ ကျွေးမွေးခြင်း၊ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ချိုငှက်များလွှတ်ခြင်း စသည့် အလှူဒါနများ ပြုလုပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားများ ကျင်းပပြုလုပ်သည့် နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနများသို့ သွားရောက်၍ မွေးနေ့အထိမ်းအမှတ် ကိတ်မုန့်များကို ဝေငှကျွေးမွေးခြင်းနှင့် မွေးနေ့အထိမ်းအမှတ် ဆုမွန်ကောင်းတောင်းခြင်းများ ပြုလုပ်သည်။

သတင်းစဉ်

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကိတ်မုန့်ကို ဝေငှကျွေးမွေးစဉ်။
သတင်းစဉ်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ကိတ်မုန့်ကို ဝေငှကျွေးမွေးစဉ်။
သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၁၉

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး Mr. Lee Sang-hwa အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ ဘဏ္ဍာရေးဆိုင်ရာကိစ္စ၊ အာမခံလုပ်ငန်းဆိုင်ရာကိစ္စ၊ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီး Mr. Lee Sang-hwa အား လက်ခံတွေ့ဆုံစဉ်။
သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံ

နေပြည်တော် ဇွန် ၁၉

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ငါ့သရောက်မြို့သို့ ရောက်ရှိပြီး ငါ့သရောက်မြို့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မေတ္တာရေစင် ကျေးလက်ရေရရှိရေးအသင်းနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် စက်ရေတွင်းနှင့် ရေသန့်စက်တို့အား သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ငါ့သရောက်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား တွေ့ဆုံပြီး နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသထုတ်ကုန်များအား ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ပြီး ထုပ်ပိုးမှုပုံစံများ ခေတ်မီစွာ ဆောင်ရွက်နိုင်ပါက ဒေသတွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်သဖြင့် ဒေသတွင်း ဝင်ငွေတိုးတက်ကောင်းမွန်ပြီး တစ်ဦးချင်းမှစ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ဒေသထွက်ကုန်များအား ကုန်းလမ်းမှသာမက ရေဝတီမြစ်အား အသုံးပြု၍ ရေလမ်းကြောင်းမှပါ ပို့ဆောင်ခြင်းများပါ ဆောင်ရွက်၍ ဈေးကွက်ရှာဖွေရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဒေသ၏အဓိကအခက်အခဲမှာ ရေရရှိရေးဖြစ်သဖြင့် နိုင်ငံတော်သို့ တင်ပြပေးမည်ဖြစ်သကဲ့သို့ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သည့်ဘက်မှ နည်းလမ်းရှာဖွေ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် DENTOMEC သွားတိုက်ဆေး၊ သွားတိုက်တံများ ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ငါ့သရောက်မြို့ရှိ နယ်ခံချဲ့တော်လှန်ရေးခေါင်းဆောင် သူရဲကောင်းအာဇာနည် ငါ့သရောက်ဇာတိဖွား ပုဂံဗိုလ်ချို၏ ကောင်းမှုတော်မြနန္ဒာကျောက်ထီးဘုရားသို့ ရောက်ရှိကြပြီး ဘုရားအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများအား ဂေါပကထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ ဆွေးနွေး

နေပြည်တော် ဇွန် ၁၉

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Electronic Technology(Group) Corporation(CETC) ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Xiong Qunli နှင့်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာ့တပ်မတော်၏ Electronic နည်းပညာရပ်ဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စ၊ နည်းပညာရပ်ဆိုင်ရာ တရုတ်-မြန်မာ ပူးတွဲစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း China Electronic Technology (Group) Corporation(CETC) ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr. Xiong Qunli နှင့်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

မြန်မာ့စီးပွားရေး တိုးတက်မှုရရှိရေးအတွက် ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေကြောင်း ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင်ဖော်ပြ

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံ၏ စီးပွားရေးသည် ၂၀၁၈ ခုနှစ်က အပြောင်းအလဲတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် တဖြည်းဖြည်း ပြန်လည်တည်ငြိမ်မှုရှိလာကာ အရှိန်ရလာနေပြီဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။

မြန်မာ့စီးပွားရေး လေ့လာစောင့်ကြည့်မှုအဖွဲ့သည် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းထားခဲ့သည်။ အထည်ချုပ်လုပ်ငန်းကဲ့သို့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ပြန်လည်အရှိန်ရလာပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲရေးများကြောင့် လက်လီနှင့် လက်ကားရောင်းဝယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာသည်။ ထို့အပြင် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ၏ ပံ့ပိုးမှုတို့ဖြင့် စီးပွားရေးဆက်လက်တိုးတက်လာနေပြီး လာမည့် ၂၀၂၀-၂၀၂၁ ခုနှစ်တို့တွင် စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၇ ရာခိုင်နှုန်း ရောက်ရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

လက်လီနှင့် လက်ကားဈေးကွက်များ၊ လျှော့ပေါ့ပေးရန် လုပ်ဆောင်နေသည့် အာမခံလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများကဲ့သို့ ကဏ္ဍများတွင် ပြုပြင်ပြောင်းလဲမှုများ၊ အခြေခံအဆောက်အအုံဆိုင်ရာ အသုံးချမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများကြောင့် မြန်မာ့စီးပွားရေးနှင့် ပတ်သက်၍ တိုးတက်မှုရှိနိုင်ကြောင်း ရှုမြင်သုံးသပ်ချက် တစ်ခုကို ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအရှိန် နှေးကွေးလျက်ရှိခြင်း၊ ကုန်သွယ်ရေးစစ်ပွဲ ပိုမိုတင်းမာလာခြင်း၊ အီးယူက ကုန်သွယ်မှုအထူးအခွင့်အရေးများ ရုပ်သိမ်းနိုင်သည့် အလားအလာရှိနေခြင်းနှင့် စွမ်းအင်ဈေးနှုန်းများ အတက်အကျ အပြောင်းအလဲမြန်ဆန်ခြင်းတို့က အန္တရာယ်စိန်ခေါ်မှုများအဖြစ် ဆက်လက်ရှိနေသည်။

ငွေကြေးဖောင်းပွမှုကို ၆ ဒသမ ၆ ရာခိုင်နှုန်းတွင် တည်ငြိမ်မှုရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဈေးကွက်အပြောင်းအလဲကြောင့် ငွေကြေးဖောင်းပွမှုဆိုင်ရာဖိအားများ ပိုများလာနိုင်ကြောင်း အစီရင်ခံစာတွင်ပါရှိသည်။ အစိုးရအနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ကုန်ကျစရိတ်နှင့် အညီ လျှပ်စစ် ဓာတ်အား ကောက်ခံမှုကို တိုးမြှင့်ရဖွယ်ရှိကြောင်း ကိုလည်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် စွမ်းအင်ကဏ္ဍတွင် လိုအပ် ချက်နှင့် ကိုက်ညီစေရေး အတွက် မြန်မာနိုင်ငံအနေဖြင့် နှစ်ဆပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် လက်ရှိစီမံကိန်းလုပ်ငန်းများကို သုံးဆခန့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ကလျာ**

မမေ့ကြရအောင် စာရင်းလေးတို့ထားလိုက်မယ်

သိုက်စိုးထွန်း(နတ်ရွာ)

တစ်ခုခုလုပ်စရာရှိတယ်။ လုပ်ရမှာကိုလည်း သိတယ်။ လုပ်လည်းလုပ်နေတယ်။ ဒီတစ်ခုတည်းဆိုရင်တော့ ဟုတ်နေတာပေါ့။ တစ်ခုကနှစ်ခု၊ နှစ်ခုကသုံးခု၊ များသထက် များလာတော့ သိပ်မမှတ်မိချင်တော့ဘူး။ ဟိုဟာလေး သတိရပြန်၊ အစပြန်ဖော်လိုက်ပြန်၊ ဒီဟာလေးသတိရ ပြန်၊ မဖြစ်သေးဘူးဆိုပြီး ဆက်လုပ်လိုက်ပြန်။ ဒီလိုဆိုတော့ ချာလပတ်လည်နေရော။

လုပ်စရာတွေများတာနဲ့အမျှ မေ့တတ်လာ

ကိုယ်တစ်ယောက်တည်း တစ်ကိုယ်တော် လုပ်ရကိုင်ရတဲ့ အလုပ်မျိုးဆိုရင်တော့ သိပ်အကြောင်းမဟုတ်ပါဘူး။ အထက်၊ အောက် ယန္တရားတွေနဲ့ ချိတ်ဆက်လည်ပတ်ရတဲ့နေရာမျိုးဆိုရင် ဆောင်ရွက်ရန်ကိစ္စတွေက တော်တော်များကြတယ်။ အပေါ်ကလည်း လမ်းညွှန်ချက်တွေ၊ ညွှန်ကြားချက်တွေ တရစပ်လာနေတယ်။ ဘေးတိုက်ဌာနတွေ၊ အဖွဲ့အစည်းတွေကလည်း ဘာတွေလုပ်ရမယ်၊ ဘာတွေ လုပ်သင့်တယ်ဆိုတာတွေကို သတိပေးနေတယ်၊ အောက်က လူတွေကလည်း ဘာလုပ်ပေးပါ၊ ညာလုပ်ပေးပါလို့ တောင်းဆိုနေတယ်။ ဟိုဟာကလည်း အရေးကြီးသလို ဒီဟာကလည်း အရေးကြီးတာပါပဲ။

လုပ်စရာတွေကများ၊ တစ်ခုလုပ်လိုက်၊ တစ်ခုမေ့လိုက်နဲ့ ဘယ်လိုများစခန်း သွားရပါ့မလဲလို့ စဉ်းစားကြည့်လိုက်တော့ စာရင်းနဲ့ဇယားနဲ့အလုပ်လုပ်ရတယ်ဆိုတဲ့ သဘောလေးကို တွေ့လာတယ်။ တိုင်းတစ်ပါးသားတို့ရဲ့ စကားလုံးကို ယူသုံးရမယ်ဆိုရင်တော့ Check List ရေးထားတာပေါ့။ တစ် ဘာလုပ်ရန်၊ နှစ် ဘာလုပ်ရန်၊ သုံး ဘာလုပ်ရန် စသည်အားဖြင့်ပေါ့။ နံပါတ်တစ်ကို လုပ်ပြီးပြီလား၊ ဒါဆို အမှန်လေးခြစ်လိုက်။ ပြီးတော့ နံပါတ်နှစ်ကိုဆက်။ နှစ်ပြီးရင် အမှန်ခြစ်၊ သုံးကိုဆက်။ ဒီလိုသဘောပေါ့။

စာရင်းတို့မထားဘူးဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် မကြာမကြာ သတိပေးဖို့လိုတာပေါ့။ ဒါပြီးရင် ဟိုဟာ၊ ဟိုဟာပြီးရင် နောက်တစ်ခုဆိုတာမျိုးကို ခေါင်းထဲမှာ စွဲနေအောင်မှတ်ထားရတယ်။ အကြီးအကဲက တစ်ခုခုပြောလိုက်တယ်၊ တိုင်းသူပြည်သား လူအများသိအောင် ရုပ်မြင်သံကြားတို့၊ သတင်းစာတို့ကနေထုတ်လွှင့်ဖော်ပြပေးလိုက်တယ်။ ဒါပေမယ့် မရသေးဘူး။ ထပ်ဆင့်ရှင်းလင်းပွဲတွေ လုပ်ရပြန်တယ်။ ထပ်ဆင့်ရှင်းလင်းပွဲအပေါ်မှာ နောက်တစ်ခါထပ်ပြီးဖွင့်ဆိုရှင်းပြတဲ့ ရှင်းလင်းပွဲတွေ လုပ်ကြရပြန်တယ်။ ဒီလိုလုပ်တာ မှားသလားဆိုတော့ မမှားပါဘူး။

ဘာ့ကြောင့် ထပ်ခါထပ်ခါ ပြောနေကြရသလဲ၊ မေ့တတ်ကြလွန်းလို့။ နှစ်ထပ်ရှိတော့ မှတ်မိတာပေါ့ဆိုတဲ့ စကားရှိပါတယ်။ နှစ်ထပ်မက သုံးလေးထပ်ရှိတော့ ပိုလို့ပိုလို့များ မှတ်မိသွားမယ်လို့ မျှော်လင့်ပုံရပါရဲ့။ အကြိမ်ကြိမ်အထပ်ထပ် မှာရကြားရပြန်တယ်။ ဒီနည်းသုံးတာကိုယ့်ဆီမှာ တင်ပဲလားဆိုတော့လည်း မဟုတ်ပါဘူး။ တိုင်းတစ်ပါးသားတို့ဌာနေမှာလည်း သုံးကြတာကို တွေ့ရဖူးပါတယ်။

ခဏခဏထပ်တလဲလဲမှာနေတော့ အစပိုင်းမှာတော့ ဒါမလိုအပ်ဘဲလုပ်နေတဲ့ အပိုအလုပ်တွေပဲလို့ ထင်ခဲ့မိတယ်။ ဒါပေမယ့် ထင်ခဲ့မိတာကိုယ့် အမှားဖြစ်သွားပြန်တယ်။ ဒီလောက်မှာနေတာတောင်မှ မသိကျိုးကျွန်ပြုပြီး အလွဲလွဲအချော်ချော် လုပ်နေသူတွေရှိနေလို့ပါ။ ပြေးရပြန်ပြီ၊ ပြောရပြန်ပြီ၊ သတိပေးရပြန်ပြီ။ အင်း၊ မေ့တတ်တာကိုက လူ့သဘာဝထင်ပါရဲ့။ မနေ့ညကမှ ပြောထားတာကို မေ့သွားတယ်ဆိုတော့ မခက် ဘူးလား။ တဖွဖွမှာရုံနဲ့ အဆင်မပြေတော့ စာနဲ့ပေနဲ့ရေးမှတ်ပေးလိုက်ရတယ်။ ဘာပြီးရင် ဘာလုပ်ရမယ်ဆိုတာကို ရေးပေးလိုက်တာကို မဖတ်တော့ တဖွဖွမှာရပြန်တယ်။ နှစ်ထပ်ကွမ်း သုံးထပ်ကွမ်းတွေ သတိပေးရပြန်တယ်။

အလုပ်မပြီးပေမယ့် စိတ်မပူတတ်ဖြစ်လာ

ဘယ်လောက်ပဲမှာပေမယ့် မေ့တတ်တဲ့သူတွေကျတော့ မေ့ကိုမေ့တာပါပဲ။ ဒီလိုပါပဲ။ တချို့တစ်လေက ခဏတစ်ဖြုတ်သွားတဲ့ခရီးတစ်ခုမှာ တစ်နေ့တာအစီအစဉ်တွေကို မေ့သွားတတ်ကြသလို တချို့သူတွေကျတော့ ဘဝအတွက်အရေးကြီးတဲ့အလုပ်ကိစ္စတွေကိုတောင် မေ့သွားတတ်ကြတယ်။ တစ်နည်းအားဖြင့် မေ့နေချင်ယောင်ဆောင်ပစ်လိုက်ကြတယ်။

အလုပ်တွေက အရေးကြီးနေတယ်။ ဒီဟာလည်းအရေးကြီးသလို ဟိုဟာလည်း အရေးကြီးပြန်တယ်။ အစပိုင်းတုန်းကတော့ အရာရာကို အလေးအနက်ထားပြီး ကြိုးစားသေးတာပေါ့။ ကြာလာတော့ မနိုင်မနင်းတွေ ဖြစ်ကုန်တယ်။ စိတ်တွေကလည်း တုန်တုန်လှုပ်လှုပ်ပေါ့။ အလုပ်တစ်ခုမပြီးမြောက်ဘဲ အိပ်လိုက်ရတဲ့ညတွေတိုင်းဟာ အိမ်စာတွေ မပြီးခဲ့ရင် ဘယ်နှချက်အရိုက်ခံရမယ်လို့ ဆရာမက အမှာခံလိုက်ရတဲ့ညမျိုးမှာ ဘာအိမ်စာမှ မလုပ်လိုက်ရဘဲ အိပ်ရာဝင်ခဲ့ရသလိုမျိုးဖြစ်ရပြန်တယ်။ ဒါပေမယ့် အိမ်စာမပြီးတဲ့ရက်တွေများလာတော့ အရိုက်ခံရမှာကို ထူးပြီး မပူတော့သလိုဘဲထင်ပါရဲ့။ အလုပ်တွေကများ၊ များပြီးရင်းများလာတော့ ဘယ်အလုပ်မပြီးလို့မှ စိတ်မပူတတ်တော့ဘူး။ မရှိလို့ လုပ်စားတာ ဖြည်းဖြည်းပေါ့ဆိုတဲ့အတိုင်းပဲ။ ခပ်သွက်သွက်တော့ မလုပ် တော့ဘူး။ ဘယ်လောက်ပဲ အလုပ်တွေများနေပါစေ၊ ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်းသာ လုပ်နေတော့တယ်။ လုပ်စရာအလုပ်တွေနဲ့ ဘက်ပေါင်းစုံက အဝိုင်းခံနေရချိန်မှာ ပထမတော့ လန့်ဖျပ်သွားခဲ့မှာပေါ့။ နောက်တော့လည်း တချို့အလုပ်တွေကို မေ့တတ်သွားတယ်။ တကယ်မေ့ခဲ့တာပါပဲ။ ဒါပေမယ့်လည်း နောက်ပိုင်းကျတော့ တချို့အလုပ်တွေကို မေ့ချင်ယောင်ဆောင်တတ်သွားတယ်။ အတင်းအကျပ်မေ့ဖို့ ကြိုးစားပစ်လိုက်တာမျိုးလည်း ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ မမေ့လည်းမေ့၊ မေ့လည်းမေ့ဖြစ်ကုန်တယ်။

လုပ်ကိုင်ဆောင်ရွက်ရမယ့် ကိစ္စရပ်တွေကို မေ့လျော့သွားစေခြင်းရဲ့အကြောင်းတရားတွေထဲမှာ ကိုယ့်ဘာသာ မသိလိုက် မသိဘာသာနေလိုက်လို့ မေ့သွားတာမျိုးဖြစ်စေ၊ အတင်းအကျပ်မေ့ပစ်ဖို့ ကြိုးစားရင်းနဲ့ ဒီကြိုးစားချက် အောင်မြင်ပြီး မေ့သွားတာမျိုးဖြစ်စေ တစ်နည်းနည်းပါနိုင်ပေမယ့် ဒီနှစ်ခုတည်းရှိတာတော့ မဟုတ်သေးပါဘူး။ မေ့လျော့စေတဲ့အထဲမှာ သုရာမေရိယဆိုတာတွေလည်း ထိပ်ဆုံးကပါတယ်ဆိုပဲ။ လောကကြီးထဲမှာ ကိုယ့်ရဲ့စိတ်နှလုံးကို သိမ်းကျုံးယူငင်သွားပြီး ယစ်မူးစေတတ်တဲ့၊ မိန်းမောစေတတ်တဲ့အရာတွေကလည်း အများကြီးရှိပုံရပါရဲ့။ ယစ်မူးစေတတ်တဲ့အရာတွေကြားထဲမှာ ကိုယ်အမှန်တကယ်လုပ်ရမယ့်အရာတွေကို မေ့သွားတတ်တာ သိပ်တော့ မဆန်းဘူးလို့ ပြောရမှာပါပဲ။

ပိုလေးနက်စေချင်လို့ မေ့ယောင်ဆောင်

ဒီနေရာမှာ ပြောစရာတစ်ခုရှိလာ ပြန်တယ်။ တချို့ကိစ္စတွေမှာကျတော့ ကိုယ်က မေ့လည်း မမေ့ဘူး၊ မေ့ချင်ယောင်ဆောင်တာလည်းမဟုတ်ဘူး။ ဒါပေမယ့် အဲ့ဒီဟာကို မလုပ်သေးဘူးတဲ့။ ဘာ့ကြောင့်မလုပ်သေးတာလဲဆိုတော့ အဲဒီအရာကို ပိုမိုထူးခြားလေးနက်စေချင်လို့တဲ့။ ဒီအခြေအနေမျိုးမှာတော့ ကိုယ်မမေ့ပေမယ့် တစ်စုံတစ်ယောက်ရဲ့တိုက်တွန်းနှိုးဆော်မှုကို စောင့်ဆိုင်းရတတ်တဲ့ သဘောရှိပြန်တယ်ထင်ပါတယ်။

ကိုယ်က ဒီကိစ္စကိုအကောင်အထည်ဖော်ချင်နေတယ်။ ဒီဟာမလုပ်သေးဘူးလားလို့ တစ်စုံတစ်ယောက်က မေးလိုက်တယ်။ ဒါမှမဟုတ် ဘယ်လုပ်ငန်း ဘယ်ကိစ္စကို ပြုလုပ်ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိရှိလိုပါကြောင်းဆိုတဲ့ မေးခွန်းမျိုးပေါ်လာတယ်ဆိုပါတော့။ အဲဒီမှာ ငိုချင်လျက်လက်တို့ဆိုတဲ့အတိုင်း ဖြစ်သွားတော့တာပါပဲ။ လုပ်ပါ့မယ်ဗျ၊ လုပ်မယ်ဗျဆိုတဲ့ အဖြေမျိုးကို ခပ်မြန်မြန်ပေးလိုက်ရတော့တာပေါ့လေ။ အာမဘန္ဒေခံလိုက်ရပြီပေါ့။ ဒီတော့ ပိုလေးနက်သွားပြီပေါ့။ ဒါ ဘယ်သူ့တိုက်တွန်းချက်လည်းပါတယ်လေဗျာ၊ ဒါ့ကြောင့် အလေးထားပြီး ဆောင်ရွက်နေရတာပေါ့ဆိုတဲ့ အပြောမျိုးနဲ့လည်း စကားတန်ဆာဆင်နိုင်သွားတာပေါ့။ တစ်ခါတစ်ခါကျတော့ ကျုပ်ဒါလေးလုပ်ချင်လို့၊ ဒါလုပ်ဖို့ အစီအစဉ်ရှိ၊ မရှိ မေးပေးစမ်းပါ့ ဆိုတာမျိုးတောင် တီးလုံးတိုက်ရလေသေးပြန်တော့။ ဒီနေရာမှာ ဆိုလိုတာက တိုက်တွန်းချက် တစ်ခုခုပါလာတဲ့အခါ မူလအခြေအနေထက် ပိုမိုလေးနက်သွားတယ်လို့သာ ဆိုလိုရင်းဖြစ်ပြီးတော့ တစ်စုံတစ်ခု ဆောင်ရွက်ရာမှာ ပိုမိုလေးနက်စေလိုတဲ့အခါ တိုက်တွန်းချက်တစ်ခုခုကိုလည်း စောင့်ဆိုင်းရတတ်တယ်ဆိုတဲ့ သဘောလေးကိုသာ ပြောလိုရင်းဖြစ်ပါတယ်။

တကယ်တော့ ဒီနေရာမှာတင်ပြလိုတဲ့အချက်က နှစ်ခုတည်းပါ။ မေ့သွားတယ်၊ မေ့ချင်ယောင်ဆောင်သွားတယ်၊ မေ့ဖို့ကြိုးစားတယ်ဆိုတဲ့အချက်တစ်ခုရယ်၊ ကိုယ့်ကိုယ်ကိုယ်ဖြစ်စေ၊ တခြားသူတစ်ယောက်ယောက်ကဖြစ်စေ အစဖော်ပေးရတယ်၊ မေးမြန်းပေးရတယ်၊ တိုက်တွန်းပေးရတယ်ဆိုတဲ့အချက်တစ်ခုရယ်ပါ။ ဒီအချက်နှစ်ခုက အပေးအယူအချိတ်အဆက်မိမိလှုပ်ရှားနေမှ လုပ်ကိုင်ဆောင်ရွက်သမျှအရာတွေကလည်း လိုက်လျောညီထွေဖြစ်နေတတ်တာမျိုးထင်ပါရဲ့။

စာရင်းလေးတို့ထားကြမယ်

မေ့နေတာတွေကိုပြန်ဖော်ဖို့ အကြောင်းတရားတွေလည်းရှိတယ်။ မမေ့အောင် တဖွဖွပြောကြတာတွေလည်းရှိတယ်။ စာရင်းကလေး၊ ဇယားကလေးတွေနဲ့ တေးမှတ်ထားတာမျိုးလည်း ရှိပါတယ်လို့။ ကိုယ်ကိုယ်တိုင် မမေ့အောင် ကြိုးစားရတယ်။ ကိုယ်က မမေ့အောင်လက်တို့ပေးရမယ့်သူဆိုရင်လည်း တို့သင့်တဲ့အခြေအနေ အချိန်အခါမှာ တို့ကို တို့ပေးမှ ဖြစ်ပါလိမ့်မယ်။

ဘဝမှာလုပ်စရာတွေက အများကြီးပါ။ ဒီအများကြီးထဲမှာမှ ဘယ်နှခုလောက် လုပ်ပြီးခဲ့ပြီလဲဆိုတာကို ကိုယ်ကိုယ်တိုင် အသိဆုံးဖြစ်မှာပါ။ ကိုယ်ကိုယ်တိုင်ပြီးရင် ကိုယ့်ပတ်ဝန်းကျင်ကလူတွေလည်း သိကြမှာပါပဲ။ လုပ်စရာ လေးငါးခုရှိတယ်ဆိုပါတော့။ ဒါဆိုရင်လည်း စာရင်းလေးတို့ကြည့်ရမှာပေါ့။ ၁၊ ၂၊ ၃၊ ၄၊ ၅။ ဘယ်နှခုလောက်များ အမှန်ခြစ်လို့ရနိုင်ပြီလဲဆိုတာ ကိုယ့်စာမေးပွဲကို ကိုယ့်ဘာသာပြန်စစ်ပြီး အောင်ခြင်း၊ ရှုံးခြင်းကို ကိုယ့်ဘာသာပဲ အဆုံးအဖြတ်ပေးရမှာပါ။ ဘယ်အချိန်မှာ စာမေးပွဲပြန်စစ်သင့်သလဲဆိုရင် အခုအချိန်ပါပဲ။ ဘဝမှာ ဘယ်အရာတွေကိုဆောင်ရွက်မယ်လို့ ရည်ရွယ်ထားခဲ့သလဲ၊ အခုဘယ်နှခုဆောင်ရွက်ပြီးခဲ့ပြီလဲ၊ နောက်ထပ်ဆောင်ရွက်ရန် အကြွေးကျန်တွေ ဘယ်နှခုကြီးတောင် ကျန်နေသေးသလဲဆိုတာတွေကို ဆန်းစစ်ဖို့ပေါ့။

စစ်တာကတော့ စစ်နေရမှာပါပဲ။ အခု လည်း စစ်သလို နောင်လည်း စိစစ်နေရဦးမှာပါပဲ။ ကိုယ်ရည်ရွယ်ခဲ့ဖူးတဲ့ ပန်းတိုင်တွေကို ရောက်ခဲ့ တယ် မရောက်ခဲ့ဘူးဆိုတာ ကိုယ်ကိုယ်တိုင် တောင်မှ ဇဝေဇဝါဖြစ်နေရင် ကျန်တဲ့သူက အသိအမှတ်ပြုပေးဖို့ဆိုတာ ပိုဝေးတော့မှာပေါ့။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် အမြဲမပြတ်ဆန်းစစ်နေဖို့ လိုပါတယ်။ တစ်ဘဝလုံးအတွက်မှ တစ်ကြိမ်တစ်ခါလောက်သာ ဆန်းစစ်ရမှာ မဟုတ်ပါဘူး။ နှစ်စဉ်၊ လစဉ်လည်း ဆောင်ရွက်ဖို့လိုပါတယ်။ နှစ်စတုန်းက ဒီနှစ်ဘာတွေလုပ်မယ်လို့ ရည်ရွယ်ခဲ့သလဲ၊ ချရေး၊ ချရေး၊ တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းလေးတွေ တပ်ပြီးတော့ပေါ့။ ဘယ်နှခုအောင်မြင်ခဲ့သလဲ၊ ဘယ်နှခု ကျရှုံးခဲ့သလဲ။ လဆန်းပိုင်းတုန်းက ဒီလ ဘာလုပ်မယ်လို့ ရည်ရွယ်ခဲ့သလဲ။ အခု ဘာတွေပြီးနေပြီလဲ။ တစ်ချက်ချင်းပြန်စစ်လိုက်တော့မှ ဟန်ကျတာတွေရော၊ မကျတာတွေရော အကုန်ပြန်သိပြီး ရှေ့ခရီးအတွက် အကောင်းဆုံး ပြန်လည်သုံးသပ် ပြင်ဆင်နိုင်မှာ ဖြစ်ပါတယ်။

တစ်ခါတစ်ခါကျတော့ စာရင်းနဲ့ဇယားနဲ့ လုပ်မှာကို သိပ်ကြောက်တတ်ကြပါတယ်။ နေဦးလေ၊ လုပ်တော့ လုပ်မှာပဲလေ၊ ဒီလိုကြီး အတိအကျကြီးတော့ လာမမေးပါနဲ့ဦးလားဆိုတာမျိုးနဲ့ ပြန်လှန်ရန်တွေ့တတ်ကြတယ်။ တကယ်တော့ တိတိကျကျရှိမှ မိမိရရဖြစ်မှာပါ။ ကိုယ့်ကိုယ်ကိုယ်လည်း တိကျဖို့လိုသလို ကိုယ့်ပတ်ဝန်းကျင်က လူအပေါ်မှာလည်း တိကျပေးနိုင်ဖို့လိုပါတယ်။ ကြိုးစားပါ့မယ်ဆိုတာနဲ့မရနိုင်ဘူး။ ဘယ်လောက်ကြိုးစားမှာလဲ၊ အချိန်ဘယ်လောက်ယူမှာလဲ၊ ဦးတည်ချက်ပန်းတိုင်က ဘယ်အတိုင်းအတာအထိလဲ၊ ဘယ်အနေအထား လောက်အထိ မှန်းထားသလဲ၊ အခု ဘယ်လောက်ပြီးပြီလဲ၊ နောက်ထပ် ဘာတွေ ကျန်သေးသလဲ၊ ဘယ်လိုနည်းတွေနဲ့ ခရီးဆက်မလဲ။ ဒီစာရင်းဇယားလေးတွေကတော့ တို့ကို တို့ထားဖို့ လိုမှာပါ။ ယောင်ဝါးဝါးနဲ့ မရတော့ပါဘူး။ ကြာရင်ခတ်ကွင်းပြင်တာနဲ့ ရွာသစ်ကြီးရောက်သွားလိမ့်မယ်။

ပြန်လည်သုံးသပ်ရင်း အကောင်းဆုံးခရီးဆက်

တစ်ခုတော့ရှိပါတယ်။ တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းရေးပြီး ချမှတ်လိုက်တဲ့ ရည်ရွယ်ချက်တွေက လက်တွေ့ဆန်ဖို့၊ ဖြစ်နိုင်ဖို့တော့လိုပါလိမ့်မယ်။ မနက်ဖြန် ထမင်းနှစ်နပ်စားမယ်ဆိုပြီး ပေါက်ကရ ချမှတ်လို့မရသလို၊ မနက်ဖြန် ထိပ်တန်းသူဌေးကြီး ဖြစ်ရမယ်ဆိုတာမျိုးလည်း ချလို့ မရနိုင်ပါဘူး။ ကိုယ့်ရဲ့အခြေအနေအချိန်အခါကိုကြည့်ပြီး သင့်လျော်မယ့် ဦးတည်ချက်မျိုးကို လက်တွေ့ကျကျ ချမှတ်နိုင်ဖို့လိုမှာပါ။ ရည်ရွယ်ချက်ကို လက်တွေ့ သဘောနဲ့ တိတိကျကျ ချမှတ်နိုင်ပြီဆိုရင် လုပ်ဆောင်ချက်ကိုလည်း မိမိရရဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပြီးတော့ ကိုယ်တို့ထားတဲ့စာရင်း ကလေးနဲ့ နောင်တစ်ချိန် ပြန်တိုက်ရဦးမှာပေါ့။ ချမှတ်ခဲ့တာ လေးငါးခု၊ အကောင်အထည်ဖော် ပြီးတာလည်း လေးငါးခုဆိုရင် အားလုံးအဆင်ပြေမှာ ပေါ့လေ။ ဒီလိုမဟုတ်ဘဲ ဖွတ်မရ၊ ဓားမအဆုံးတွေချည်း ဖြစ်ခဲ့ရင်တော့ စာရင်းလေးရဲ့ ဟိုတစ်ဖက်မှာ ကြက်ခြေတွေချည်း ခတ်ပစ်နေရဦးတော့မှာပါ။

ဘဝအတွက် ဒီစာရင်းလေးက အရေးကြီးပါတယ်။ တစ်နေ့တာ ဘာတွေလုပ်မလဲ၊ ဘာတွေ လုပ်ခဲ့ပြီလဲ။ တစ်လတာ၊ တစ်နှစ်တာမှာ ဘာတွေလုပ်မလဲ၊ ဘာတွေလုပ်ခဲ့ပြီးပြီလဲ။ ဒါတွေကို မျက်ခြည်မပြတ် စောင့်ကြည့် သုံးသပ်နိုင်နေမှသာ ရှေ့ခရီးကို အကောင်းဆုံးပုံစံနဲ့ ဆက်နိုင်မှာဖြစ်ပါ တယ်။ ယေဘုယျရည်ရွယ်ချက်တွေချည်း ချလိုက်ပြီး ယေဘုယျသုံးသပ်ချက်တွေနဲ့သာ သွားနေရင်တော့ ယောင်ဝါးဝါးပဲ ဖြစ်နေဦးမှာပါပဲ။ အချိန်မီ ပြန်သုံးသပ်ပြီး ပြင်သင့်တဲ့ စာရင်းတွေကိုလည်း ပြန်ပြင်ဖို့ လိုဦးမှာ ပါပဲ။

အချုပ်အားဖြင့်ပြောရရင်တော့ ဒီကနေ့ ဒီအချိန်ကစပြီး တစ်၊ နှစ်၊ သုံး၊ လေး ဂဏန်းရေးပြီး စာရင်းလေးတို့ထားလိုက်မယ်ဆိုရင် ကိုယ့်ဘဝရဲ့အနာဂတ်ခရီးလမ်း၊ ကိုယ့်အဖွဲ့အစည်းရဲ့ အနာဂတ် ခရီးလမ်းကို ဖြောင့်ဖြောင့်တန်းတန်းကြီး လျှောက်လှမ်းနိုင်ဖို့အတွက် အားကောင်းတဲ့ အထောက်အပံ့တွေဖြစ်နေပါလိမ့်မယ်။ ။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီနှင့် ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ နိုင်ငံရေးပါတီမှ တာဝန်ရှိသူများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ မြို့မိမြို့ဖများတွေ့ဆုံ

စစ်တွေ ဇွန် ၁၉

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် ကော်မတီအဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညှိရိပ်သာ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိ ပညာရှင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က ယခုဖိတ်ကြားထားသော ပုဂ္ဂိုလ်များသည် နိုင်ငံရေးအတွေ့အကြုံရှိသူများဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများကို လျှော့ချနိုင်ရန်နှင့် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်သည့်နေရာတွင် ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် နည်းလမ်းများကို အကြံပေးနိုင်ရန် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ယခုခရီးစဉ်သည် မိမိတို့ကော်မတီ၏ တတိယအကြိမ်မြောက် ခရီးစဉ်ဖြစ်ပြီး ယခင်ခရီးစဉ်များ၌ ဆရာတော်၊ သံဃာတော်များ၊ နိုင်ငံရေးပါတီများ၊ ရပ်မိရပ်ဖများ၊ လူမှုအဖွဲ့အစည်းများ၊ အတွေ့အကြုံရှိသူများနှင့် တွေ့ဆုံ၍ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခအခြေအနေများအပေါ် ၎င်းတို့၏ အမြင်သဘောထားများနှင့် ပြည်သူများအကြား တွေ့ကြုံခံစားနေရသည့် အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း၊ ၎င်းတို့၏ အကြံပြုချက်၊ ဆွေးနွေးတင်ပြချက်များကို မခြွင်းမချန်ဘဲ နိုင်ငံတော်သမ္မတထံသို့ ကြားဖြတ်အစီရင်ခံစာတစ်ခု တင်ပြခဲ့ပါကြောင်း။

ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြု

မိမိတို့ကော်မတီ၏ အဓိကတာဝန်သည် တွေ့သင့်တွေ့ထိုက်သူများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ အကြံပြုချက်များကို မခြွင်းမချန်ဘဲ အပြီးသတ်အစီရင်ခံစာတစ်ခု ရေးသားတင်ပြနိုင်ရန် ဖြစ်ပါကြောင်း၊ ပြည်နယ်အတွင်း ပဋိပက္ခအကြောင်းပြု၍ ဖြစ်ပေါ်လာသော အကြောင်းအရာကိစ္စအရပ်ရပ်တို့ကိုလည်း မိမိတို့ကော်မတီအနေဖြင့် တတ်နိုင်သမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့တွင်လည်း နိုင်ငံရေးအတွေ့အကြုံရှိသူများ၊ ရခိုင်ပြည်နယ်အရေးနှင့် စပ်လျဉ်း၍ ပြောနိုင် ဆိုနိုင်သည့် ပုဂ္ဂိုလ်များကို ဖိတ်ကြား၍ တွေ့ဆုံရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို မည်သို့မည်ပုံ လျှော့ချရမည်၊ ပဋိပက္ခများကို အကြောင်းပြုပြီး အပြစ်မဲ့ပြည်သူများ ဒုက္ခခံစားနေရမှုကို မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည် စသည့်အကြောင်းအရာများကို ယခုတွေ့ဆုံပွဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးအကြံပြု တင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးအထောက်အကူပြု ကော်မတီဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိ ပညာရှင်များ၊ မြို့မိ မြို့ဖများ၊ လုပ်ငန်းရှင်များက ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းများဖြင့် အဖြေရှာဖြေရှင်းရေး၊ တိုက်ပွဲရှောင်ပြည်သူများ မိမိတို့၏နေရပ်ပြန်နိုင်ရေးနှင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ ၎င်းတို့၏ လူမှုရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ၊ တိုက်ပွဲရှောင်စခန်းများတွင် ရောက်ရှိနေသည့် ကျောင်းသား ကျောင်းသူများ နီးစပ်ရာစာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်ရေး၊ ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို အမြန်ဆုံးလျှော့ချ၍ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် ဆောင်ရွက်ရမည့် စီမံချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ကော်မတီဥက္ကဋ္ဌ ဦးအေးသာအောင်နှင့်ကော်မတီဝင်များ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစံကျော်လှုနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ညှိရိပ်သာ၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ ပြည်နယ်ဥပဒေအထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အတွေ့အကြုံရှိ ပညာရှင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး ဆွေးနွေး

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသည့် အကြောင်းအရာများ၊ တိုက်ပွဲရှောင်ပြည်သူများအရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများက စစ်တွေလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် မုန်းချောင်းတံတား(ပွင့်ဖြူ)ဖွင့်ပွဲ တက်ရောက်

ပွင့်ဖြူ ဇွန် ၁၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ မင်းဘူး - ပွင့်ဖြူ - စလင်း - တညောင်လမ်းပေါ်ရှိ မုန်းချောင်းတံတား(ပွင့်ဖြူ) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက အဆိုပါတံတားအနီး ယာယီမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဒေသဖွံ့ဖြိုးရေးနှင့် ခရီးသွားပြည်သူများ ရာသီမရွေး စိတ်အေးချမ်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် မင်းဘူး - ပွင့်ဖြူ- စလင်း - တညောင်လမ်းပေါ်ရှိ မူလရှိ သံမဏိ၊ သံပေါင် ဘေလီတံတားအစား သံကူကွန်ကရစ်သံကြမ်းခင်းနှင့် လက်ရန်းအမျိုးအစား မုန်းချောင်းတံတား(ပွင့်ဖြူ) အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တည်ဆောက်ပြီးစီးသည့် မုန်းချောင်းတံတား(ပွင့်ဖြူ)အား မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် စလင်းမြို့နယ်တို့မှ ဘက်စုံထူးချွန်လူရည်ချွန် ငါးဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တံတားကမ္ပည်း ကျောက်စာတိုင်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားအနီးလမ်းဘေးတွင် အရိပ်ရပန်းအလှပင်များ စုပေါင်းစိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုန်းချောင်းတံတား(ပွင့်ဖြူ)အား လိုက်လံကြည့်ရှုခဲ့ကြပြီး**(အောက်ပုံ)** တံတားပေါ် ဖြတ်သန်းမောင်းနှင် သွားလာသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် စီးနင်းသူများကို ယာဉ်အန္တရာယ်ကင်းဝေးစွာ မောင်းနှင်သွားလာနိုင်ရေး ယာဉ်စည်းကမ်းဆိုင်ရာ ပညာပေး စတေကာကပ်ခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါ မုန်းချောင်းတံတား(ပွင့်ဖြူ)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားအထူးအဖွဲ့(၅)ဆိပ်ဖြူ မှ ၂၀၁၇ ခုနှစ် မေ ၂၁ ရက်မှစတင်ကာ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တံတားအမျိုးအစားမှာ 1.2m Bored Pile အုတ်မြစ်၊ PC Girder သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ကြောင်း၊ တံတားအရှည် ပေ ၁၃၀၀ ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေနှင့် လမ်းဘေး(ဝဲ၊ယာ) လူသွားလမ်းအကျယ် သုံးပေ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်ကြောင်းနှင့် ယာဉ်တစ်စီးချင်း ခံနိုင်ဝန်တန် ၆၀ ဖြတ်သန်းမောင်းနှင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင် ရွှေမြို့ မွေးမြူရေးဇုန်(၂) လုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံ

တပ်ကုန်း ဇွန် ၁၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့်အတူ တပ်ကုန်းမြို့နယ် ရွှေမြို့ မွေးမြူရေးဇုန်(၂) ရှင်းလင်းရေးဆောင်သို့ ရောက်ရှိပြီး နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ဝင်း၊ နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာစံထွန်းဝေ၊ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးဘုန်းမြတ်သူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မွေးမြူရေးဇုန်ကော်မတီဝင်များ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူများအား တွေ့ဆုံ၍ မွေးမြူရေးခြံအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက စူပါကောင်း နို့စားနွားမွေးမြူရေးခြံ၊ ယူနီစန်ဒေသနွားမွေးမြူရေးခြံ၊ အောင်ချမ်းသာနို့စားနွားမွေးမြူရေးခြံနှင့် နို့ပေါင်းစက်(နို့ပြုပြင်ထုတ်လုပ်ရေးစက်ရုံ)သို့ သွားရောက်ပြီး မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများနှင့် စားကျက်မြေဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါမွေးမြူရေးဇုန်သည် တပ်ကုန်းမြို့နယ် သပြေချောင်းကျေးရွာအုပ်စု ရန်ကုန်-မန္တလေးကားလမ်းဟောင်းဘေးတွင် ၂၀၀၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၇၁ ဒသမ ၃၃ ဧကကျယ်ဝန်းကြောင်း သိရသည်။

တင်စိုးလွင်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ စည်ကားစွာကျင်းပ

ရန်ကုန် ဇွန် ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် ရန်ကုန်မြို့ရှိ ပြည်သူများနှင့် အဖွဲ့အစည်းများက နေရာအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့ မြို့တော်ခန်းမအနီးရှိ မဟာဗန္ဓုလပန်းခြံအတွင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရုပ်ပုံကားချပ်ကြီးကို လူဦးရေ ၇၄၀ ဖြင့် ပုံဖော်ကာ မွေးနေ့ဆုမွန်ကောင်းတောင်းကြသည်။

အစီအစဉ်တင်ဆက်သူ ကိုမောင်မောင်အေးက "ဒီအထိမ်းအမှတ်ပွဲကို အမေ ဒေါ်အောင်ဆန်းစုကြည်ကို ချစ်မြတ်နိုးကြတဲ့ ပြည်သူတွေ စုပေါင်းပြီး ပြုလုပ်ကြတာပါ။ အမေ့စုအတွက် သက်တော်ရာကျော်ရှည်စေဖို့ ဆုတောင်းကြတယ်။ ဒီပွဲအပြီးမှာတော့ လာရောက်ကြတဲ့ သူတွေအနေနဲ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို အလှူငွေတွေ လှူဒါန်းချင်တဲ့ သူတွေအတွက် အလှူငွေတွေ စုပေါင်းလိုက်တာ ကျပ်သိန်းတစ်ရာကျော် ရပါတယ်။ အဲဒီအလှူငွေတွေကိုတော့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်း ထံ အပ်နှံလိုက်ပါတယ်" ဟု ပြောသည်။

ညပိုင်းတွင် ဗိုလ်တထောင်စေတီတော် ရင်ပြင်တော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့ မင်္ဂလာအထိမ်းအမှတ်အဖြစ် ပြည်သူများ စုပေါင်းကာ ဆီမီး ၇၄၀၀ ကပ်လှူပူဇော်ပြီး မွေးနေ့ဆုမွန်ကောင်းတောင်းမှုများ ပြုလုပ်ကြရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် ရန်ကုန်မြို့ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်တို့ တက်ရောက်ကြသည်။

အလားတူ ရန်ကုန်မြို့၏ ရပ်ကွက်များတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် စတုဒိသာ ကျွေးမွေးခြင်းများနှင့် အထိမ်းအမှတ်အခမ်းအနားများကို ပြည်သူများ စုပေါင်းပြုလုပ်ကြကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့မဟာဗန္ဓုလပန်းခြံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမြို့မြို့အနယ်နယ်၌ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ

ကျိုက်ထို

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ ရွှေသောင်ကွင်းလမ်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံက တက်ရောက်လာသည့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်သူများကို သတ်မှတ်နေရာများတွင် စိုက်ပျိုးနိုင်ရန် သစ်ပင်များကို ပေးအပ်ကာ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ အဆိုပါစိုက်ပျိုးခဲ့သည့် သစ်ပင်များမှာ ကျွန်း ၅၀၊ မဟော်ဂနီ ၅၀၊ မယ်ဇယ် ၅၀၊ မန်ဂျန်ရှား ၁၀၀၀၊ ပင်လည်ကဗွီး ၁၀၀၀၊ ကုက္ကို၊ ပိတောက်၊ မယ်ဇလီ ၅၀ စုစုပေါင်း အပင်ရေ ၂၂၀၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

ရပ်စောက်

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ရပ်စောက်မြို့ အင်းခေါင်းကန်ပတ်လမ်းဘေးတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းသင်းကြိုင်တို့က ပျိုးပင်များကို ပေးအပ်ကြပြီး တာဝန်ရှိသူများက လက်ခံစိုက်ပျိုးကြသည်။ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း ၆၀၀၊ ခါတော်မီ ၇၀၀၊ ထောပတ် ၁၀၀၊ သရက် ၁၀၀ စုစုပေါင်း ၁၅၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မူမြစော (ပြန်/ဆက်)

မကွေး

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၂၅ မြို့နယ်တွင် သစ်ပင်ပေါင်း ၁၅၀၀၀ ကျော်ကို ဇွန် ၁၉ ရက်က တစ်ရက်တည်း အပြီးစိုက်ပျိုးခဲ့ကြောင်း တိုင်းဒေသကြီးသစ်တောဦးစီးဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်တွင် သစ်ပင် ၁၃၀၀၊ ပခုက္ကူခရိုင်တွင် သစ်ပင် ၅၅၀၀၊ မင်းဘူးခရိုင်တွင် သစ်ပင် ၁၈၄၀၊ သရက်ခရိုင်တွင် သစ်ပင် ၂၆၉၀၊ မကွေးခရိုင်တွင် သစ်ပင် ၃၉၄၀ စုစုပေါင်း သစ်ပင် ၁၅၂၇၀ ကို တစ်ရက်တည်း၊ တစ်ချိန်တည်း၌ နယ်ပယ်ပေါင်းစုံပါဝင်သည့် ပြည်သူလူထုအားဖြင့် စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ဇေယျာတု(မကွေး)

ပြည်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် ယနေ့နံနက်ပိုင်းက စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။ အဆိုပါ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို ပြည်မြို့ အောင်မြင်ဗာဟု ကြိုးပြင်ကာကွယ်တော သဘာဝတောထိန်း(ပင်မစခန်း) အနီး၌ ပြုလုပ်ခြင်းဖြစ်ပြီး သစ်ပင်စိုက်ပျိုးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ စုစုပေါင်း ၇၀၀ ခန့်က ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ မန်ဂျန်ရှား၊ ယူကလစ်နှင့် ရေတမာ အစရှိသည့် ပျိုးပင်ပေါင်း ၁၈၀၀ ကို ပျော်ရွှင်စွာ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မျိုးကျော်ကြီး(ပြန်/ဆက်)

မိုးကောင်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပွဲတော်ကို ယနေ့ နံနက် ၉ နာရီက မိုးကောင်းမြို့၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းနှင့် တက်ရောက်လာကြသူများက ယခုနှစ်တွင်စတင်ပွင့်မည့် သပြေဘူတအပင်ကြီးသုံးရာ၊ စိန်ပန်းပင်တစ်ရာနှင့် ငုရွှေဝါပင်တစ်ရာတို့ကို မိုးကောင်းမြို့တွင်း ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်နှင့် မိုးကောင်းမြို့တော်ခန်းမရှေ့အထက(၁)နှင့်(၂) ရှေ့နှင့် တိုင်းရင်းဆေးရုံရှေ့တို့တွင် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ဝင်းနိုင်(ကချင်မြေ)

ညောင်ဦး

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက် ၈ နာရီက ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာအဝင်လမ်းတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဇီးအိုကျေးရွာမှ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံရပ်မိရပ်ဖများ စုစုပေါင်း ၅၀၀ ကျော်ခန့် တက်ရောက်ကြပြီး ဇီးအိုကျေးရွာအဝင်လမ်း၊ လမ်းဘေး(ဝဲ၊ ယာ)တွင် အပူဒဏ်ကာကွယ်နိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေးအတွက် ကျွန်းပင် ၉၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ဇွန် ၁၉ ရက် နံနက်ပိုင်းက တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့တွင် စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပစဉ်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဖောက်လုပ်သည့် နိုင်လွန်ကတ္တရာလမ်းသစ် ဖွင့်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး စိုးကြည်ခင်တို့က နိုင်လွန်ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

မန္တလေး ဇွန် ၁၉

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၄)နှစ်ပြည့် မွေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၈ လမ်း၊ ၇၃ လမ်းနှင့် ၇၈ လမ်းကြားရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီက အဆိုပါလမ်းထိပ်ရှိ မုခ်ဦးတွင် ကျင်းပသည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီး စိုးကြည်ခင်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းဦးစီး ဗိုလ်မှူးကြီးတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်း ဓာတ်ပုံရိုက်ကာ ကတ္တရာလမ်းအား ဖြတ်သန်းကြည့်ရှုကြသည်။

အဆိုပါလမ်းသစ်ဖွင့်ပွဲတွင် မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်က "ဒီလမ်းသစ်ဟာ လမ်းတစ်ခုမှာရှိသင့်တဲ့ အစိတ်အပိုင်းအားလုံးကို ပြည့်စုံအောင် ထည့်သွင်းထားတဲ့ စံပြလမ်းတစ်ခု ဖြစ်ပါတယ်။ ဆက်လက်ပြီး ဒီ ၃၈ လမ်းကို အနောက်ဘက် ၈၉ လမ်းအထိ တိုးချဲ့သွားမယ့်အပြင် အရှေ့ဘက်မှာလည်း ၆၉ လမ်းအထိ လမ်းချဲ့ပေးသွားမှာဖြစ်တဲ့အတွက် မန္တလေးအတွက် အရှေ့နဲ့ အနောက်ကို ဆက်သွယ်ပေးမယ့် လမ်းတစ်ခုဖြစ်လာမှာပါ"ဟု ပြောကြားသည်။

အဆိုပါလမ်းသစ်အား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ငွေကျပ် ၁၂၁၁ ဒသမ ၁၇၆ သန်းခန့် အကုန်အကျခံကာ ၂၀၁၈ ခုနှစ် မေ ၈ ရက်က စတင်ဖောက်လုပ်ခဲ့ပြီး ယခု ၂၀၁၉ ခုနှစ် မေ ၃၁ ရက်တွင် ပြီးစီးခဲ့သည်။ လမ်းသစ် ဖောက်လုပ်နိုင်ခဲ့ခြင်းကြောင့် မြို့တော်နေပြည်သူများ၏ ယာဉ်ကြောကျပ်တည်းမှုကိုလျှော့ချကာ သွားလာရေး အဆင်ပြေလွယ်ကူစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနိုင်လွန်ကတ္တရာလမ်းသစ်သည် အရှည် ပေ ၂၆၆၀၊ အကျယ် ပေ ၆၀ ရှိပြီး တစ်ဖက်လျှင် ခြောက်ပေအကျယ်ရှိ Stamped Concrete ပလက်ဖောင်း အမျိုးအစားများ ခင်းကျင်းထားသည့်အပြင် ရေမြောင်းအကျယ်မှာ တစ်ဖက်လျှင် နှစ်ပေစီ တည်ဆောက်ထားကြောင်းနှင့် လမ်းတစ်လျှောက်တွင် မီးပွိုင့်များ၊ Puma Bitumen က လှူဒါန်းထားသည့် လမ်းမီးတိုင် ၆၀၊ ခွဲခြားစွန့်ပစ်နိုင်သည့် အမှိုက်ပုံးများနှင့် သင်္ဂဟဖောင်ဒေးရှင်းက လှူဒါန်းထားသည့် စိန်ပန်းနီပင် ၁၀၈ ပင်အား စိုက်ပျိုးထားကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

E-Ticket စနစ်ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်အောင် ပထမဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်နေ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်မြို့တွင်း ခရီးစဉ်အကွာအဝေး အပေါ် မူတည်၍ ငွေဖြတ်တောက်မည့် E-Ticket စနစ်ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်အောင် ပထမဦးစားပေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ရုံးတွင် ယနေ့ပြုလုပ်သော မီဒီယာများနှင့် တွေ့ဆုံပွဲတွင် တွဲဖက်အတွင်းရေးမှူးက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။ E-Ticket အသုံးပြုသည့်အခါ ငွေကြေးဖြတ်တောက်မှုစနစ်နှင့် ပတ်သက်၍ "ခရီးအကွာအဝေးပေါ် မူတည်ပြီး ငွေကောက်ခံ ဖြတ်တောက်ရမှာဖြစ်တဲ့အတွက် ယာဉ်တစ်စီးပေါ်မှာ စက်နှစ်လုံး တပ်ဆင်ရမှာ ဖြစ်ပါတယ်။ အတက်နေရာနဲ့ အဆင်းနေရာမှာပါ။ ခရီးသည်က တက်လာတဲ့အခါ E-Ticket နဲ့ အတက်စက်မှာ တစ်ကြိမ်စာရင်းသွင်းရမှာဖြစ်ပြီး ဆင်းမယ့်နေရာမှာ နောက်ထပ်တစ်ကြိမ် ထပ်မံစာရင်းသွင်းရပါမယ်။ အဲဒီအတက် အဆင်း အကွာအဝေးပေါ် မူတည်ပြီး သတ်မှတ်ထားတဲ့ ငွေကြေးကို ဖြတ်တောက်ကောက်ခံသွားမှာ ဖြစ်ပါတယ်။ အဲဒီလို ကောက်ခံနိုင်ဖို့အတွက် တစ်ကီလိုမီတာ စီးနင်းရင် ဘယ်လောက်နှုန်းထား သတ်မှတ်ရမယ်ဆိုတာကို ပညာရှင်တွေက တွက်ချက်မှုတွေ လုပ်ဆောင်နေပါပြီ" ဟု YRTA တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

တွက်ချက်မှုများ ပြုလုပ်လျက်ရှိ

အဆိုပါစနစ်ကို အကောင်အထည်ဖော်ရာတွင် နည်းပညာများ၊ ဌာနဆိုင်ရာများနှင့် ဥပဒေဆိုင်ရာအပိုင်းများ ပါဝင်သောကြောင့် လိုအပ်သောသဘောတူညီမှုများ၊ တွက်ချက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

စက်များတပ်ဆင်ရာတွင် ရှေ့ပြေးအနေဖြင့် အစိုးရမှ ရှယ်ယာထည့်ဝင်ထားသော ကားများနှင့် ကုမ္ပဏီပိုင် ကားများဖြစ်သော ကားအစီးရေ ၂၀၀၀ တွင် စတင်တပ်ဆင်အသုံးပြုရန် စီစဉ်ထားပြီး ဖြစ်ကြောင်း သိရသည်။

ပြည်သူများလက်အတွင်း ကတ်များ မပြန့်မီအချိန်အထိ ငွေပုံးစနစ်ကို ဆက်လက်ထားရှိပေးမည်ဖြစ်ပြီး ဘတ်စ်ကား အဆင့်မြင့်မှတ်တိုင်များအနီး၌လည်း ကတ်များရောင်းချသွားရန် စီစဉ်လျက်ရှိကာ ကတ်အသုံးပြု၍ ခရီးသွားမည့်သူများအတွက် အလွယ်တကူဝယ်ယူရရှိနိုင်အောင် စီမံဆောင်ရွက်ထားကြောင်း သိရသည်။ **ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-ထိန်လင်း**

✽ *ကျောဖုံးမှ*

အကြောင်းက ဈေးသူဈေးသားတွေ တောင်းဆိုမှုတွေရှိပြီး သဘောမတူမှုတွေကြောင့်ပါ။ ဈေးဟောင်းမှာ ဆိုင်ခန်းခနှုန်းထားက ငွေကျပ် ၄၅၀၀၊ ၆၀၀၀၊ ၇၂၀၀ နဲ့ ၁၇၅၀၀ ဆိုပြီး ဆိုင်ခန်းငှားရမ်းခအဖြစ် ပေးဆောင်လျက်ရှိပြီး ငါးပေပတ်လည်မှ ၁၀×၂၅ ပေထိ ဆိုင်ခန်းအကျယ်အဝန်းလိုက် ဈေးများဌာနက ကောက်ခံပါတယ်" တည်းကုန်းဈေးဟောင်းမှ ဈေးတာဝန်ခံ ဦးသန်းထွဋ်က ပြောသည်။

အသိပေးကြေညာ

တည်းကုန်းဈေးဟောင်းရှိ ဈေးတာဝန်ခံရုံးတွင် ဈေးဟောင်းမှ ဈေးသည်များ ဈေးသစ်သို့ ပြောင်းရွှေ့ရောင်းချရာ၌ ဆိုင်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ လက်ရှိဈေးများဌာနမှ ထုတ်ပေးထားသော ဆိုင်ငှားမှတ်ပုံတင်စာအုပ်များကို ဆက်လက်အသုံးပြုစေမည်ဖြစ်ပြီး ဆိုင်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဆိုင်ငှားအမည်ပြောင်းခြင်း၊ ဆိုင်းဘုတ်တပ်ဆင်ခြင်း၊ တစ်ဆင့်ငှားခြင်း စသည့်ကိစ္စများကို လက်ရှိဈေးများဌာနမှ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်စီမံဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးနှင့် ဈေးများလုပ်ငန်းတာဝန်ခံအဖွဲ့မှ အသိပေးကြေညာထားပြီး ဇွန် ၁၉ ရက်မှစ၍ ပြောင်းရွှေ့ရောင်းချနိုင်ပြီဖြစ်ကြောင်းကိုလည်း ဈေးတာဝန်ခံရုံးမှ အသိပေးကြေညာထားလျက်ရှိသည်။

နေရာချထားပေးရန်အဆင်သင့်လုပ်ဆောင်

"ဈေးဟောင်းကဆိုင်တွေ ဈေးသစ်ကို မရွှေ့ချင်တော့ ကျွန်တော်တို့ အကြိမ်ကြိမ် ညှိနှိုင်းခဲ့တာ ခုနစ်ကြိမ်လောက်ရှိတယ်။ အဓိကဆိုင်ခန်းနေရာဈေးနှုန်းကို တတ်နိုင်သလောက် လျှော့ချပေးခဲ့တယ်။ လပေး ငွေကျပ် ၁၅၀၀၀ နဲ့ ညှိနှိုင်းခဲ့တယ်။ ဆိုင်ခန်း ပိုင်ဆိုင်ပြီး ပြန်ငှားစားတဲ့သူတွေက ဒီဈေးသစ်မှာ မရောင်းလိုကြဘူး။ ငှားရောင်းတဲ့ သူကတော့ပြဿနာမရှိပေမယ့် ဆိုင်ခန်းပိုင်ဆိုင်တဲ့သူတွေအတွက် ပိုင်ဆိုင်မှုပျောက်မှာကို စိုးရိမ်နေကြတာ။ ဈေးဟောင်းမှာရထားတဲ့ ဆိုင်ခန်းအတိုင်း ပုံစံချပေးထားတယ်။အခန်းမှတ်ပုံတင်ဖို့ ဆောင်ရွက်ပေးနေတာ နံနက်ပိုင်းမှာ ငါးဦးတော့ စာရင်းသွင်းတာ တွေ့တယ်။ စည်ပင်က သတ်မှတ်ထားတာက ဇွန် ၂၁ ရက်နေ့ နောက်ဆုံးပြောင်းရွှေ့မှုအဖြစ် သတ်မှတ်လုပ်ဆောင်နေပါတယ်။ ကျွန်တော်တို့က နေရာချထားပေးဖို့ အဆင်သင့်လုပ်ဆောင်ပေးရတဲ့အပိုင်းပါ"ဟု တည်းကုန်းဈေးသစ်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က ပြောသည်။

ဆက်လက်တည်ဆောက်ရန်လျာထား

တည်းကုန်းဘူတာနှင့် ကပ်လျက်ရှိသည့် တည်းကုန်းဈေးကို ၂၀၀၃ ခုနှစ် ဇွန် ၂၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဈေးအတွင်း၊ အပြင် သန့်ရှင်းမှု မရှိသောကြောင့် ဝင်လမ်းထွက်လမ်းကောင်းမွန်၍ ယာဉ်ရပ်နားစခန်း၊ ရေ၊ မီး အဆင်သင့်ဆောင်ရွက်ထားသည့် တည်းကုန်းဈေးသစ်ကြီးသို့ ပြောင်းရွှေ့ရန် စည်ပင်သာယာမှ ဆောင်ရွက်ခြင်း ဖြစ်သည်။ ရန်ကုန်မြို့နေပြည်သူတို့ နေ့စဉ်စားသုံးနိုင်ရန် သီရိမင်္ဂလာသီးနှံဈေးနှင့် တည်းကုန်းသီးနှံဈေးဟူ၍ ဈေးနှစ်ဈေးရှိပြီး ဈေးသစ်သို့ ပြည်မြို့တစ်လျှောက်နှင့် မှော်ဘီ၊ တိုက်ကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ နေ့စဉ်ဝင်ရောက်လျက်ရှိကာ အအေးခန်းများပါရှိသော အလတ်စား ဈေးရုံများ၊ နိုင်ငံတကာသို့ ထုပ်ပိုးတင်ပို့နိုင်သော အအေးခန်းများ၊ စူပါမားကက်၊ ဟိုက်ပါမားကက်နှင့် စားသောက်ဆိုင်တန်းများ ဆက်လက်တည်ဆောက်ရန် လျာထားကြောင်းလည်း သိရသည်။

ရင်ဖွင့်ပြောကြား

"ဟိုဘက်ဈေးသစ်ကို ဘယ်သူမှ မပြောင်းဘူး။ မပြောင်းချင်တာက ဆိုင်ခန်းခ ၁၀ ဆလောက်ကွာ နေတယ်။ ဈေးသစ်မှာ လိုက်လျောမှုနဲ့ ပေးထားတာက တစ်လ ငွေကျပ်နှစ်သောင်း။ တစ်နှစ်ချင်းကို ဈေးနှုန်းက တက်သွားမှာ။ စည်ပင်ကို ငွေကျပ်သုံးသိန်းနဲ့ ဒမန်းဆိုင်ခန်းအတွက် သွင်းရပေမယ့် ငွေကျပ် ၁၅ သိန်း၊ ငွေကျပ်သိန်း ၃၀ နဲ့ ၂၀၁၂ မှာ ဝယ်ခဲ့ကြရတာ။အခုဆိုရင် ငွေကျပ်သိန်း ၈၀၊ ၁၀၀ ဈေးပေါက်ခဲ့တယ်။ ၁၈ နှစ်အတွင်းမှာ ကိုယ်ပိုင်ဆိုင်ခန်းဖြစ်ဖို့ ငွေကျပ်သိန်း ၅၀၊ ၆၀ ပေးပြီး ကြိုးစားခဲ့ရတာ။ အခုလက်ရှိက လက်မဲ့ဖြစ်မယ့်အနေအထားကို ဘယ်သူမှ မသွားချင်ကြဘူး။ ဒီဈေးရုံကို ဈေးသူဈေးသားတွေပဲ ခေါင်မိုးက အစမိုးပြီး ဒုက္ခခံခဲ့ရတာ။ ဈေးသူဈေးသားတွေ ဆန္ဒက ဒီနေရာမှာ ဗိုလ်ချုပ်ဈေးလို ပြန်ဆောက်ပြီး နစ်နာတဲ့ ဆိုင်ခန်းတွေ အစားပြန်ပေးနိုင်ရင် လက်ခံဖို့ရှိမယ်။ အရောင်းအဝယ်အဆင်မပြေတဲ့ ခေတ်ကာလမှာ သူတို့တောင်းတဲ့ ဆိုင်ခန်းခလည်း ပေးနိုင်မှာ မဟုတ်ဘူး"ဟု တည်းကုန်းဈေးဟောင်းမှ ကုန်စိမ်းရောင်းသူ ဒေါ်မီးမီးက ရင်ဖွင့်ပြောကြားသည်။

အသိပေးနှိုးဆော်

တည်းကုန်းဈေးသစ်ကြီးတွင် ဈေးဟောင်းမှဈေးသည်များ ပြောင်းရွှေ့ရောင်းချနိုင်ရန် ဒမန်းဆိုင်ခန်း ၄၆၇ ခန်းနှင့် ပျံကျဆိုင်ခန်း ၆၂၀ အတွက် ပြင်ဆင်ထားရှိပြီး ဈေးရုံ(၁)သစ်သီးတန်းတွင် ဆိုင်ခန်းပေါင်း ၁၁၂၀၊ ဈေးရုံ(၂) တောင်သူပျံကျဈေးရုံတွင် ဆိုင်ခန်း ၃၃၆၀ နှင့်ဈေးရုံ(၃) ကုန်မျိုးစုံကုန်ခြောက်တန်းတွင် ဆိုင်ခန်း ၁၁၂၀ တို့ဖြင့် ၂၄ နာရီ အသင့်ရောင်းချရန် တည်ဆောက်ထားကာ ဈေးရုံ(၂)တွင် ဟင်းသီးဟင်းရွက်နှင့် သီးနှံဆိုင်ခန်း ၁၅၀၀ ခန့် နေ့စဉ်ရောင်းချလျက် နေ့ပိုင်းရောင်းချပါက ငွေကျပ် ၉၀၀၊ ညပိုင်းရောင်းချပါက ငွေကျပ် ၈၀၀ နှင့် လပေးအဖြစ် ငွေကျပ် ၅၀၀၀၀ သွင်း၍ ၅ ပေ ပတ်လည်နှင့် ၅×၈ ဆိုင်ခန်းနေရာများ သတ်မှတ်ထားကြောင်းနှင့် ဇွန် ၁၉ ရက်မှစ၍ သုံးရက် အတွင်းကုမ္ပဏီမှ ဆောက်လုပ်ထားသည့် အဆင့်မြင့်တည်းကုန်းဈေးကြီးသို့ ပြောင်းရွှေ့ရောင်းချရန် စည်ပင်သာယာဈေး တာဝန်ခံရုံးမှ အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

၁၆၄

လက်ပံပင်စု(မူလွန်)ကျောင်းနှင့် ကျောင်းကုန်း(မူလတန်း)ကျောင်းတို့တွင် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့က ကျောင်းစာကြည့်တိုက်များ ပံ့ပိုးဖွင့်လှစ်

ကြို့ပင်ကောက် ဇွန် ၁၉

ကလေးငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရှိ ကျောင်းကုန်းကျေးရွာ(မူလတန်း)ကျောင်းရှိ ကလေးစာဖတ်ခန်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းနှင့် လက်ပံပင်စု(မူလွန်)ကျောင်းရှိ ကလေးစာဖတ်ခန်းကို မွန်းလွဲပိုင်းတို့တွင် ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့က ပံ့ပိုးဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ကလေးစာဖတ်ခန်းများတွင် ကလေးစာပေ ၅၇၃ အုပ်၊ စာအုပ်စင်ကြီး နှစ်ခု၊ စာဖတ်စားပွဲ နှစ်လုံး၊ ပုံပြင်ပြောခြင်း အစီအစဉ်ဆောင်ရွက်နိုင်ရန် စက္ကူပြဇာတ်သေတ္တာနှင့် ထောက်တိုင်၊ စာဖတ်ခန်းအတွင်းခင်းရန် ဖယောင်းပုဆိုးတို့ကို ကနဦးကူညီပံ့ပိုးဖွင့်လှစ်ပေးခဲ့သည်။ ဆက်လက်၍ စာဖတ်ခန်းအသုံးပြုနိုင်မှု အပေါ်မူတည်ကာ စာအုပ်စာစောင်များနှင့် စာဖတ်ခန်းသုံးဆက်စပ်ပစ္စည်းများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ထံမှ သိရသည်။

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲများကို ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA)မှ ဒါရိုက်တာ Ms. Aki Nakahara နှင့် ညှိနှိုင်းရေးမှူး Ms.Kyoko Ito၊ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံး ပြည်မြို့ရုံးခွဲမှ ဦးစီးအရာရှိ ဒေါ်မဋ္ဌူအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ဝင်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ဝင်းလေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

စာကြည့်တိုက်ဖွင့်ပွဲများတွင် မြို့နယ်အတွင်းရှိ ကျောင်းဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ပြီး ကလေးစာဖတ်ခန်းများကို လေ့လာကြည့်ရှုသည်

ဇေယျာထွန်း(ကြို့ပင်ကောက်)

ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း သတင်းစာပညာသင်တန်းဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံသတင်းစာအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းက သတင်းစာပညာသင်တန်း(ကျင့်ဝတ်နှင့်ဥပဒေ)များ ပို့ချရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းများတွင် ဝါရင့်သတင်းစာပညာရှင်ကြီးများ၊မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)နှင့် ရန်ကုန်တိုင်းဒေသကြီးမှ သတင်းစာဆရာကြီးများ၊ ဝါရင့်ဥပဒေပညာရှင်ကြီးများက သတင်းသမားများ စောင့်ထိန်းလိုက်နာရမည့် သတင်းမီဒီယာကျင့်ဝတ်များ၊ သတင်းသမားများ သတင်းရေးသားဖော်ပြရာတွင် သိရှိထားသင့်သော တည်ဆဲဥပဒေများကို စာတွေ့လက်တွေ့ ပို့ချပေးကြမည်ဖြစ်သည်။

ပထမအကြိမ် ဖွင့်လှစ်မည့် သတင်းစာပညာသင်တန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းအမှတ် ၂၁၂ ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အစည်းအဝေးခန်းမ၌ ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး သင်တန်းချိန်မှာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကြောင်း သိရသည်။

ဇွန်လအတွင်း ဖွင့်လှစ်မည့်သင်တန်းသို့ သာကေတ၊ ကျောက်တန်း၊ သန်လျင်၊ ဒလနှင့် တွံတေးမြို့နယ်တို့မှ လက်ရှိသတင်းမီဒီယာများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အသင်းဝင်သတင်းသမား ၃၀ ခန့် တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းချိန် အပြည့်အဝတက်ရောက်ခဲ့ကြသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

မြို့နယ်များ၌ မူးယစ်ဆေးဝါးအသိပညာပေး

အင်းစိန်

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲကို ပိန္နဲကုန်းရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၆ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်က ဟောပြောပွဲ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) က “ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့်” ဟောပြောသည်။ ဟောပြောပွဲတွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်၊ ဓာတ်ပုံတို့ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသခဲ့သည်။

ဉာဏ်လင်း

အလုံ

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ်အဖြစ် ပန်းချီ၊ ကာတွန်းနှင့် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၈ ရက်က အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၆) အလုံမြို့နယ်တို့၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ အလုံမြို့နယ် အခြေခံပညာကျောင်းများမှ အထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကျင်းပရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းနှင့် အလုပ်အမှုဆောင်များက လှည့်လည်ကြည့်ရှုအားပေးကြသည်။

တင်မောင်ဦး (အလုံ)

တည်ငြိမ်မှုမရှိသည့် စပါးဈေးကွက်ကြောင့် တောင်သူများအကျိုးအမြတ်နည်းပါးသော်လည်း မိုးစပါးစိုက်ပျိုးရာတွင် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်လာကြ

ရေတာရှည် ဇွန် ၁၉

စပါးစိုက်ပျိုးလျှင် အကျိုးအမြတ်နည်းပါးနိုင်ကြောင်း သိရှိကြသော်လည်း တောင်သူများမှာ မိရိုးဖလာတောင်သူလုပ်ငန်းကိုမစွန့်လွှတ်နိုင်သေးသည့်အတွက် ယခုဆိုလျှင် မိုးစပါးများကို စတင်စိုက်ပျိုးလျက်ရှိနေပြီး ကုန်ကျစရိတ်သက်သာအောင် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိကြသည်ကို တွေ့ရှိရသည်။

“စိုက်ရင်ရှုံးမယ်ဆိုတာကိုတောင်သူတိုင်း သိကြတယ်။ ဒါပေမယ့် ကိုယ့်မြေကိုယ့်ယာဆိုတော့ ဘိုးစဉ်ဘောင်ဆက်ကတည်းက စပါး၊ ကိုင်းသီးနှံတွေကို စိုက်ပျိုးလာကြတာ။ စွန့်လွှတ်ဖို့ မလွယ်ဘူးလေ။ နိုင်ငံတော်အပိုင်းက ခိုင်မာတဲ့ဈေးကွက်ကို ဖန်တီးပေးနိုင်မယ်ဆိုရင် တောင်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စရာ ရှိပါတယ်။ အခုအခြေအနေမှာတော့ များသောအားဖြင့် လယ်ယာလုပ်ငန်းကို စွန့်ခွာကုန်ကြပြီ။ နိုင်ငံခြားတွေကိုထွက် အလုပ်လုပ်ကြတယ်။ နိုင်ငံတွင်းမှာပဲ ဖားကန့်၊ တာချီလိတ်၊ မော်ချီး၊ သံဖြူဇရပ်ဘက်တွေကို ရွှေ့ပြောင်းအလုပ်လုပ်ကြတာ များတယ်” ဟု ဆွာမင်းလမ်းကျေးရွာ အုပ်စုတံတားကြီး ကျေးရွာနေ တောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

မိုးစပါးစိုက်ပျိုးရာတွင် ကနဦး ကျွဲ၊ နွားဖြင့် လည်းကောင်း၊ ထွန်စက်၊ လက်တွန်းထွန်စက်ငယ်များဖြင့် ထယ်ရေပြုပြင်ခြင်း၊ လယ်ကန်သင်းဆယ်ခြင်း၊ ပေါင်းရှင်းခြင်း၊ စပါးမျိုးဝယ်ယူခြင်း၊ ကြဲပက်ခြင်း အစရှိသည့်လုပ်ငန်းများ၌ လယ်ယာလုပ်ငန်းကို လုပ်ကိုင်နိုင်သည့် လုပ်သားရှားပါးခြင်းမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားသည့်အခြေအနေနှင့် တောင်သူများရင်ဆိုင် ကြုံတွေ့နေကြရလေသည်။

“တစ်ရက်လုပ်ခ ငွေကျပ် ၅၀၀၀ ပေးတယ်။ ထမင်းကျွေးရတယ်။ ဒါပေမယ့် လုပ်မယ့်သူက မလုပ်ချင်ကြဘူး။ အချို့ရွာတွေဆိုရင် ကန်သင်းပေါက်တာတို့၊ ပေါင်းယမ်းတာတို့ကို အမျိုးသမီးတွေ ငှားပြီး လုပ်ကြရတာ တွေ့ရတယ်” ဟု ဆက်လက်ပြောသည်။



မိုးစပါးစိုက်ပျိုးရန်အတွက် ထွန်ယက်နေမှုကို တွေ့ရစဉ်။

စိုက်ပျိုးရေး လုပ်ငန်းများတွင် သွင်းအားစု ကုန်ကျစရိတ်ကိုလျှော့ချနိုင်ရန် မိုးရေဖြင့်လယ်တမန်းရရှိအောင် ထွန်စက်ဖြင့် အထပ်ထပ်ထွန်ယက်ခြင်းထက် ထွန်စက်ဖြင့်ပင် ကန်သင်းဆယ်ခြင်း၊ ထယ်ထိုးကာ စပါးမျိုးအခြောက်ကို ကြဲပက်ခြင်းနှင့် စက်ဖြင့်ခုတ် ပြန်ဖုံး၍ အပြီးစိုက်ပျိုးကြသည်ကို တွေ့ရှိရသည်။

သန်းလွင်

China Eastern Airlines ရှန်ဟိုင်း - ရန်ကုန် တိုက်ရိုက်ခရီးစဉ် ပြေးဆွဲပျံသန်းမှုစတင်

ရန်ကုန် ဇွန် ၁၉

China Eastern Airlines ရှန်ဟိုင်း - ရန်ကုန်တိုက်ရိုက်ခရီးစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ယနေ့နံနက်ပိုင်းမှ စတင်၍ တိုက်ရိုက်ပြေးဆွဲပျံသန်းနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ China Eastern Airlines ၏ ရှန်ဟိုင်း - ရန်ကုန်တိုက်ရိုက် ခရီးစဉ်သစ်အတွက် Airbus 320 အမျိုးအစားလေယာဉ်ကို အသုံးပြုကာ ဇွန် ၁၈ ရက်မှ စတင်၍ တစ်ပတ်လျှင် သုံးကြိမ်ပျံသန်းပြေးဆွဲသွားမည် ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သော ရန်ကုန်မြို့နှင့် တရုတ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ရှန်ဟိုင်းမြို့အကြား တိုက်ရိုက်ပျံသန်းပြေးဆွဲချိန်မှာ ၄ နာရီ မိနစ် ၅၀ သာကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

၀၁၉

နံရံကပ်စာစောင် ဓာတ်ပုံပြပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၁၉ ခုနှစ် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာစီစာကုံးဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၌ ကျင်းပရာ ဆုရကျောင်းသားကျောင်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပူတာအိုမြို့ ဖတ်မာဇွတ်ကျေးရွာအနီး၌ အေဒီ ၁၅ ရာစုခန့်က ရှေးဟောင်းစေတီတော်နှင့် ဘုရားများတွေ့ရှိ

ပူတာအို ဇွန် ၁၉

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ရှေးဟောင်းဘုရားများ တွေ့ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်များအရ မြို့နယ် သံဃနာယကအဖွဲ့၊ ခမ်းတီးလုန် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ရပ်မိရပ်ဖများဇွန် ၂ ရက်က ဖတ်မာဇွတ်ကျေးရွာ ဖတ်မာချောင်းအနီး သွားရောက်ကြည့်ရှုရာ ရှေးဟောင်းစေတီတစ်ဆူ၊ ယင်းစေတီအနီးရှိ ဝါးတောတွင် တစ်ဆူတွေ့ရှိပြီး ရှေးဟောင်းစေတီတစ်ဆူမှာ ဌာပနာများ မလုံခြုံမှုကြောင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးပြုသောအဖွဲ့က ဌာပနာများ ဖော်ထုတ်ပြီး လန်းနို(၂)ဘုန်းကြီးကျောင်းတွင် ခေတ္တကိန်းဝပ်စံပယ်လျက်ရှိကြောင်း ခရိုင်သာသနာရေးမှူး ဦးဝင်းရွှေထံမှ သိသည်။

၎င်းရှေးဟောင်းစေတီပုထိုးများ၊ ဌာပနာများသည် အေဒီ ၁၅ ရာစုခန့်က ရှမ်းလုပ်ခွန်စော်ဘွား စောပလန်းယွတ်မြို့တည်နေထိုင်ခဲ့စဉ်က တည်ထားကိုးကွယ်ခဲ့သောဘုရားများ ဖြစ်ကြောင်း၊ ယခုအခါ လီဆူတိုင်းရင်းသားများသာ နေထိုင်ကြပြီး လွန်ခဲ့သောနှစ်များကပင် ရွှေရောင်ခြည်တော်များ လွှတ်နေကြောင်း ပြောကြားချက်ကြောင့် ဒေါ်မြလေးသိန်း၏အိပ်မက်နှင့် ဆက်စပ်ကာ ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ဒေသအာဏာပိုင်များနှင့် ရှေးဟောင်းသုတေသနထံတင်ပြထားပြီး ပြုပြင်မွမ်းမံနိုင်ရေး ဖော်ထုတ်တူးဖော်နိုင်ရေး ဆောင်ရွက်ထားကြောင်း သိရသည်။

ဆန်းညွန့်(ပူတာအို)

ကောလင်း၌ လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲ ကျင်းပ

ကောလင်း ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူကုန်ကူးမှုအသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သဇင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်အေးအေးလွင်က လူကုန်ကူးခြင်းဆိုင်ရာဥပဒေများအကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မြို့နယ်စခန်းမှူး ဒုတိယရဲမှူး ငွေမျိုးမြင့်နီက လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသားကျောင်းသူများက သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဂျပန်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ် မြဝတီမြို့တွင် ရိုက်ကူး

မြဝတီ ဇွန် ၁၉

ဂျပန်နိုင်ငံ Nippon BS ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် "သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ်" အတွက် ရုပ်သံရိုက်ကူးခြင်းကို ယမန်နေ့က ထိုင်း- မြန်မာနယ်စပ်ရှိ မြဝတီမြို့တွင် ပြုလုပ်ကြသည်။

မြဝတီမြို့တွင် ရိုက်ကူးစဉ် လမ်းတစ်လျှောက်ရှိ လူနေထိုင်မှုပုံစံများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ တိုင်းရင်းသားရိုးရာအထည်ဆိုင်များ၊ ရိုးရာစားသောက်ဆိုင်များနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းတို့ကို ရိုက်ကူးခြင်းဖြစ်သည်။

အဆိုပါ အဖွဲ့သည် သုံးနိုင်ငံနယ်စပ်ဖြတ်ကျော် ခရီးသွားအစီအစဉ်အဖြစ် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံ နယ်စပ်တို့တွင်လည်း အလားတူရိုက်ကူးခဲ့ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားနှင့် အောင်မင်္ဂလာအဝေးပြေးကားဂိတ်တို့တွင်လည်း ရိုက်ကူးခဲ့ပြီးဖြစ်ကြောင်း။

မြဝတီမြို့ ဘုရင့်နောင်ဈေးရှိ တိုင်းရင်းသားရိုးရာဆိုင်တွင် ဈေးဝယ်နေခြင်း ရိုက်ကူးနေမှုကို တွေ့ရစဉ်။

ယင်းရိုက်ကူးမှု အစီအစဉ်အား ဂျပန်နိုင်ငံ Nippon BS ရုပ်သံလိုင်း၏ ခရီးသွားအစီအစဉ်တွင် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၁၉

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မုဒုံမြို့တွင် ၅ ဒသမ ၄၇ လက်မ၊ မော်လမြိုင်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ စစ်တွေမြို့နှင့် ချောင်းဆုံမြို့တို့တွင် ၄ ဒသမ ၀၆ လက်မစီ၊ သထုံမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ပေါင်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ လပွတ္တာမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ ရေးမြို့တွင် ၃ ဒသမ ၄၂ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် ပလက်ဝမြို့တွင် ၂ ဒသမ ၄၈ လက်မတို့ဖြစ်ကြသည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မနက်ဖြန်နံနက်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ





နိုင်ငံအနှံ့မှ နွမ်းပါးသော ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၁၀၀၀ ကို IKBZ အာမခံနှင့် Lesswalk အဖွဲ့တို့ ပူးပေါင်းလှူဒါန်းသွားမည်

ရန်ကုန် ဇွန် ၁၉

နိုင်ငံအနှံ့မှ နွမ်းပါးသော ကျောင်းသား ကျောင်းသူများ၏ ပညာရေးကဏ္ဍတွင် အထောက်အကူပြုနိုင်ရန် စက်ဘီးအစီး ၁၀၀၀ ကို IKBZ အာမခံကုမ္ပဏီ၏ ခြောက်နှစ်ပြည့်အထိမ်းအမှတ် ပြည်သူလူထု အကျိုးပြုဆောင်ရွက်မှုအဖြစ် ပြည်တွင်းပရဟိတအဖွဲ့တစ်ခုဖြစ်သည့် Lesswalk နှင့်ပူးပေါင်း၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဦးစားပေး၍ လှူဒါန်းသွားမည်

စက်ဘီးများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများနှင့် ကောင်းမွန်သည့် လမ်းပန်းဆက်သွယ်ရေး လမ်းကြောင်းမရှိသော ကျေးလက်ဒေသများမှ ကျောင်းသားကျောင်းသူများအား ဦးစားပေး၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ အချို့ကျေးလက်ဒေသများတွင် ကလေးများသည် ကျောင်းသို့ လမ်းလျှောက်သွားရန် အချိန်တစ်နာရီနှင့် အထက် ကြာမြင့်ရာ ထိုကလေးများသည် စက်ဘီးရှိပါက အချိန်ပိုများရရှိလာမည်ဖြစ်၍ ကျောင်းစာသင်ယူလေ့လာရန် အချိန်ပို၍ ရရှိစေမည်ဖြစ်ကြောင်း၊ အချို့ဒေသများတွင် ကျောင်းနှင့် အိမ်အလှမ်းဝေးသဖြင့် ကျောင်းထွက်လိုက်ရသည့် ကလေးများလည်းရှိရာ ယခုလို လှူဒါန်းခြင်းကြောင့် ကျောင်းထွက်ရသည့်နှုန်းကိုလည်း လျော့ကျစေရန် ရည်ရွယ်ကြောင်း IKBZ အာမခံကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ ဦးညိုမြင့်က ပြောကြားသည်။

အလှူရှင်များနှင့် ပူးပေါင်း

IKBZ နှင့် ပူးပေါင်း၍ စက်ဘီးများ လှူဒါန်းသည့် Lesswalk အဖွဲ့အနေဖြင့် ပြည်တွင်းမှ ကျောင်းသား ကျောင်းသူများအား စက်ဘီးများ လှူဒါန်းနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း စက်ဘီးအစီးရေ တစ်သောင်းအထိကို ပြည်တွင်းမှ အလှူရှင်များနှင့် ပူးပေါင်း၍ လှူဒါန်းပေးသွားနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

ယခု IKBZ နှင့် Lesswalk တို့ ပူးပေါင်း၍ စက်ဘီးအစီးရေ ၁၀၀၀ လှူဒါန်းခြင်းမှာ ပထမဆုံးအကြိမ် ပူးပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း။

စက်ဘီးအစီးရေ တစ်သောင်းအထိ လှူဒါန်းပေးနိုင်ရန် အစီအစဉ်များရှိပြီး နိုင်ငံတကာမှ အလှူရှင်များ၏ ပံ့ပိုးမှုများအရ အစီးရေ တစ်သောင်းထက်လည်းပို၍ လှူဒါန်းနိုင်ရန် အစီအစဉ်ရှိကြောင်း Lesswalk တည်ထောင်သူ ဦးမိုက်ခ်သန်းထွန်းဝင်း၏ ပြောကြားချက်အရ သိရသည်။

လှူဒါန်းမည့် စက်ဘီးများကို နိုင်ငံအနှံ့ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ ဆရာ ဆရာမများ၏ အကြံပြုတောင်းဆိုချက်များနှင့် Lesswalk အဖွဲ့၏ ကွင်းဆင်းလေ့လာချက်များအပေါ် အခြေခံကာ အမှန်တကယ် ဆင်းရဲနွမ်းပါးပြီး ကျောင်းနှင့် အိမ်အလှမ်းဝေးသော ကျောင်းသား ကျောင်းသူများအား ဦးစားပေး၍ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲ ဩစတြေးလျနှင့် ဘရာဇီးအသင်းတို့ အနိုင်ရ

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ၂၀၁၉ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲကို ယမန်နေ့က ဆက်လက်ကျင်းပခဲ့ရာ အုပ်စု (C) မှ ဂျမေကာနှင့် ဩစတြေးလျ၊ အီတလီနှင့် ဘရာဇီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ဂျမေကာနှင့် ဩစတြေးလျအသင်းတို့ပွဲစဉ်တွင် ဩစတြေးလျအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အီတလီနှင့် ဘရာဇီးအသင်းတို့ပွဲစဉ်တွင် ဘရာဇီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဘရာဇီးအသင်းအတွက် ဒုတိယပိုင်းပွဲကစားချိန် ၇၄ မိနစ်တွင်ရရှိသော ပယ်နယ်တီကို အမှားအယွင်းမရှိ သွင်းယူနိုင်ခဲ့သည့် မာတာသည် ယခင် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် သွင်းဂိုးအများဆုံး (၁၆ဂိုး) ဖြင့် စံချိန်တင်ထားသူ ဂျာမနီတိုက်စစ်မှူး ကလိုဆေးကို ကျော်ဖြတ်ကာ ၁၇ ဂိုးဖြင့် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျွန်မာတာ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီ

မန်ယူကွင်းလယ်ကစားသမား ဂျွန်မာတာ (၃၁နှစ်) သည် အိုးထရက်ဖို့ဒ်၌ စာချုပ်သစ်ချုပ်ဆိုရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ မာတာသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ချယ်လ်ဆီးအသင်းမှ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး မန်ယူအသင်းအတွက် ၂၁၈ ပွဲတွင် ၄၅ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်ကြောင်း ဖော်ပြထားသည်။

ဂိုမက်ဇ်ကို အပြီးသတ်ခေါ်ယူရန် နီးစပ်လာသည့် အဲဗာတန်

အဲဗာတန်အသင်းသည် ဘာစီလိုနာအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား အန်ဒရီ ဂိုမက်ဇ် (၂၅နှစ်) ကို ပေါင် ၂၂ သန်းဖြင့် အပြီးသတ်ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။

ဇနီအိုလိုအတွက် ပေါင် ၆၂ ဒသမ ၄ သန်း အလိုရှိနေသည့် ရိုးမား

ရိုးမားအသင်းသည် တော့တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ရန်ချိတ်ဆက်ခြင်းခံနေရသော အီတလီကွင်းလယ်ကစားသမား ဇနီအိုလို (၁၉နှစ်) အတွက် ပေါင် ၆၂ ဒသမ ၄ သန်း အလိုရှိနေကြောင်း ကယ်လ်စီယိုမာကာတို၏ ဖော်ပြချက်အရ သိရသည်။

ပါရဲရိုးအား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ပီအက်စ်ဗွီအသင်းကို ချဉ်းကပ်

ဝက်ဖို့ဒ်အသင်းသည် ဥရုဂွေးကွင်းလယ်ကစားသမား ဂတ်စ်တွန် ပါရဲရိုး (၂၄နှစ်) အား ခေါ်ယူနိုင်ရေးနှင့်ပတ်သက်ပြီး ပီအက်စ်ဗွီအသင်းကို ချဉ်းကပ်မှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ဂစ်ဆင်အတွက် ဘက်ဆီးတပ်အသင်း၏ အငှားကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချ

ဘန်လေအသင်းသည် အင်္ဂလန်နောက်ခံကစားသမား ဘင် ဂစ်ဆင် (၂၆နှစ်) အတွက် ဘက်ဆီးတပ်အသင်း၏ အငှားကမ်းလှမ်းမှုတစ်ရပ်အား ပယ်ချလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

နေမာအား အပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားရန် ဆန္ဒရှိနေ

ပီအက်စ်ဂျီအသင်းသည် ဘရာဇီးတိုက်စစ်ကစားသမား နေမာ (၂၇နှစ်) အား အပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်သွားရန် ဆန္ဒရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အောင်ဇော်

လက်ရွေးစင်အသင်းများအတွက် နိုင်ငံတကာခြေစမ်းပွဲများကစားရန် စီစဉ်

ရန်ကုန် ဇွန် ၁၉

မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်နေသည့် လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အမျိုးသား၊ အမျိုးသမီးအသင်းများအတွက် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာဘောလုံးအသင်းများသည် ဇူလိုင်လမှ ဒီဇင်ဘာလအထိ နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးအသင်း၊ ယူ-၂၂ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသားအသင်း၊ ယူ-၁၅ အမျိုးသားအသင်း၊ ယူ-၁၉ အမျိုးသမီးအသင်းတို့မှာ ၂၀၁၉ လက်ကျန်ကာလများတွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်း သည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့် ခြေစစ်ပွဲ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၁၉ အာဆီယံ အမျိုးသမီးပြိုင်ပွဲနှင့် ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၂၂ အမျိုးသားအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၁၈ အမျိုးသားအသင်းသည် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲ၊ ယူ-၁၅ အမျိုးသားအသင်းသည် အာဆီယံ ယူ-၁၅ ပြိုင်ပွဲနှင့် အာရှ ယူ-၁၆ ခြေစစ်ပွဲ၊ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအောင်ထားသည့် အာရှ ယူ-၁၉ ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းများ ယှဉ်ပြိုင်ရမည့် ပြိုင်ပွဲတိုင်းနှင့် ခြေစစ်ပွဲများမှာ အရေးပါနေသောကြောင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲတစ်ခု မယှဉ်ပြိုင်မီတိုင်း နိုင်ငံတကာခြေစမ်းပွဲများ၊ ပြည်ပလေ့ကျင့်ရေးခရီးစဉ်များ သွားရောက်ကစားနိုင်ရန် စီစဉ်လျက်ရှိသည်။

ယင်းပြိုင်ပွဲများအနက် အာရှ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသားခြေစစ်ပွဲများကို အိမ်ရှင်အဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ လက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ရမည့် ကမ္ဘာ့ဖလားနှင့် အာရှဖလားခြေစစ်ပွဲမှာလည်း အိမ်ကွင်း၊ အဝေးကွင်းယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် အိမ်ကွင်းပွဲများကို ပရိသတ်များ ကြည့်ရှုအားပေးနိုင်မည်ဖြစ်သည်။

ညီမြတ်သော်တာ

မြန်မာကလပ် MIU အသင်း ယှဉ်ပြိုင်နေသည့် အာဆီယံဖူဆယ်ကလပ် အုပ်စုနောက်ဆုံးပွဲများ ယနေ့ကျင်းပမည်

ရန်ကုန် ဇွန် ၁၉

မြန်မာကလပ် MIU အသင်း ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၁၉ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဇွန် ၂၀ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်သည်။

အုပ်စုနောက်ဆုံးနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ထိုင်းကလပ် ချောင်ဘူရီအသင်းနှင့် ဗီယက်နမ်ကလပ် ဆန်နာတက်အသင်း၊ ညနေ ၃ နာရီခွဲတွင် မြန်မာကလပ် MIU အသင်းနှင့် ကမ္ဘောဒီးယားကလပ် Down Town အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇွန် ၁၉ ရက်က ကစားသည့်ပွဲများတွင် အုပ်စု (ခ) ၌ ကမ္ဘောဒီးယားကလပ် Down Town အသင်းက မလေးရှားကလပ် မီလာကာအသင်းကို ငါးဂိုး-လေးဂိုး၊ အုပ်စု (က) ၌ ဗီယက်နမ်ကလပ် ဆန်နာတက် အသင်းက အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ကမ္ဘောဒီးယားကလပ် Down Town အသင်း၏ အနိုင်ရလဒ်ကြောင့် အုပ်စု (ခ) တွင် MIU အသင်းနှင့် Down Town အသင်းသည် အုပ်စုနောက်ဆုံးပွဲ ကစားရန် ကျန်သေးသော်လည်း ဆီမီးဖိုင်နယ်တက်ရောက်သွားခဲ့ပြီး အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဇွန် ၁၉ ရက်ပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ဗီယက်နမ်ကလပ် ဆန်နာတက်အသင်းက တစ်ပွဲကစားသုံးမှတ်၊ ထိုင်းကလပ် ချောင်ဘူရီအသင်းက တစ်ပွဲကစား၊ တစ်မှတ်၊ အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်၊ အုပ်စု (ခ) ၌ မြန်မာကလပ် MIU အသင်းနှင့် ကမ္ဘောဒီးယားကလပ် Down Town အသင်းက တစ်ပွဲကစား ‌‌း သုံးမှတ်စီ၊ မလေးရှားကလပ် မီလာကာအသင်းက ပွဲကုန်နှစ်ပွဲကစား နှစ်ပွဲစလုံးရှုံးထားသည်။ ဆီမီးဖိုင်နယ်တက်ရောက်ရန် သုံးသင်း အဖြေထွက်ထားပြီး ယနေ့ကစားမည့် နောက်ဆုံးပွဲမှာ လက်ကျန်တစ်နေရာနှင့် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ညီမြတ်သော်တာ

အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ဘိလိယက်အားကစားပြိုင်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ဘိလိယက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အဖွဲ့ချုပ်လေ့ကျင့်ရေးရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အဆိုပါ ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ အားကစားသမား ခုနစ်ဦးက ပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြကြောင်း သိရသည်။ ယင်းပြိုင်ပွဲကို ဇွန်၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆုကြေးများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် စက်တင်ဘာ ၉ ရက်တွင် လက်ခံကျင်းပမည့် ကမ္ဘာ့ဘိလိယက်နှင့်စနူကာပြိုင်ပွဲကို မန္တလေးမြို့၌ကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - ကာအာစိုး

✪ ကျောဖုံးမှ

ကစားခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း အစိမ်းရောင်အသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့သောကြောင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်အသင်းသည် ပထမပိုင်းတွင် လေးဂိုးပြတ်အနိုင်ရနေပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးစီ အပြန်အလှန်သွင်းယူခဲ့သည်။ အစိမ်းရောင်အသင်းအတွက် ဂိုးများကို ဝင်းသီဂီထွန်းနှင့် ဂျူလိုင်ကျော်တို့က နှစ်ဂိုးစီ၊ လဲ့လဲ့လှိုင်နှင့် ခင်မိုးဝေတို့က တစ်ဂိုးစီ သွင်းယူပြီး အဝါရောင်အသင်းအတွက် ဂိုးများကို နုနုနှင့် ရီရီဦးတို့က တစ်ဂိုးစီ သွင်းယူခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ပြည်တွင်းခြေစမ်းခရီးစဉ်ကို ကစားသမား ၂၆ ဦးစလုံး ခေါ်ဆောင်သွားမည်ဖြစ်ပြီး ဇွန် ၂၈ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်သန်းသန်းထွေး၊ **ဂိုးနည်းပြ**-ဦးမြကိုမင်း၊ **ဂိုး**-ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ်၊ သန္တာဦး (မြဝတီ)၊ ခိုင်ဇာဝင်း (အား/ကာ)၊ **နောက်တန်း**- အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ အေးအေးမိုး၊ ခင်သန်းဝေ၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ ဖြူဖြူဝင်း (YREO)၊ **အလယ်တန်း**-ငယ်ငယ်ထွေး၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ သင်းသင်းယု၊ ခိုင်သဇင်ဦး (အား/ကာသိပ္ပံ)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ မေသူကျော် (မြဝတီ)၊ **ရှေ့တန်း**-ခင်မိုးဝေ၊ ဂျူလိုင်ကျော် (သစ္စာအားမာန်)၊ နုနု၊ ရီရီဦး (အား/ကာသိပ္ပံ)၊ ဝင်းသီဂီထွန်း (မြဝတီ)နှင့် မြတ်နိုးခင် (YREO) တို့ ပါဝင်ကြသည်။

သတင်း-ညီမြတ်သော်တာ

ပြစ်မှုကျူးလွန်သူ ခင်ဇော်၊ ဇော်ရဲနှင့် သက်သေခံပစ္စည်းများ။

မှော်ဘီမြို့တွင် အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သူနှစ်ဦးကိုဖမ်းမိ

ရန်ကုန် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်သူနှစ်ဦးကို ဇွန် ၁၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မှော်ဘီမြို့နယ် စမ်းချောင်းကျေးရွာနေ မ-----သည် ဇွန် ၁၇ ရက် နံနက် ၁ နာရီခန့်တွင် မှော်ဘီမြို့နယ် ရဲဘော်ဈေးပန်းခြံဝင်းအတွင်း ရည်းစားဖြစ်သူ ကို-----နှင့်အတူ ထိုင်နေစဉ် လူနှစ်ဦးရောက်ရှိလာပြီး ကို-----အား တုတ်ဖြင့်ရိုက်ပြီး လဲကျသွားစဉ် မ-------အား ဓားဖြင့်ချိန်ရွယ်ကာ ရဲဘော်ဈေးပန်းခြံအနောက်ဘက်သို့ ခေါ်ဆောင်သွားခဲ့သည်။ ယင်းနောက် မ------အား အလိုမတူဘဲ အဓမ္မပြုကျင့်ပြီး ထွက်သွားကြောင်း၊ အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မ-----က မှော်ဘီမြို့မရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့၏စုံစမ်းဖော်ထုတ်ချက်အရ ပြစ်မှုကျူးလွန်သူ ဇော်ရဲ (၂၄ နှစ်)နှင့် ခင်ဇော်(၂၁ နှစ်)တို့ကို ဇွန် ၁၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် ဖမ်းဆီးရမိပြီး အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ရဲပြန်ကြား

ရိခေါဒါရ်မြို့၌ တရားမဝင်ခိုးဝင်လာသူ သုံးဦး ဖမ်းဆီးရမိ

ရိခေါဒါရ် ဇွန် ၁၉

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ်ချောင်းမှ တရားမဝင် ခိုးဝင်လာသူ သုံးဦးအား ဇွန် ၁၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၀ မိနစ်ခန့်က ရိခေါဒါရ်မြို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ဖမ်းဆီးရမိကြောင်း သိရသည်။

ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးကျင်လမ်းခိုင်ဦးဆောင်မှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် တစ်ဖက်အိန္ဒိယနိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ နယ်စပ်ဖြတ်ကျော်၍ ခိုးဝင်လာ သူများရှိကြောင်း သတင်းရရှိပြီး မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် တီအိုချောင်းအနီး၌ စောင့်ဆိုင်းနေစဉ် နှစ်နိုင်ငံနယ်စပ်တံတား၏ မြောက်ဘက် တစ်ဖာလုံခန့်အကွာတွင် နယ်စပ်ချောင်းအား ဖြတ်ကျော်လာကာ အထောက်အထားမဲ့ ဝင်ရောက်လာသော အမျိုးသားတစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား တွေ့ရှိစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့သုံးဦးသည် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စီတောင်းကျေးရွာနေသူများဖြစ်ကြောင်း၊ ၎င်းတို့သည် ဘူးသီးတောင်မြို့နယ်မှ တစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားခရိုင် ကူတူအာလောင်ဒုက္ခသည်စခန်းသို့ သွားရောက်ခဲ့ပြီး ထိုမှတစ်ဆင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ် ဆီးရှားမြို့သို့လည်းကောင်း၊ မီဇိုရမ်ပြည်နယ် အိုင်ဇောလ်မြို့၊ ကျန်ဖိုင်းမြို့များနှင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် (အိန္ဒိယဘက်ခြမ်း) ဇိုခေါထာရ်ကျေးရွာအထိလည်းကောင်း ပွဲစားတစ်ဦးက လမ်းပြခေါ်ဆောင်လာ၍ မော်တော်ယာဉ်များဖြင့် အဆင့်ဆင့် ဖြတ်သန်းရောက်ရှိလာခဲ့ကြောင်း၊ ဇိုခေါထာရ် ကျေးရွာမှ ဇွန် ၁၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ ခန့်တွင် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ချောင်းအား ဖြတ်ကူးလာစဉ် ရိခေါဒါရ်မြို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဖမ်းဆီးရမိခြင်းဖြစ်ကြောင်းသိရသည်။

ရိခေါဒါရ်မြို့ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရာ ၎င်းတို့သုံးဦးအား မြန်မာနိုင်ငံဘက်မှ လာရောက်ကြိုဆိုသူကို ဇွန် ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ တွင် ရိခေါဒါရ်မြို့ အမှတ်(၁) ရပ်ကွက် အထက ကျောင်းရှေ့၌ ယာဉ်အမှတ် 9C/---- Tarrno ယာဉ်နှင့် တွေ့ရှိပြီး ကလေးမြို့ အောင်မြေမာန်ရပ်ကွက်နေ ဦးတင်လှိုင် (၅၀ နှစ်) ယာဉ်မောင်းဖြစ်ကာ ခိုးဝင်လာသူသုံးဦး ရိခေါဒါရ်မြို့သို့ ရောက်ရှိလာပါက ကလေးမြို့သို့ ခေါ်ဆောင်သွားမည်ဖြစ်ပြီး မန္တလေးမြို့နေ ဦးစိုးနိုင် (စုံစမ်းဆဲ) ဆိုသူက ကလေးမြို့မှတစ်ဆင့် ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း စုံစမ်းသိရှိရသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ တရားမဝင် ဝင်ရောက်လာသည့် ဆာဟာနဇ် အာမစ်ပါ သုံးဦး၊ ဦးတင်လှိုင်နှင့် မန္တလေးမြို့နေ ဦးစိုးနိုင် (စုံစမ်းဆဲ)တို့ နှစ်ဦးအား ရိခေါဒါရ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရိခေါဒါရ် (ပြန်/ဆက်)

ယာဉ်စည်းကမ်း၊
လမ်းစည်းကမ်းလိုက်နာခြင်း
လူသားအားလုံးအန္တရာယ်ကင်း။

ကျောက်ဆည်၊ တောင်ကြီးနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၉

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် နံနက် ၇ နာရီခွဲတွင် ကျောက်ဆည်မြို့ ဆည်ထိပ်ထန်းတောရပ်ကွက်နေ မင်းထက်လင်း (ခ)သားသား၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၅၃ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် ကွန်လုံကျေးရွာအုပ်စု ရေပူကျေးရွာအနီး ရွှေညောင်-ရပ်စောက်သွားလမ်းပေါ်တွင် တင်ရွှေမောင်းနှင်ပြီး ဒေါ်ခင်သက်နွယ် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀၀၊ လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် ဇွန် ၁၄ ရက် မွန်းလွဲပိုင်းက

သိမ်းဆည်းရမိသည့် ဟိုက်ဒရိုကလိုရစ်အက်ဆစ်နှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရစဉ်။

တပ်မတော်မှ မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာနေ ယားပါလျော၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်အတွင်းမှ ဟိုက်ဒရိုကလိုရစ်အက်ဆစ် ၁၆ လီတာနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ဇွန် ၁၅ ရက် ညနေပိုင်းတွင် တပ်မတော်မှ မိုင်းဆတ်မြို့နယ် ပူနားကို ကျေးရွာ-ရေအားလျှပ်စစ်သွား လမ်းဘေးတွင် ရပ်တန့်ထားသော Vigo အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

မူးယစ်ဆေးဝါးဖမ်းဆီးစဉ် ရဲတပ်ဖွဲ့ဝင်များအားဆိုင်ကယ်ဖြင့် ဝင်တိုက်ပြီး မောင်းနှင်ထွက်ပြေးသွားသဖြင့် သတိပေးပစ်ခတ်ဖမ်းဆီး

နေပြည်တော် ဇွန် ၁၉

ကောလင်းမြို့နယ် ရှောပင်ခြံကျေးရွာနှင့် အိုးမကျေးရွာသွားကားလမ်း၌ ယမန်နေ့ ညနေ ၄ နာရီခန့်က သူရကျော် ကောလင်းမြို့နယ် ကျောက်တန်းကျေးရွာနေသူ မောင်းနှင်ပြီး ဇင်ကို ကောလင်းမြို့နယ် ကြိုးကြာဥကျေးရွာနေသူ လိုက်ပါလာသည့် ဆိုင်ကယ်အား မူးယစ်ဆေးဝါးသတင်းအရ စစ်ဆေးရန် တားဆီးစဉ် ရပ်တန့်ခြင်းမရှိဘဲ ဖမ်းဆီးရေးအဖွဲ့အား ဆိုင်ကယ်ဖြင့် ဝင်တိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ခြေထောက်တွင် ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

ယင်းဆိုင်ကယ်မှာ ဆက်လက်မောင်းနှင်ထွက်ပြေးသောကြောင့် သတိပေးပစ်ခတ်ရာ နောက်ထိုင်လိုက်ပါသူ ဇင်ကို၏ ဝဲဘက်ခါးစောင်းကျည်ရှပ်ထိမှန်ဒဏ်ရာ တစ်ချက်(မစိုးရိမ်ရ)ရရှိပြီး ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၁၁ ဂရမ်၊ ဖုန်းတစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် (ဝဲပုံ) ကောလင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား

စလင်း၌ ညီအစ်ကိုချင်းစကားများရန်ဖြစ်ရာမှ အစ်ကိုဖြစ်သူသေဆုံး

စလင်း ဇွန် ၁၉

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကြို့ဝန်းကျေးရွာ၌ ယမန်နေ့ ညနေ ၃ နာရီခန့်က ညီအစ်ကိုချင်းစကားများရန်ဖြစ်ရာမှ အစ်ကိုဖြစ်သူ သေဆုံးသွားကြောင်း သိရသည်။

စလင်းမြို့နယ် ကြို့ဝန်းရွာနေ ထွန်းနိုင် (၃၈နှစ်) နှင့် ညီဖြစ်သူ ကျော်လင်းအောင် (၂၆ နှစ်)တို့ အိမ်ဝင်းအတွင်း မြေဖို့ရန်နှစ်အိမ်ကြားက ခြံစည်းရိုးကို မြေသယ်ကားဝင်နိုင်ရန် ခေတ္တဖယ်ရှားသော ကိစ္စနှင့်ပတ်သက်၍ အချင်းများကြရာ အစ်ကိုဖြစ်သူ ထွန်းနိုင်က ထင်းပိုင်းဖြင့် ညီဖြစ်သူ ကျော်လင်းအောင်အား ရိုက်ရာ ကျော်လင်းအောင်က ဝါးလုံးနှင့်ပြန်ရိုက်၍ ထွန်းနိုင် လဲကျသွားသည်။ ထပ်မံ၍ ကျော်လင်းအောင်က ငန်းပြားဖြင့် ထွန်းနိုင်အားရိုက်ရာ သေဆုံးသွားသဖြင့် ကျော်လင်းအောင်ကို စလင်းမြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူး သန်းဇော်က ဖမ်းဆီး အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

စစ်ကြည်(စလင်း)

မလှိုင်မြို့နယ်တွင် ဖုန်းဝယ်သူဟန်ဆောင်၍ ခိုးယူသူများအား ဖမ်းဆီးအရေးယူ

မလှိုင် ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်တွင် ဖုန်းဝယ်သူဟန်ဆောင်၍ ခိုးယူသူများအား ဖမ်းဆီးအရေးယူထားကြောင်း မလှိုင်မြို့မရဲစခန်းမှ သိရသည်။

မလှိုင်မြို့မြို့မဈေးမြောက်ဘက်တွင် ဖွင့်လှစ်ထားသည့် Smile Less ဖုန်းနှင့် ဖုန်းပစ္စည်းအရောင်းဆိုင်တွင် ဇွန် ၁၆ ရက် ညနေ ၅ နာရီခန့်က ဆိုင်ရှင်ဖြစ်သူ ဦးလှမျိုးသန့် ထိုင်နေစဉ် အမျိုးသားနှစ်ဦး ဆိုင်အတွင်း ဝင်လာပြီး ဖုန်းဟန်းဆက်ဝယ်ယူမည်ဟုပြောသဖြင့် အရောင်းဝန်ထမ်းက ဟန်းဆက်သုံးလုံး ထုတ်ပြခဲ့သည်။

ထို့နောက် အဆိုပါ အမျိုးသားနှစ်ဦးက ဟန်းဆက်များကို ကြည့်နေစဉ် အခြားဈေးဝယ်သူအား ရောင်းချနေရာ အမျိုးသားနှစ်ဦး ထွက်သွားခဲ့ပြီး ဟန်းဆက်သုံးလုံးအနက်မှ Huawei Y5 အမျိုးအစား ဖုန်းတစ်လုံးပျောက်သွားခဲ့သဖြင့် ဆိုင်ရှင်ဖြစ်သူက ဇွန် ၁၇ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် အမှုဖွင့်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဟန်းဆက်ခိုးယူသူ နှစ်ဦးအား မလှိုင်မြို့မရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၈ ရက် နံနက်တွင် ဟန်းဆက်ခိုးယူသူ ရဲမင်းနိုင်နှင့် ဇေယျာချေအောင်(ခ) ဖက်တီးတို့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၆-၂၀၁၉ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ - Breakfast News
- ၉:၃၀ - လှပစုံလင်အာဆီယံတစ်ခွင်
- ၉:၄၀ - "ယုံကြည်မှုနှင့်အောင်မြင်မှုကို တည်ဆောက်သူမသဇင်ဝင်း"
- ၁၀:၃၀ - မုန်တိုင်းအတွက်ဘာတွေပြင်ဆင်နိုင်မလဲ
- ၁၂:၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (လျှပ်စီးအန္တရာယ်)
- ၁၂:၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၅)

ညပိုင်း

- ၁၆:၂၀ - မူးလျှင်မမောင်းနှင့်မောင်းလျှင် မမူးနှင့်
- ၁၆:၃၅ - Soccer View
- ၁၆:၅၀ - "မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်လျော့ချရေးလူထုအသံ" (အပိုင်း-၂)
- ၁၇:၂၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၁၀၆)
- ၁၇:၃၅ - လူမှုစီးပွားမြင်ကွင်းများ
- ၁၇:၅၅ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
- ၁၈:၂၀ - "အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်" (နားထောင်ဆွေးနွေးကူညီစို့)
- ၁၈:၃၀ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၈:၅၅ - အန္တရာယ်ကြီးမားမူးယစ်ဆေးဝါး
- ၁၉:၂၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၂၆) (ပြေဇင်၊ ဖူးစုံ၊ မင်းသူ၊ ရဲမွန်၊ သဇင်) (ဒါရိုက်တာ-ဘိုသန့်)
- ၂၀:၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ - "မြန်မာနိုင်ငံယှဉ်ပြိုင်မှုဥပဒေ၊ နည်းဥပဒေများနှင့်တရားမျှတသောစီးပွားရေးယှဉ်ပြိုင်မှုများ"
- - "တံခါးမှူးဒွတ္တသို့တမ်းချင်း" (ချမ်းသာ(သစ္စာမေတ္တာ ရွှေမန်းသဘင်)နှင့်အဖွဲ့သူ၊ အဖွဲ့သားများ) (ဒါရိုက်တာ-မြတ်ခိုင်)
- - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၂) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ တင်ငြိမ်း(ရှမဝ)

အီရန်နှင့် အမေရိကန်ကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ပက်ထရစ်ရှာနာဟန် ကာကွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုလျာထားခံရာမှ ရုတ်တရက်နုတ်ထွက်

ဝါရှင်တန် ဇွန် ၁၉

အမေရိကန်နိုင်ငံ၏ ယာယီကာကွယ်ရေးဝန်ကြီး ပက်ထရစ်ရှာနာဟန်သည် ကာကွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုလျာထားခံရာမှ ရုတ်တရက်နုတ်ထွက်သွားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

ပက်ထရစ် ရှာနာဟန်နေရာတွင် အမေရိကန်ကာကွယ်ရေးဌာန စစ်ဘက်ဆိုင်ရာဝန်ကြီး မာ့ခ်အက်စ်ပါကို အစားထိုး တာဝန်ပေးသွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ထရမ့်က ပြောသည်။

မာ့ခ်အက်စ်ပါသည် လက်ရှိရာထူးနေရာတွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစကာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရသည်။ ယင်းမတိုင်မီ ၎င်းသည် ကာကွယ်ရေးဆိုင်ရာ အဓိကကန်ထရိုက်ကုမ္ပဏီတစ်ခုဖြစ်သည့် ရေသီယွန်ကုမ္ပဏီတွင် ခုနစ်နှစ်ကြာ အလုပ်လုပ်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးအဖြစ် ပက်ထရစ်ရှာနာဟန်ကို ခန့်အပ်ရန် အမေရိကန်အထက်လွှတ်တော်က အတည်မပြုပါက မာ့ခ်အက်စ်ပါသည် ကာကွယ်ရေးဝန်ကြီးဖြစ်လာနိုင်စရာရှိကြောင်း ယခင်ကတည်းက ခန့်မှန်းထားခဲ့ကြသည်။

ယာယီကာကွယ်ရေးဝန်ကြီးမှ ရုတ်တရက်နုတ်ထွက်သွားသည့်အပေါ် ပက်ထရစ်ရှာနာဟန်က မိသားစုနှင့် အတူနေချိန်ပိုရချင်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ပက်ထရစ်ရှာနာဟန်နှင့် ၎င်း၏ ယခင်အိမ်ထောင်ကြား ကိုးနှစ်ကြာ အိမ်တွင်းရေးဆိုင်ရာ အငြင်းပွားနေသည့်ကိစ္စကို အမေရိကန်ပြည်ထောင်စု ထောက်လှမ်းရေးဗျူရို (အက်ဖ်ဘီအိုင်) ကလည်း စုံစမ်းနေကြောင်း သိရသည်။

အီရန်နှင့် အမေရိကန်ကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုလျာထားခံရာမှ ရုတ်တရက်နုတ်ထွက်သွားခဲ့သူ ပက်ထရစ်ရှာနာဟန်။

အီရန်နှင့် အမေရိကန်ကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ပက်ထရစ်ရှာနာဟန် ကာကွယ်ရေးဝန်ကြီးအဖြစ် အဆိုပြုလျာထားခံရာမှ ရုတ်တရက်နုတ်ထွက်သွားခဲ့ခြင်း ဖြစ်သည်။ **အေအက်ဖ်ပီ**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဒုတိယသက်တမ်းအတွက် မဲဆွယ်

ဝါရှင်တန် ဇွန် ၁၉

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၂၀၂၀ ရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ရန် ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့တွင် ယမန်နေ့က မဲဆွယ်စည်းရုံးမှုများ လုပ်ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

အမေရိကန်နိုင်ငံ၏ သမ္မတရာထူးကို ဒုတိယသက်တမ်းအတွက် တရားဝင်မဲဆွယ်ရန် ပြည်သူများရှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း အော်လန်ဒိုမြို့ အမ်ဝေးလ်စင်တာခန်းမတွင် သမ္မတထရမ့်က ပြောကြားခဲ့သည်။

အဆိုပါ မဲဆွယ်စည်းရုံးပွဲတွင် နိုင်ငံ၏ စီးပွားရေး၊ လူဝင်မှုကြီးကြပ်ရေးမူဝါဒများနှင့် ကုန်သွယ်ရေးချဉ်းကပ်ပုံအကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းပြောကြားခဲ့ပြီး ပြည်ထောင်စုတရားရုံးများကို ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်ပြီး ၎င်း၏ လုပ်ဆောင်ချက်များကို ထရမ့်က ပြောကြားခဲ့သည်။

သမ္မတက ၎င်းအပေါ် နိုင်ငံရေးအရ ဆန့်ကျင်နေမှုများ၊ အချို့သောသတင်းဌာနများ၏ ဝေဖန်မှုများနှင့် အမေရိကန်ရွေးကောက်ပွဲတွင် ရုရှားကြားဝင်စွက်ဖက်ခြင်း ရှိမရှိနှင့် ပတ်သက်ပြီး မတ်လကအဆုံးသတ်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများနှင့် သက်ဆိုင်သော ကိစ္စရပ်များအပါအဝင် အခြားကိစ္စရပ်များကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

အိမ်ခြံမြေသူဌေးကြီး ထရမ့်သည် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲတွင် ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီ သမ္မတလောင်း ဟီလာရီကလင်တန်ကို အနိုင်ရခဲ့ပြီး အမေရိကန်နိုင်ငံ၏ ၄၅ ဦးမြောက် သမ္မတဖြစ်လာခဲ့သည်။

ထရမ့်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှစကာ သမ္မတရာထူးတာဝန် စတင်ထမ်းဆောင်ခဲ့ပြီး ယင်းနေ့တွင်ပင် ဒုတိယသမ္မတသက်တမ်းအတွက် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံသို့ ခွင့်ပြုချက်တင်သွင်းခဲ့ကြောင်းလည်း သိရသည်။

ဆင်ဟွာ

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်။

ဂျပန်နိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲငလျင်များနှင့် မြေပြိုမှုများကို သတိထားရန် နှိုးဆော်ထား

တိုကျို ဇွန် ၁၉

ယမန်နေ့က အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့သော ဂျပန်နိုင်ငံ စီရင်စုနှစ်စုတွင် ဇွန် ၁၉ ရက်က မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မြေပြိုမှုများ ဖြစ်ပွားနိုင်သောကြောင့် မိုးလေဝသအရာရှိများက အဆိုပါစီရင်စုများရှိ ဒေသခံပြည်သူများအား သတိဖြင့်နေထိုင်ရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

နီအိဂါတာနှင့် ရာမာဂါတာစီရင်စုများတွင် ငလျင်လှုပ်ခတ်မှုနှင့် ဇွန် ၁၉ ရက်က ရွာသွန်းသောမိုးကြောင့် ယင်းဒေသရှိ မြေများမှာ ပြိုကျမှုပိုမိုဖြစ်ပွားနိုင်ကြောင်း မိုးလေဝသအရာရှိများက သတိပေးပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ ရာမာကာတာစီရင်စု ဂျပန်ကမ်းရိုးတန်းကမ်းလွန်တွင် ယမန်နေ့က ပြင်းအား ၆ ဒသမ ၇အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ ပြင်းအား ၆ အဆင့်ထက်ကျော်လွန်သော ငလျင်တစ်ခု နီအိဂါတာစီရင်စု၊ မူရာကာမီမြို့တွင် လှုပ်ခတ်ခဲ့ကြောင်းသိရသည်။ ထို့အပြင် ယင်းဒေသများတွင် အလားတူ ပြင်းအား ၆ အဆင့်ကျော်လွန်သောငလျင်များ လာမည့် ရက်သတ္တပတ်အတွင်း လှုပ်ခတ်နိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် နီအိဂါတာ၊ ရာမာဂါတာ၊ အီရှိကာဝါနှင့် မီယာဂီစီရင်စုများတွင် စုစုပေါင်း လူ ၂၆ ဦး ဒဏ်ရာရရှိခဲ့ပြီး ရာမာဂါတာနှင့် နီအိဂါတာစီရင်စုများတွင် နေအိမ် ၉၂၃၂ လျှပ်စစ်မီးများပြတ်တောက်ခဲ့ပြီး ဇွန် ၁၉ ရက်တွင် မီးပြန်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆူနာမီသည် ရာမာဂါတာ၊ နီအိဂါတာ၊ တိုယာမာနှင့် အီရှိကာဝါစီရင်စုကမ်းရိုးတန်းဒေသများတွင် တစ်ကြိမ်ခန့်ဝင်ရောက်နိုင်ကြောင်း ဆူနာမီအကြံပေးအဖွဲ့က သတိပေးခဲ့သည်။ နီအိဂါတာ ဆိပ်ကမ်းတွင် လှိုင်းအမြင့် စင်တီမီတာ ၁၀ ခန့် မြင့်တက်လာခဲ့ကြောင်း တိုင်းထွာရရှိခဲ့သည်။ **အေအက်ဖ်ပီ၊ ဆင်ဟွာ**

ရုရှားနှင့် တရုတ်နိုင်ငံက မြောက်ကိုရီးယားသို့ ရေနံတင်ပို့မှုရပ်ဆိုင်းမည့်အစီအစဉ်ကို အချိန်ဆွဲ

မော်စကို ဇွန် ၁၉

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးယူပိတ်ဆို့မှုကော်မတီအနေဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ သန့်စင်ပြီးရေနံများ တင်ပို့နေမှုကို ချက်ချင်းရပ်ဆိုင်းပစ်ရန် အမေရိကန်က လိုလားနေသော်လည်း ရုရှားနှင့် တရုတ်နိုင်ငံတို့က ယင်းတောင်းဆိုမှုကို အချိန်ဆွဲလျက်ရှိကြောင်း သိရသည်။

မြောက်ကိုရီးယားသည် နိုင်ငံအတွင်း ဓာတ်ဆီများနှင့် အခြားသော သန့်စင်ပြီးရေနံထွက်ကုန်များကို မှောင်ခိုထုတ်ခြင်းဖြင့် နှစ်စဉ်ကန့်သတ်ထားသည့် ပမာဏကိုကျော်လွန်ခဲ့ကြောင်း အမေရိကန်က ပြောကြားခဲ့သည်။ ရေနံများ မှောင်ခိုထုတ်မှုကို သင်္ဘောတစ်စင်းမှ တစ်စင်းသို့ လွှဲပြောင်းခြင်းဖြင့် ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

သို့သော်လည်း ရုရှားနှင့် တရုတ်နိုင်ငံတို့က ယင်းအဆိုကို လက်ခံယုံကြည်ခြင်း မရှိပေ။ ၎င်းတို့အနေဖြင့် ပိုမိုတိကျခိုင်မာသည့် အချက်အလက် အထောက်အထားများရရှိရန် လိုလားနေပြီး ကော်မတီအနေဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများဆီသို့ တိုက်ရိုက်ညွှန်ကြားချက်ထုတ်ပြန်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ မဟာမိတ်ဖြစ်သည့် ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်က မြောက်ကိုရီးယားအပေါ် အရေးယူပိတ်ဆို့ရန် အမေရိကန်က လုပ်ဆောင်ခဲ့သည့် အလားတူကြိုးပမ်းမှုကိုလည်း ကန့်ကွက်ခဲ့ကြသည်။ ယင်းအချိန်က အမေရိကန်သည် ဂြိုဟ်တုမှ ဖမ်းယူထားသည့် သတင်းဓာတ်ပုံများကို အထောက်အထားဖော်ပြခဲ့ပြီး သင်္ဘောဖြင့် ကုန်စည်များလွှဲပြောင်းမှုတွင် တရုတ်နှင့် ရုရှားသင်္ဘောများပါဝင်ခဲ့ကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

မြောက်ကိုရီးယားကို တောင်ကိုရီးယား ဆန်တန်ချိန် ၅၀၀၀၀ ကူညီမည်

ဆိုးလ် ဇွန် ၁၉

မြောက်ကိုရီးယားနိုင်ငံ၏ အစားအစာကျပ်တည်းမှုကို ကူညီဖြေရှင်းရန် တောင်ကိုရီးယားအစိုးရက ဆန်တန်ချိန် ၅၀၀၀၀ တင်ပို့ပေးမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀၀ကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ တစ်ဆင့် ဖြစ်နိုင်သမျှ မြန်မြန်တင်ပို့ပေးမည်ဖြစ်ကြောင်း တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီး ကင်ယုံချူလ်က ဇွန် ၁၉ ရက်တွင် ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတစ်ခုတွင် သတင်းထောက်များကို ပြောခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားကင်းစင်ရေးနှင့်ပတ်သက်သည့် မည်သည့်လုပ်ဆောင်မှုမှ ရှေ့တိုးလုပ်ဆောင်ခြင်း မရှိသောအခြေအနေတွင် တောင်ကိုရီးယားနိုင်ငံ၏ ဆန်တန်ချိန် ၅၀၀၀၀ ထောက်ပံ့မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း အချို့က ဝေဖန်မှုများရှိနေကြောင်း သိရသည်။

အသက်ရှင်သန်ရေး ကြိုးစားရုန်းကန်နေရသော မြောက်ကိုရီးယားပြည်သူများအတွက် ယခုလိုကူညီမှုသည် အနည်းငယ်မျှသော ကူညီမှုသာဖြစ်ကြောင်း တောင်ကိုရီးယား ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက ပြောသည်။ **အင်န်အိတ်ချ်ကေ**

၂၀၂၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏လူဦးရေ တရုတ်ကိုကျော်လွန်မည်

ဂျီနီဗာ ဇွန် ၁၉

၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ ၉ ဒသမ ၇ ဘီလီယံသို့ တိုးလာမည်ဖြစ်ကြောင်း၊ နောက်နှစ်ပေါင်း ၃၀ အတွင်း နှစ်ဘီလီယံ ထပ်မံတိုးတက်လာဖွယ်ရှိကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သော ကုလသမဂ္ဂအစီရင်ခံစာအရ သိရသည်။

လက်ရှိတွင် ကမ္ဘာ့လူဦးရေ ၇ ဒသမ ၇ ဘီလီယံရှိကြောင်း သိရသည်။ ကမ္ဘာ့လူဦးရေတွင် မွေးစကလေးသေဆုံးမှုကျဆင်းလာခြင်းနှင့် လူ့သက်တမ်းပိုမိုမြင့်မားလာသည့်အတွက် သက်ကြီးရွယ်အိုပမာဏ ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း ၂၀၁၉ ခုနှစ် ကမ္ဘာ့လူဦးရေ ခန့်မှန်းချက်အစီရင်ခံစာအရ သိရသည်။

၂၀၅၀ ပြည့်နှစ်တွင် အသက် ၆၅ နှစ်အရွယ်အုပ်စုသည် တိုးတက်မှုနှုန်းမြန်လာပြီး ကမ္ဘာပေါ်တွင် လူခြောက်ဦး၌ အသက် ၆၅ နှစ်ကျော်အရွယ်တစ်ဦးရှိလာမည်ဖြစ်ကြောင်း၊ ၂၀၂၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ လူဦးရေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံကိုကျော်လွန်ကာ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံဖြစ်လာမည်ဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

အင်ဒိုနီးရှားနိုင်ငံက ၂၀၂၁ ခုနှစ်တွင် မြို့တော်သစ်တည်ဆောက်မည်

ဂျကာတာ ဇွန် ၁၉

အင်ဒိုနီးရှားနိုင်ငံသည် လာမည့် ၂၀၂၁ ခုနှစ်တွင် မြို့တော်သစ်တည်ဆောက်မည့် စီမံကိန်းစတင်ရန် စီစဉ်နေပြီး စီမံကိန်းအတွက် လိုအပ်သော ဘတ်ဂျက်ငွေကို လာမည့် ၂၀၂၀ ဘတ်ဂျက်ထဲတွင် ထည့်သွင်းတောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဘတ်ဂျက်ငွေဖြင့် မြို့တော်သစ်ဒီဇိုင်းရေးဆွဲမှုတွင် ငွေကြေးသုံးစွဲသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းဝန်ကြီး ဘမ်ဘန်ဘရိုဂျိုနီဂိုရိုက ဇွန် ၁၈ ရက်က ပြောကြားခဲ့သည်။ မြို့တော်သစ်ကို Kaklimantan ကျွန်းပေါ်တွင် တည်ဆောက်မည်ဖြစ်သည်ဟု ဆိုသည်။ မြို့တော်သစ်သည် ၂၀၂၄ ခုနှစ်တွင် စတင်အသက်ဝင်လာလိမ့်မည်ဟု ၎င်းက ဆိုသည်။

မြို့တော်သစ် တည်ဆောက်ရေးအတွက် ကနဦးလေ့လာတိုင်းတာမှုများကို လုပ်ဆောင်လျက်ရှိပြီး တိုင်းတာမှု ၉၀ ရာခိုင်နှုန်းအထိ ပြီးစီးသွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ဆင်ဟွာ

ဗင်နီဇွဲလားအစိုးရရှေ့နေရုံးက ဂျူအန်ဂွိုက်ဒိုကို အကျင့်ပျက်ခြစားမှုဖြင့် စုံစမ်းစစ်ဆေးမှုစတင်

ကရာကတ် ဇွန် ၁၉

ဗင်နီဇွဲလားအစိုးရရှေ့နေရုံးက အတိုက်အခံခေါင်းဆောင် ဂျူအန်ဂွိုက်ဒိုနှင့် ၎င်း၏ကိုယ်စားလှယ်အဖွဲ့များကို အကျင့်ပျက်ခြစားသည့်ပြစ်မှုဖြင့် စုံစမ်းစစ်ဆေးမှုတစ်ရပ် စတင်လုပ်ဆောင်နေကြောင်း အစိုးရရှေ့နေ ဗိုလ်ချုပ် တာရပ်ဝီလီယံဆာအက်ဘ်က ပြောကြားခဲ့သည်။

ကိုလံဘီယာနယ်စပ်မြို့ကူကူတာ၌ ဗင်နီဇွဲလားပြည်သူများ ယာယီနေထိုင်ရေးအတွက် ကြိုတင်လျာထားသည့် ငွေကြေးများကို မလျော်မကန်ပြုလုပ်ခဲ့မှုဖြင့် ကိုယ်စားလှယ်နှစ်ဦးထက်မနည်းကို တရားစွဲဆိုထားကြောင်း ဆာအက်ဘ်က ပြောကြားခဲ့သည်။

အစိုးရရှေ့နေရုံးက ဂွိုက်ဒို၏ ကိုယ်စားလှယ်နှစ်ဦးဖြစ်သည့် ရိုဆာနာ ဘာရီရာနှင့် ကယ်ဗင်ရိုဂျာတို့ကို ငွေကြေးခဝါချမှု၊ အကျင့်ပျက်ခြစားမှု၊ လျှို့ဝှက်ပူးပေါင်းကြံစည်မှုများဖြင့် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆာအက်ဘ်က ပြောကြားခဲ့သည်။

ဆင်ဟွာ

အမေရိကန်နဲ့ အီရန်တို့ကြား ဗျာများနေရတဲ့ ဥရောပ

ခြူးစန္ဒီနွေး

အမေရိကန်နဲ့ အီရန်တို့ကြား အခြေအနေဆိုးရွားလာလေ ကြားထဲကစိတ်ညစ်ရတဲ့လူတွေကတော့ ဥရောပခေါင်းဆောင်တွေပါပဲ။ အီရန်နျူကလီးယား သဘောတူစာချုပ်ကနေ အမေရိကန်နုတ်ထွက်သွားပြီး အီရန်အပေါ် ပိတ်ဆို့မှုတွေ ပြန်လည်ပြုလုပ်ကတည်းက ဥရောပခေါင်းဆောင်တွေဟာ စိုးရိမ်တကြီးဖြစ်ခဲ့ရပါတယ်။

၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်က နယူးယောက်မြို့၌ ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြင်သစ်သမ္မတ မက်ခရွန်နှင့် အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီတို့ တွေ့ဆုံကြစဉ်။

စွမ်းအားမဲ့သလိုဖြစ်ရ

အီရန်နျူကလီးယားစာချုပ်ကို ဥရောပနိုင်ငံတွေအနေနဲ့ မူလအခြေအနေအတိုင်း ထိန်းသိမ်းလိုပေမယ့် အမေရိကန်ရဲ့စစ်အင်အား၊ ဘဏ္ဍာရေးအင်အားနဲ့ နှိုင်းယှဉ်လာရင်တော့ သူတို့လည်း စွမ်းအားမဲ့သလို ဖြစ်သွားရတာပါပဲ။ အီရန်နျူကလီးယားစာချုပ်ကို အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်ရေးအတွက် အရေးပါတဲ့စာချုပ်တစ်ခုအဖြစ် ဥရောပနိုင်ငံတွေက ရှုမြင်ကြပါတယ်။ ပိတ်ဆို့မှုတွေကြောင့် ယိုင်နဲ့လာတဲ့ အီရန်နိုင်ငံရဲ့စီးပွားရေးကို အကူအညီပေးဖို့ ဥရောပနိုင်ငံတွေကို အကူအညီတောင်းခဲ့ပါတယ်။ အကူအညီမပေးဘူးဆိုရင်တော့ အီရန်နျူကလီးယားသဘောတူစာချုပ်ဟာ ပျက်စီးသွားမှာဖြစ်တယ်လို့ ခြိမ်းခြောက်ခဲ့ပါတယ်။

ကမ္ဘာ့စွမ်းအင်ထောက်ပံ့မှု ပျက်စီးသွားနိုင်

အခုဆိုရင် အီရန်ဟာ သတ်မှတ်ထားတဲ့ ယူရေနီယံပမာဏထက်ကျော်လွန်ပြီး ထုတ်လုပ်ဖို့ အစပြုနေပါပြီ။ ဒါပေမယ့်လည်း အမေရိကန်ကတော့ အီရန်ကို ဖိအားပေးတဲ့အခါမှာ ဥရောပနိုင်ငံတွေအားလုံးကို သူနဲ့အတူ ပါဝင်စေချင်ပါတယ်။ အီရန်ရဲ့နျူကလီးယားအစီအစဉ်ကို လုံးဝပိတ်သိမ်းပြီး စေ့စပ်ညှိနှိုင်းရေးအတွက် စကားစလာစေဖို့ အမေရိကန်ဘက်က အလိုရှိပါတယ်။ ဒ့ါအပြင် ဒေသတွင်းမှာ အီရန်ရဲ့ ပါဝင်စွက်ဖက်မှုတွေကို လျှော့ချစေလိုပြီး အီရန်ရဲ့ ဒုံးကျည်အစီအစဉ်ကိုလည်း ကန့်သတ်လိုပါတယ်။ အမေရိကန်နဲ့ အီရန်တို့ရဲ့အခြေအနေတင်းမာနေချိန်မှာတော့ ဥရောပခေါင်းဆောင်တွေဟာ အခြေအနေထိန်းသိမ်းကြဖို့ တောင်းဆိုမှုတွေလည်း အရင်ကလို မလုပ်နိုင်တော့ပါဘူး။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခတွေကနေ ကမ္ဘာ့စွမ်းအင်ထောက်ပံ့မှုကိုလည်း ပျက်စီးသွားနိုင်ပါတယ်။

အာမခံချက်ပေးဖို့လို

အီရန်ကတော့ လာမယ့် ခုနစ်ရက်အတွင်းမှာ ယူရေနီယံသန့်စင်မှုကို သတ်မှတ်ထားတဲ့နှုန်းထားထက်ကျော်လွန်ပြီး ထုတ်လုပ်မယ်လို့ ခြိမ်းခြောက်ထားပါတယ်။ အဲဒီလိုမျိုးမလုပ်စေချင်ရင် ဥရောပနိုင်ငံတွေဟာ စီးပွားရေးပိတ်ဆို့မှုတွေမှာ ဖြေလျှော့မှုတွေပြုလုပ်ပေးဖို့ အာမခံချက်ပေးရမှာပါ။ ဒါပေမယ့်လည်း အမေရိကန်ရဲ့ပိတ်ဆို့မှုတွေအောက်မှာ အီရန်နဲ့ စီးပွားရေးဆက်လုပ်ဖို့ဆိုတာ လွယ်ကူတဲ့အရာ မဟုတ်ပါဘူး။ ၂၀၁၉ ဇန်နဝါရီလအတွင်းမှာ ပြင်သစ်၊ဂျာမနီနဲ့ ဗြိတိန်တို့ဟာ အီရန်နဲ့ စီးပွားရေးလုပ်ဖို့အတွက် အစီအစဉ်တစ်ရပ်တည်ထောင်ခဲ့ကြပါတယ်။ အဲဒီအစီအစဉ်ကို ကုန်သွယ်ရေးဖလှယ်မှု အထောက်အကူဖြစ်စေရေးယန္တရားလို့ အမည်ပေးထားပြီး အီရန်နဲ့ စီးပွားရေးလုပ်ရာမှာ ဒေါ်လာမသုံးဘဲ ကုန်သွယ်ရေးလုပ်ဆောင်တဲ့ လုပ်ငန်းတစ်ခုလည်း ဖြစ်ပါတယ်။

အန်တုနိုင်မယ့် စနစ်မျိုးမဟုတ်

ကုန်ပစ္စည်းလဲလှယ်တဲ့စနစ် အသုံးပြုရုံမျှနဲ့တော့ အီရန်နိုင်ငံဘက်ကအလိုရှိတဲ့ စီးပွားရေးအနေအထားမျိုးကို ရောက်နိုင်မှာမဟုတ်ပါဘူး။ ကုန်ပစ္စည်းချင်းလဲလှယ်တဲ့စနစ်ဟာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေအတွက် လွယ်ကူစေဖို့ စီစဉ်ထားတဲ့ အရာသာဖြစ်ပြီး စီးပွားရေးအရ ပိတ်ဆို့မှုတွေကို အန်တုနိုင်မယ့်စနစ်မျိုး မဟုတ်ပါဘူး။ နောက်ပြီးတော့ ဥရောပကုမ္ပဏီကြီးတွေကလည်း အီရန်နဲ့ ကုန်ပစ္စည်းချင်းလဲလှယ်တဲ့စနစ်လုပ်ပြီး အမေရိကန်ရဲ့ပိတ်ဆို့မှုဒဏ်ကို ခံချင်ကြမှာ မဟုတ်ပါဘူး။

အီရန်ဘက်က ခြိမ်းခြောက်မှုပြုထား

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားသဘောတူစာချုပ်အရ အီရန်ဟာ ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းတွေကို အကန့်အသတ်နဲ့လုပ်ဖို့ သဘောတူခဲ့ပါတယ်။ ဒါပေမယ့် လက်နက်ထုတ်ဖို့ လောင်စာအတွက် အချို့သောနည်းပညာတွေနဲ့ သုတေသနပစ္စည်းတွေအတွက်တော့ ဆက်လက်ထိန်းသိမ်းထားဆဲပါပဲ။ အခုအခါမှာတော့ ယူရေနီယံသန့်စင်ခြင်းလုပ်ငန်းကို ၂၀ ရာခိုင်နှုန်းအထိ ပြုလုပ်ချင်လည်း လုပ်သွားမယ်လို့ အီရန်ဘက်က ခြိမ်းခြောက်ထားပါတယ်။ လက်နက်ပြုလုပ်ဖို့ဆိုရင် အီရန်ဟာ ယူရေနီယံသန့်စင်ခြင်းကို ၉၀ ရာခိုင်နှုန်း ဒါမှမဟုတ် ၉၀ ရာခိုင်နှုန်းထက်ကျော်လွန်ပြီး လုပ်ကိုင်ရမှာဖြစ်သလို တစ်ခါတစ်ရံမှာလည်း ဒါဟာ အောင်မြင်မှုရနိုင်ပါလိမ့်မယ်လို့ တထစ်ချပြောလို့မရပါဘူး။

အကန့်အသတ်များလွန်း

ဥရောပနိုင်ငံတွေကို စီးပွားရေးအရ ထိပ်တိုက်ရင်ဆိုင်မှုတွေ ပြုလုပ်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်လို့မရပါဘူးဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှာ ယခင်က လုပ်ကိုင်ခဲ့သူ ဂျရယ်မီရှာပီရိုက ပြောပါတယ်။ ဥရောပနိုင်ငံတွေဟာ အီရန်နဲ့ အမေရိကန်ကြားကြားညပ်နေရတယ်လို့လည်း အီရန်နိုင်ငံဆိုင်ရာ သုတေသီတစ်ဦးဖြစ်သူ ဂူလန့်နူမီဆေဗီရာဘန်ဒါက ပြောပါတယ်။ ဥရောပနိုင်ငံတွေဟာ အီရန်နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ရှင်သန်စေလိုပေမယ့် အမေရိကန်ရဲ့ ပိတ်ဆို့မှုတွေကို ကျော်လွန်ပြီး အီရန်နဲ့ စီးပွားရေးလုပ်ဖို့ကျလည်း လုံလုံလောက်လောက်ရှိအောင် မစွမ်းဆောင်နိုင်ပါဘူး။ အီရန်နျူကလီးယားစာချုပ်ကို ကယ်တင်ဖို့ ဥရောပနိုင်ငံတွေလုပ်ဆောင်နိုင်တဲ့ စွမ်းအားဟာ အကန့်အသတ်များလွန်းတယ်လို့ ကာကွယ်ရေးသုတေသန အင်စတီကျူမှ အီရန်ဆိုင်ရာ ကျွမ်းကျင်သူ အန်နီရှာဘတ်ဆီရီတက်ဖ်ရီဇီက ပြောပါတယ်။

ရေနံတင်ပို့မှုအတွက် မကူညီနိုင်

အခုဆိုရင် အီရန်ရဲ့ ရေနံတင်ပို့မှုဟာလည်း ဖြတ်တောက်ခြင်းခံလိုက်ရသလို အိုမန်ပင်လယ်ကွေ့မှာလည်း ပြဿနာတွေတက်နေပါတယ်။ ဥရောပဟာ စီးပွားရေးအရ အီရန်ကိုအနည်းငယ်သာ အကူအညီပေးနိုင်တဲ့အချိန်မှာ ရေနံတင်ပို့မှုအတွက်တော့ အကူအညီမပေးနိုင်ပါဘူး။ အီရန်ဘက်ကလည်း နျူကလီးယားစာချုပ်ချုပ်စဉ်ကာလက စီးပွားရေးအရ သူတို့ပေးခဲ့တဲ့ကတိတွေကို မတည်နိုင်ဘူးဆိုပြီး ခံစားရပါတယ်။ အခုဆိုရင် ပိတ်ဆို့မှုတွေဟာလည်း ပိုပိုပြီးဆိုးလာခဲ့ပါတယ်။ အီရန်ရဲ့စီးပွားရေးဟာလည်း အကျပ်ရိုက်လာရပါတယ်။ အဲဒီလိုအချိန်မျိုးမှာ အိုမန်ပင်လယ်ကွေ့မှာ ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရတဲ့ကိစ္စ ဖြစ်လာခဲ့တယ်။ လက်သည်တရားခံဟာ ဘယ်သူ့လက်ချက်လဲဆိုတာ မသိရသေးပေမယ့် အမေရိကန်ကတော့ ဒါဟာ အီရန်ရဲ့လက်ချက်ပဲလို့ တစ်ထစ်ချ စွပ်စွဲခဲ့ပါတယ်။

အမေရိကန်က တပ်ဖွဲ့ဝင်တွေ ထပ်မံစေလွှတ်

အီရန်ဘက်က နျူကလီးယားသဘောတူစာချုပ်ပါ အချက်အလက်တွေကို မကြာခင် ချိုးဖောက်သွားဖို့ရှိတယ်လို့ ကြေညာခဲ့တဲ့အခါမှာတော့ အမေရိကန်သမ္မတဟာ အရှေ့အလယ်ပိုင်းဒေသကို တပ်ဖွဲ့ဝင် ၁၀၀၀ ခန့် ထပ်မံစေလွှတ်သွားဖို့ အမိန့်ပေးခဲ့ပါတယ်။ အီရန်ရဲ့ နျူကလီးယားအစီအစဉ်ကို ဟန့်တားနိုင်ဖို့ လုပ်ဆောင်မှုတစ်ရပ်လည်း ဖြစ်နိုင်ပါတယ်။ အိုမန်ပင်လယ်ကွေ့မှာ ရေနံတင်သင်္ဘောနှစ်စင်း တိုက်ခိုက်ခံရပြီး သုံးရက်အကြာမှာ ဒီသတင်းထွက်ပေါ်လာတာပါ။ တနင်္လာနေ့က ပြုလုပ်တဲ့ ဥရောပနိုင်ငံခြားရေးနဲ့ ကာကွယ်ရေးဝန်ကြီးများအစည်းအဝေးပွဲအပြီးမှာတော့ ဥရောပနိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ဖီဒရီကာ မိုဟီရီနီက အီရန်ဟာ နျူကလီးယားသဘောတူစာချုပ်ပါအချက်တွေ ချိုးဖောက်ပစ်မှာကို ဥရောပနိုင်ငံတွေက မလိုလားဘူးဆိုတာကို ရှင်းလင်းအောင် ပြောကြားခဲ့ပါတယ်။ အီရန်ဟာ နျူကလီးယားသဘောတူစာချုပ်ကို ချိုးဖောက်ခဲ့ခြင်း ရှိ မရှိကိုသိနိုင်ဖို့ ဥရောပအနေနဲ့ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီရဲ့ ကြေညာချက်ကို စောင့်ကြည့်သင့်တယ်လို့ သူက ဆက်ပြောပါတယ်။

ငြင်းခုံကြဆဲ

ဥရောပမှာတော့ အီရန်နဲ့ ပတ်သက်ပြီး ဘာဆက်လုပ်သင့်တယ်ဆိုတာ ငြင်းခုံကြတုန်းပဲရှိပါသေးတယ်။ အဲဒီအချိန်မှာပဲ အမေရိကန်ရဲ့ ဖိအားဟာ ပိုပိုတိုးလာပါတယ်။ နောက်ဆိုရင် အီရန်ကို လုံခြုံရေးကောင်စီဆီတင်ဖို့ အမေရိကန်ဟာ ဥရောပသမဂ္ဂကို ဖိအားပေးလာနိုင်တယ်လို့ နိုင်ငံခြားဆက်သွယ်မှုဆိုင်ရာ ဥရောပကောင်စီမှ အီရန်အရေးကျွမ်းကျင်သူ အီလိုင်းဂျန်ရန်မိုင်က ပြောပါတယ်။ အီရန်နျူကလီးယားစာချုပ်ကနေ အမေရိကန် နုတ်ထွက်သွားတာရယ်၊ စီးပွားရေးအရ ပိတ်ဆို့မှုတွေကြောင့် အီရန်ကို နျူကလီးယားလမ်းကြောင်းပေါ် တွန်းတင်လိုက်သလိုဖြစ်မှာ စိုးရိမ်ရပါတယ်။

ကိုးကား- နယူးယောက်တိုင်းမ်

“ဥရောပနိုင်ငံတွေဟာ အီရန်နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ရှင်သန်စေလိုပေမယ့် အမေရိကန်ရဲ့ပိတ်ဆို့မှုတွေကို ကျော်လွန်ပြီး အီရန်နဲ့ စီးပွားရေးလုပ်ဖို့ကျလည်း လုံလုံလောက်လောက်ရှိအောင် မစွမ်းဆောင်နိုင်ပါဘူး။ အီရန်နျူကလီးယားစာချုပ်ကို ကယ်တင်ဖို့ ဥရောပနိုင်ငံတွေလုပ်ဆောင်နိုင်တဲ့ စွမ်းအားဟာ အကန့်အသတ်များလွန်းတယ်”

၂၀၁၉ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

၂၀၁၉ ခုနှစ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးပွဲနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၈ ရက်က ရန်ကုန်မြို့ မီလီယာ ဟိုတယ်၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် သုတေသနနည်းပညာကျင့်ဝတ်ကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr.Stephan Paul Jost တို့က အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက် မန်နေဂျာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက မြန်မာနိုင်ငံ၏ သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အေးမွန်မွန်ကျော်က ၂၀၁၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါ ကုသရေးနှင့် ကာကွယ်နှိမ်နင်းရေး စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာမိုးမိုးစန်း၊ ရန်ကင်း ကလေးဆေးရုံကြီးမှ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာကြူကြူစိုး၊ ဒေါက်တာနေရည်ရည်လင်းနှင့် ဒေါက်တာအေးမွန်မွန်ကျော်တို့ ပါဝင်ဆွေးနွေးခဲ့သည်။

"ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ သွေးလွန်တုပ်ကွေးရောဂါ အဖြစ်အများဆုံး နိုင်ငံ ၁၁ နိုင်ငံမှာ မြန်မာနိုင်ငံဟာ တစ်ခုအပါအဝင်ဖြစ်တယ်၊ ဒါကြောင့် ပြည်သူတွေအနေနဲ့ အမြဲတမ်း ဒါကိုသတိထားပြီး ကာကွယ်နှိမ်နင်းရေးလုပ်ငန်းတွေ လုပ်ရမယ်ဆိုတာကို သိဖို့လိုပါတယ်၊ ပြည်သူတွေသာမက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ နီးနွယ်ဌာနတွေဖြစ်တဲ့ ပညာရေး၊ အထွေထွေအုပ်ချုပ်ရေး၊ လူမှုအဖွဲ့အစည်းတွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေ အားလုံးပါဝင်ဖို့ လိုပါတယ်"ဟု ဒေါက်တာနေရည်ရည်လင်းက ပြောသည်။

မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါကို ၁၉၆၄ ခုနှစ်က စတင်တွေ့ရှိခဲ့ပြီး ရန်ကုန်မြို့၌ ၁၉၆၈ ခုနှစ်က စတင်တွေ့ရှိကာ ၁၉၇၀ ခုနှစ်တွင် သွေးလွန်တုပ်ကွေးလူနာ ၁၆၅၄ ဦးရှိပြီး ၉၁ ဦး သေဆုံးခဲ့ကြောင်း၊ ၁၉၉၄ ခုနှစ်သည် တစ်နိုင်ငံလုံးတွင် သေဆုံးမှုအများဆုံးနှစ် ဖြစ်ခဲ့ပြီး ၄၄၄ ဦး သေဆုံးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်သည် ရောဂါဖြစ်ပွားမှုအများဆုံးနှစ်ဖြစ်ခဲ့ပြီး ၄၂၉၁၃ ဦး ဖြစ်ပွားခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာ အမျိုးသား မဟာဗျူဟာစီမံချက်(၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်) အရ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုကို ၂၀၂၀ ခုနှစ်တွင် ၂၀၁၅ ခုနှစ် ဖြစ်ပွားမှု၏ ၂၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းအထိ လည်းကောင်း လျှော့ချရန်နှင့် သေဆုံးမှုကို ၂၀၂၀ ခုနှစ်တွင် ၂၀၁၅ သေဆုံးမှု၏ ၅၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းအထိလည်းကောင်း လျှော့ချသွားနိုင်ရန်နှင့် သေဆုံးနှုန်းကို ၁ ရာခိုင်နှုန်း အောက်တွင်သာ ထိန်းသိမ်းထားရန် ရည်မှန်းချက်ထား လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ ကုသရေးနှင့်ကာကွယ်နှိမ်နင်းရေး စကားဝိုင်းဆွေးနွေးပွဲကျင်းပနေစဉ်။

၂၀၁၉ ခုနှစ် ဇွန် ၈ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပေးပို့သော စာရင်းများအရ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၃၁၄၄ ဦး ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံး ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထင်ပေါ်ဝင်း၊ ဓာတ်ပုံ - ထိန်လင်း

ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများတွင် စိုက်ပျိုးမွေးမြူရေးသာမက အခြားကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံရန် လိုအပ်နေ

တောင်ကြီး ဇွန် ၁၉

ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ငါးခုအထိ ရှိလာသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင်သာ အများဆုံး ရင်းနှီးမြှုပ်နှံနေကြပြီး အခြားကဏ္ဍများဖြစ်သည့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"လက်ရှိမှာ ကျွန်တော်တို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုမိန့်ထုတ်ပေးထားတဲ့ လုပ်ငန်း ငါးခုရှိပါတယ်၊ ထပ်မံပြီးတော့လည်း အတည်ပြုမိန့် ထုတ်ပေးဖို့ စိစစ်ပေးနေတဲ့ လုပ်ငန်းသုံးခုရှိပါတယ်၊ ခွင့်ပြုထားပြီးသား လုပ်ငန်းတွေမှာ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းတွေနဲ့ ဟိုတယ်လုပ်ငန်းတစ်ခု ရှိပါတယ်"ဟု ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ညီဝင်းက ပြောကြားသည်။

ခွင့်ပြုထားပြီးသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှာ သီပေါမြို့နယ်ရှိ နာနတ်သီးအခြောက်ခံလုပ်ငန်း၊ လားရှိုးမြို့နယ်ရှိ ပြောင်းဖူးအခြောက်ခံလုပ်ငန်း၊ ရပ်စောက်မြို့နယ်ရှိ သရက်သီး စိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်း၊ နောင်ချိုမြို့နယ်ရှိ နွားမွေးမြူရေးလုပ်ငန်းနှင့် ပင်လောင်းမြို့နယ်ရှိ ဟိုတယ်လုပ်ငန်းတို့ ဖြစ်သည်။

"လက်ရှိခွင့်ပြုထားတဲ့ ရင်းနှီးမြှုပ်နှံမှုတွေမှာ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ သုံးခုရှိပါတယ်၊ တောင်ပိုင်းမှာ နှစ်ခုရှိပါတယ်၊ ရှမ်းပြည်နယ်ရဲ့အရှေ့ပိုင်းဒေသမှာဆိုရင် ရင်းနှီးမြှုပ်နှံမှု တစ်ခုမှ မရှိသေးတာကို တွေ့ရပါတယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းယောင်းစတဲ့ မြို့နယ်တွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီး လာရောက်စေချင်တယ်"ဟု ဒေသခံ နိုင်ငံ့ဝန်ထမ်းတစ်ဦးက ပြောသည်။

ဖယ်ခုံမြို့နယ်အတွင်း စားသောက်ကုန်လုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးကလည်း "ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်ဖို့အတွက် ဒေသတွင်းမှာ ကြိုးစားနေပါတယ်၊ ပြည်တွင်းလုပ်ငန်းအများစုကတော့ အသေးစားနဲ့ အလတ်စားလုပ်ငန်းမျိုးတွေ များပါတယ်၊ ဒီလိုလုပ်ငန်းအများစုကလည်း အွန်လိုင်းကနေ ကုမ္ပဏီမှတ်ပုံတင်လို့ရတယ်ဆိုတာ သိပ်မသိကြဘူး၊ ဒေသဖွံ့ဖြိုးဖို့အတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံနိုင်သူတွေ ပိုမိုဝင်ရောက်လာဖို့ လိုအပ်ပါတယ်"ဟု ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန် လျှောက်ထားမှုများထဲမှ အမေရိကန်ဒေါ်လာ ငါးသန်းအောက် လုပ်ငန်းများကို ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက စိစစ်၍ အတည်ပြု ထုတ်ပေးလျက်ရှိပြီး အမေရိကန်ဒေါ်လာ ငါးသန်းနှင့်အထက်ရှိသော ရင်းနှီးမြှုပ်နှံမှုများအတွက် ပြည်ထောင်စုအဆင့် ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ကြုံတွေ့နေရသည့် အဓိက စိန်ခေါ်မှုများမှာ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ဖြစ်ပြီး မြေယာကိစ္စ ပြဿနာများလည်း ရှိနေသေးကြောင်း ရင်းနှီးမြှုပ်နှံသူများထံမှ သိရသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီကို ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ၂၀၁၇ ဇူလိုင် ၇ ရက်က စတင်ဖွဲ့စည်းထားပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိသည်။ ရှမ်းပြည်နယ်တွင် ရင်းနှီးမြှုပ်နှံပါက ဖွံ့ဖြိုးဆဲသတ်မှတ်မှုဇုန်(၂)အတွင်း ပါရှိခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှု အခွန်ကင်းလွတ်ခွင့် ငါးနှစ်အထိ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများတွင် အငြင်းပွားမှုများနှင့် ဒေသခံပြည်သူလူထုမှ ကန့်ကွက်မှုများရှိပါက ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီက ခွင့်ပြုမိန့်ထုတ်ပေးခြင်းမရှိကြောင်း ဦးအောင်ညီဝင်းက ဆက်လက်ပြောကြားသည်။

ရှမ်းပြည်နယ်သည် သဘာဝ သယံဇာတများစွာ ကျန်ရှိနေသေးသည့်အတွက် သဘာဝ ခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ သတ္တုတူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်ရန်အတွက်လည်း ရေခံမြေခံကောင်းများ ရှိနေသေးကြောင်း၊ ထို့အပြင် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများဖြစ်သော လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်သေးကြောင်း ရှမ်းပြည်နယ်မှ ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ပြည်နယ်(မြန်/ဆက်)

မင်းဘူးခရိုင်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၄၆ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်

မင်းဘူး ဇွန် ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း အခြေခံပညာကျောင်းပေါင်း ၁၄၆ ကျောင်းကို အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ကြောင်း မင်းဘူးခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

မြို့နယ်အလိုက် ကျောင်းအဆင့် တိုးမြှင့်နိုင်ခဲ့မှုများမှာ မင်းဘူး(စကု)မြို့နယ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ် ၁၀ ကျောင်းနှင့် အလယ်တန်းကျောင်းအဖြစ် ၁၂ ကျောင်း အပါအဝင် စုစုပေါင်း ၂၈ ကျောင်း၊ ပွင့်ဖြူမြို့နယ်၌ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၁၀ ကျောင်း၊ အလယ်တန်းကျောင်းအဖြစ် လေးကျောင်း အပါအဝင် စုစုပေါင်း ၂၁ ကျောင်း၊ စလင်းမြို့နယ်၌ အထက်တန်းကျောင်းအဖြစ် ငါးကျောင်း၊ အထက်တန်းကျောင်း(ခွဲ)အဖြစ် ၃၁ ကျောင်းနှင့် အလယ်တန်းကျောင်းအဖြစ် ၁၄ ကျောင်း အပါအဝင် စုစုပေါင်း ၇၃ ကျောင်း၊ စေတုတ္တရာမြို့နယ်တွင် အထက်တန်းကျောင်း(ခွဲ)အဖြစ် ကိုးကျောင်းနှင့် အလယ်တန်းကျောင်းအဖြစ် နှစ်ကျောင်း အပါအဝင် စုစုပေါင်း ၁၃ ကျောင်း၊ ငဖဲမြို့နယ်၌ အထက်တန်းကျောင်း(ခွဲ)အဖြစ် နှစ်ကျောင်းနှင့် အလယ်တန်းကျောင်းအဖြစ် သုံးကျောင်း အပါအဝင် စုစုပေါင်း ၁၁ ကျောင်းတို့ဖြစ်ကြောင်း မင်းဘူးခရိုင် ပညာရေးမှူးရုံးမှ သိရသည်။

ကျော်စိုးဝင်း (မင်းဘူး)

ပုသိမ်မြို့နယ်၌ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအားကွင်းဆင်းစစ်ဆေး

ပုသိမ် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခုဘဏ္ဍာရေးနှစ် (ဒုတိယ ၁၂ လ)တွင် ရွှေပြည်ဝင်းလက်ကုမ္ပဏီမှတာဝန်ယူဆောင်ရွက်သော ပုသိမ်မြို့နယ်အောင်သပြေကျေးရွာတွင်းနက်တူးဖော်ခြင်းလုပ်ငန်းအား ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ခရိုင်ဦးစီးမှူး မြို့နယ်ဦးစီးမှူး၊ ကျေးရွာရေပေးရေးကော်မတီများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၀၇)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်မှု အားနည်းနေ

ပေါင် ဇွန် ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမှာ အားနည်းနေသေးကြောင်း ဇွန် ၁၈ ရက်က ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေးဆွေးနွေးပွဲမှ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် မိုးရာသီဖြစ်သော ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ဖြစ်ပွားမှုပိုမိုများပြားသော်လည်း ယခုနောက်ပိုင်းတွင် တစ်နှစ်ပတ်လုံး ရောဂါဖြစ်ပွားမှုရှိလာသည့်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုမှာ အလွန်အရေးကြီးကြောင်း ပေါင်မြို့နယ် ကျန်းမာရေးဌာနမှ သူနာပြုအဆင့်(၁) ဒေါ်ချိုချိုနွယ် က ပြောသည်။

"သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတဲ့ ခြင်ကျားတွေဟာ ရေကြည်ရေသန့်ကို ကြိုက်တယ်၊ ခြင်ကျားအန္တရာယ် ကာကွယ်ဖို့ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းက အဓိကကျတယ်၊ ကျွန်မတို့ဝန်ထမ်းတွေ ရပ်ကွက်နဲ့ ကျေးရွာတွေမှာ ပညာပေးလုပ်ငန်းနဲ့ လက်တွေ့လုပ်ဆောင်တဲ့အခါ အချို့အိမ်ရှင်တွေက လိုလိုလားလားနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြတယ်၊ တချို့အိမ်ရှင်တွေကျတော့ အိမ်ပေါ်မှာပဲ တီဗွီထိုင်ကြည့်နေကြတယ်၊ အောက်ကို ခဏလာဆင်းကြည့်ပေးပါလို့ ပြောရင်တောင် အရေးမလုပ်ဘူး၊ အချို့ဆိုရင် ခြံတံခါးတောင် မဖွင့်ပေးတာမျိုးလည်း ရှိပါတယ်၊ ပြည်သူတွေရဲ့ ပူးပေါင်းပါဝင်မှုက အားနည်း နေပါတယ်"ဟု ၎င်းက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် မူကြိုအရွယ် ကလေးများနှင့် မူလတန်း ကျောင်းသားကျောင်းသူအရွယ်များတွင် ဖြစ်ပွားမှု ပိုများသည့်အတွက် ခြင်လောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများတွင် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကလည်း အင်တိုက်အားတိုက် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျန်းမာရေးဌာန အနေဖြင့်လည်း အခြေခံပညာကျောင်းများသို့ ကျောင်းကျန်းမာရေး ကွင်းဆင်း အသိပညာပေးဟောပြောခြင်းများ ပြုလုပ်လျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ပေါင်မြို့နယ်တွင် ၂၀၁၈ ခုနှစ်က သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၃၆ ဦးရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ကာ ၂၀၁၉ ခုနှစ်တွင် ဇွန် ၁၈ ရက်အထိ ၃၃ ဦး ဖြစ်ပွားပြီး သေဆုံးမှုမရှိကြောင်း၊ ရောဂါဖြစ်ပွားမှုများထဲတွင် အသက် ၁၀ နှစ်အောက် ကလေးများမှာ ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

သွေးလွန်တုပ်ကွေးရောဂါ၏ လက္ခဏာများမှာ နှစ်ရက်မှ ခုနစ်ရက်ခန့် အပြင်းဖျားခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်နာခြင်း၊ ကိုယ်ပေါ်တွင် အနီစက်များထွက်ခြင်း၊ ဖျားနေစဉ် သုံးရက်မှ ငါးရက်အတွင်း သွေးလန့်သည့် လက္ခဏာများ ဖြစ်ပေါ်ခြင်းတို့ ဖြစ်ပြီး အဆိုပါရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက အသက်အန္တရာယ်ရှိနိုင်သည့်အတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းနှင့် ကျန်းမာရေးဌာနသို့ အမြန်ဆုံး ပို့ဆောင်ပေးသင့်ကြောင်း သိရသည်။

ကိုဟိန်း (ပေါင်)

ဒေးဒရဲမြို့နယ်အတွင်းမှ မသန်စွမ်းသူများအား ထောက်ပံ့မည့်ငွေများ လွှဲပြောင်းပေးအပ်

ဒေးဒရဲ ဇွန် ၁၉

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများမှ ကိုယ်အင်္ဂါမသန်စွမ်းသူများအား ထောက်ပံ့ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့သော ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေ လွှဲပြောင်းပေးအပ်ပွဲတွင် ဒေးဒရဲမြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၈၅၈ ဦးအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သော ထောက်ပံ့ငွေ ကျပ် ၂၅၇ သိန်းကျော်ကို ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကျော်က ဒေးဒရဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်နှင့် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အလုပ်အမှုဆောင် ဦးယဉ်ထွေးတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

မြင့်မြင့်ခိုင် (မြန်/ဆက်)

မန္တလေးမြို့တွင် ပါရာဒီဆို 3D အဆင့်မြင့်ရုပ်ရှင်ရုံ နှစ်ရုံဖွင့်လှစ်

မန္တလေး ဇွန် ၁၉

မြန်မာ့ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အနုပညာရှင်များ စုပေါင်းဖွဲ့စည်းတည်ထောင်ထားသည့် Paradiso Cinemas Co.,Ltd မှ မန္တလေးမြို့ရှိ ပြည်ကြီးတံခွန်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့တွင် ပါရာဒီဆို အဆင့်မြင့် 3D ရုပ်ရှင်ရုံနှစ်ရုံကို ယနေ့ စတင်ဖွင့်လှစ်သည်။

အဆိုပါ ရုပ်ရှင်ရုံနှစ်ရုံ ဖွင့်ပွဲအခမ်းအနားများသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရုပ်ရှင်ချစ်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ကြီးတံခွန်မြို့နယ် ၆၂ လမ်းနှင့် အနော်ရထာလမ်းထောင့်ရှိ ပါရာဒီဆိုအဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၃ နာရီတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရုပ်ရှင်ရုံအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် ၂၆ လမ်း၊ ၈၁ လမ်းနှင့် ၈၂ လမ်းကြားရှိ ပါရာဒီဆို အဆင့်မြင့်ရုပ်ရှင်ရုံဖွင့်ပွဲကို ညနေ ၄ နာရီတွင် ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အနုပညာရှင်များ စုပေါင်းတည်ထောင် ဖွဲ့စည်းထားသည့် ပါရာဒီဆိုကုမ္ပဏီမှ မန္တလေးမြို့ပြည်သူများအတွက် ယခုကဲ့သို့ ရုပ်ရှင်ရုံနှစ်ရုံကို တစ်ပြိုင်နက်တည်း လာရောက်ဖွင့်လှစ်ပေးခြင်းအတွက် များစွာကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ အနုပညာရှင်များ စုပေါင်းဖွဲ့စည်းထားသည့် ကုမ္ပဏီဖြစ်သည့်အတွက် အနုပညာရှင်များ၏ ကျန်းမာရေးအတွက် လိုအပ်သည့် အထောက်အပံ့များလည်း ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပါရာဒီဆိုကုမ္ပဏီဥက္ကဋ္ဌ ဦးလွင်မိုးက မြန်မာ့ရုပ်ရှင်ပြသမှု အဆင့်အတန်း မြင့်မားနေမှုကို ပြည်သူများ သိရှိစေရန်နှင့် ရုပ်ရှင်ရုံများ နည်းပါးသွားခြင်းအတွက် မြို့ကြီးများတွင် မိမိတို့ ကုမ္ပဏီမှ ရုပ်ရှင်ရုံများ လိုက်လံဆောက်လုပ်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေကြောင်းနှင့် ယခုဖွင့်လှစ်သည့် ရုပ်ရှင်ရုံများတွင် အရည်အသွေးကောင်းမွန်စေရန် အရုပ်နှင့်အသံစနစ်အား ကမ္ဘာပေါ်တွင် လက်ရှိအသုံးပြုနေသည့် ခေတ်မီနည်းစနစ်များကို တပ်ဆင်အသုံးပြုထားကြောင်း ပြောကြားသည်။

ပါရာဒီဆိုကုမ္ပဏီမှ မြန်မာနိုင်ငံအတွင်း ရုပ်ရှင်ရုံ ၁၀၀ ဖွင့်လှစ်ရန် စီမံကိန်းချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် ရုပ်ရှင်ရုံပေါင်း ၂၀ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး မန္တလေးမြို့တွင် ငါးရုံ လျာထားသည့်အနက် ယခု နှစ်ရုံကို စတင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ရခိုင်ပြည်နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

ဂွ ဇွန် ၁၉

ရခိုင်ပြည်နယ် ဂွမြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု မိုးရာသီသစ်ပင် စိုက်ပွဲအခမ်းအနားကို ယနေ့နံနက်က မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတက်ရောက်သည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပျိုးပင်များကို ပေးအပ်ရာ ဒေသခံပြည်သူလူထုကိုယ်စား ဦးအောင်ကျော်က လည်းကောင်း၊ ဌာနဆိုင်ရာများကိုယ်စားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က လည်းကောင်း၊ တပ်ရင်းတပ်ဖွဲ့များကိုယ်စားမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ဝင်းက လည်းကောင်း၊ ပါတီအသင်းအဖွဲ့များကိုယ်စား ဦးထင်လင်းကျော်က လည်းကောင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်စား မြို့နယ်ပညာရေးမှူးတို့က လည်းကောင်း လက်ခံယူခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူ ပြည်သူများက ပျိုးပင်များကို သတ်မှတ်ထားသောနေရာများတွင် စိုက်ပျိုးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပျိုးပင်များ စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ သစ်ပင်စိုက်ပွဲတော်တွင် ကျွန်းပင် ၄၅၀ ၊ ပျဉ်းကတိုး ၉၅၀ ၊ မဟော်ဂနီ ၂၃၀၀ ၊ ခရေ ၄၀၀၊ မန်ကျည်းရှား ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဂွမြို့နယ် (ပြန်/ဆက်)

ပူတာအိုမြို့၌ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

ပူတာအို ဇွန် ၁၉

ကချင်ပြည်နယ် ဗမာ၊ ရှမ်း၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးသုံးဦးနှင့် ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ စာပေနှင့် ယဉ်ကျေးမှုအသင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်(၁)ရှိ ကချင်နှစ်ခြင်းဘုရားကျောင်းဝင်းခန်းမ၌ကျင်းပသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံပြည်သူများ တွေ့ဆုံစဉ်။

တွေ့ဆုံပွဲတွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ) ဦးဒိတ်က ဝန်ကြီးဌာန ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များနှင့် အရေးကြီးပုံများ၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ အခွင့်အရေးများ၊ လုပ်ပိုင်ခွင့်များ၊ တားမြစ်ချက်များ၊ ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက တိုင်းရင်းသားများ၏ အခွင့်အရေးများကိုမြှင့်တင်ဆောင်ရွက်နေမှု အခြေအနေများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပြည်သူအားလုံး ပူးပေါင်းပါဝင်ရေးတို့ကို ရှင်းလင်းပြောကြားကာ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေစာအုပ် ၆၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

တက်ရောက်လာသူများက တိုင်းရင်းသားစာပေသင်ကြားရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အစုအဖွဲ့ပိုင်သစ်တောဥပဒေစာအုပ် ရရှိရေး၊ ဘာသာရေး ပွဲလမ်းသဘင်များ လွတ်လပ်စွာ ကျင်းပခွင့်ရရှိရေး၊ ဝန်ထမ်းများခန့်အပ်ရာတွင် ဒေသခံတိုင်းရင်းသားလူငယ်များကို ဦးစားပေး ထောက်ခံပေးနိုင်ရေး၊ ပူတာအိုဒေသရှိ သဘာဝအမွေအနှစ်များအား သဘာဝအတိုင်း ရှိစေရေးတို့ကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးသုံးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး လီဆူတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က နိုင်ငံရေး၊ ပညာရေး၊ ဘာသာရေး၊ စာပေနှင့် ယဉ်ကျေးမှုနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ဖုန်ကန် (ပူတာအို)

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၉-၆-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၈၂၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၁၈၀၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၈၂၅၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၀၁၈၀၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၈၅၅/၉၀၅	ကျပ်	၉၂၀/၉၂၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၆၅/၉၁၅	ကျပ်	၉၃၅/၉၄၀	ကျပ်
အောက်တိန်း ၉၂	၇၄၀/၇၉၅	ကျပ်	၈၃၀/၈၅၅	ကျပ်
အောက်တိန်း ၉၅	၈၂၀/၈၈၅	ကျပ်	၉၃၀/၉၃၅	ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၅၂၇ · ၇
ဥရောပ	တစ်ယူရို	ကျပ်	၁၇၁၁ · ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၁၁၆ · ၇
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၉၂၀ · ၀
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၄၀၉ · ၁
သြစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၁၀၄၉ · ၅
တရုတ်	တစ်ယွမ်	ကျပ်	၂၂၁ · ၂၇
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၁ · ၈၉၂
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၂၉ · ၈၄
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၆၅ · ၇၈
ထိုင်း	တစ်ဘတ်	ကျပ်	၄၈ · ၈၉၄

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄)နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

တက်သစ်စ တေးသံရှင်များအနေဖြင့် မူရင်းဂီတပညာရှင်များနှင့် မူပိုင်ခွင့်ကို လေးစားရန်လိုကြောင်း တေးရေးမြင့်မိုးအောင် ပြောကြား

သီချင်းဆိုပြိုင်ပွဲများစွာ ပေါ်ထွန်းလာသလို ပြိုင်ပွဲများမှတစ်ဆင့် ဂီတလောကသို့ ဝင်ရောက်လာနိုင်သည့် တက်သစ်စ တေးသံရှင်များလည်း အများအပြားရှိရာ အဆိုပါ တက်သစ်စ တေးသံရှင်များအနေဖြင့် မူရင်းအဆိုတော်ကြီးများကို လေးစားမှုရှိရန်နှင့် မူပိုင်ခွင့်ကို လေးစားရန်လိုကြောင်း တေးရေး မြင့်မိုးအောင်က တိုက်တွန်းပြောကြားသည်။

သီချင်းဆိုပြိုင်ပွဲများမှတစ်ဆင့် နာမည်ရလာသော တက်သစ်စ အဆိုတော်များအနေဖြင့် အခြားအဆိုတော်များ၏ သီချင်းများကို ပြင်ပဖျော်ဖြေပွဲများတွင် သီဆိုနေခြင်းနှင့်ပတ်သက်၍ တေးရေး မြင့်မိုးအောင်က “ပြိုင်ပွဲမှာကျတော့ ပွဲက စီစဉ်ပေးထားတာဆိုတော့ မူရင်းသီချင်းကို သူတို့ လွတ်လွတ်လပ်လပ် ဆိုလို့ရတာပေ့ါ၊ ဒါပေမယ့် အပြင်က စီးပွားဖြစ်ပွဲတွေမှာ အခကြေးငွေနဲ့ သွားပြီးတော့ ဆိုစားတဲ့အခါကျရင်တော့ သီချင်းအတွက် ခွင့်ပြုချက်တောင်းဖို့ လိုတာပေ့ါ၊ သူတို့က ခွင့်ပြုချက်တောင်းစရာမလိုဘူး။ ပြိုင်ပွဲလိုပဲ ငါတို့ လွတ်လွတ်လပ်လပ် ဆိုစားလို့ရတယ်လို့ တွေးရင်တော့ မှားသွားမှာပေ့ါ။ ပြိုင်ပွဲမှာတော့ ပြိုင်ပွဲတာဝန်ရှိသူတွေက စီစဉ်ပေးတယ်။ အပြင်မှာကျတော့ ကိုယ်ကိုယ်တိုင် စီစဉ်ရပြီ။ အဲဒီအခါကျတော့ ခွင့်ပြုချက်ကြိုယူဖို့ လိုပါတယ်၊ မူပိုင်ခွင့်ကို လေးစားကြဖို့လည်း လိုပါတယ်”ဟု ပြောကြားသည်။

သီချင်းဆိုပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဝါသနာရှင် လူငယ်များအတွက် အကြံပြုချက်အနေဖြင့်လည်း တေးရေး မြင့်မိုးအောင်က “ပြိုင်ပွဲဝင်အဆိုတော်တွေက ပြိုင်ပွဲပြီးသွားရင်၊ ဂီတလောကကို ရောက်ပြီဆိုရင် အဲဒီအချိန်မှာ သိသင့်သိထိုက်တာတွေကို သိအောင်ကြိုးစားဖို့ လိုသွားပြီပေ့ါ၊ အချို့တွေကတော့ ပြိုင်ပွဲမှာသာ အောင်မြင်ရင် အောင်မြင်လာမယ်၊ တကယ် ဂီတလောကထဲကို တွေ့တွေ့ဆိုင်ဆိုင် ရောက်တဲ့အခါကျတော့ အမှားလေးတွေ လုပ်မိတာမျိုးလည်း ဖြစ်သွားနိုင်တယ်၊ အဲဒီတော့ ပြိုင်ပွဲမှာအောင်မြင်တာက အောင်မှတ်ရလိုက်တဲ့သဘောပါပဲ၊ ပြီးရင် ဂုဏ်ထူးထွက်ဖို့က ကြိုးစားဖို့ အများကြီးလိုသေးတယ်လို့ ပြောချင်ပါတယ်၊ ပြိုင်ပွဲမှာက သီချင်းအဟောင်းတွေနဲ့ပဲ ပြိုင်ရတာလေ၊ အဲဒီတော့ ကိုယ့်ကိုယ်ပိုင်သီချင်းနဲ့ သေသေချာချာ အောင်မြင်ဖို့အတွက် ထပ်ကြိုးစားဖို့ လိုပါတယ်။ ကိုယ်ပိုင်သီချင်းနဲ့မအောင်မြင်ရင် ကိုယ်က အခြားလူတွေရဲ့ သီချင်းတွေ၊ မူရင်းသီချင်းတွေကို လုပ်စားတယ်ဆိုတာမျိုးလည်း အပြောခံရတတ်တယ်၊ နောက်တစ်ခုကတော့ မူရင်းအဆိုတော်တွေထက်တောင် တစ်ခါတစ်လေ အခကြေးငွေပိုရတဲ့ အဆိုတော်တွေလည်း ဖြစ်သွားတာပေ့ါ၊ အဲဒီအခါ အချို့ မူရင်းအဆိုတော်တွေ စိတ်ထဲမှာ ပိုပြီးတော့ ခံစားရတာမျိုးလည်း ရှိတာပေ့ါနော်၊ အဲဒါကြောင့် ပိုပြီးတော့ ကျေးဇူးတရားတွေကို သိတတ်ဖို့လည်း လိုပါတယ်”ဟု ဆက်လက် အကြံပြုပြောကြားသည်။

ကိုလင်း

Myanmar Idol တွင် ဒိုင်တစ်ဦးအဖြစ် စတင်ပါဝင်လာသည့် တေးရေး တေးဆို ဒါရိုက်တာ အောင်ကိုလတ်နှင့်တွေ့ဆုံခြင်း

အဆိုတော်တစ်ဦးအဖြစ်သာမက တေးရေးဆရာတစ်ဦး၊ ဒါရိုက်တာတစ်ဦးအဖြစ်ပါ ပရိသတ်များက သိရှိထားပြီးဖြစ်သူ ဦးအောင်ကိုလတ်အနေဖြင့် မကြာမီ စတင်ကျင်းပတော့မည့် Myanmar Idol သီချင်းဆိုပြိုင်ပွဲ Season 4 တွင် အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်လာမည်ဖြစ်ရာ ဒိုင်အဖြစ်ဆောင်ရွက်ဖြစ်ခဲ့ပုံနှင့် ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။ သီချင်းဆိုပြိုင်ပွဲတွေထဲက ပြိုင်ပွဲတစ်ခုဖြစ်တဲ့ ဒီ Myanmar Idol ကို ဘာလို့ရွေးချယ်ဖြစ်ခဲ့တာလဲ အန်ကယ်။

ဖြေ။ ။ လက်ခံဖြစ်ပုံက ကျွန်တော့်ကို ကမ်းလှမ်းခဲ့တာတော့ တစ်နှစ်ကျော်လောက်ရှိပါပြီ။ ကျွန်တော်ကလည်း ကြားထဲမှာ တခြားအလုပ်တွေနဲ့ မအားဘူးဖြစ်ခဲ့တယ်။ ဒီဟာကို လက်ခံလိုက်ရင် ကျန်တဲ့အလုပ်တွေကို လုပ်လို့မရတော့ပါဘူး။ ဒါကိုပဲ အချိန်ပေးပြီး လုပ်ရမယ်။ ကိုယ်လည်းလုပ်ပေးချင်တာနဲ့ လုပ်ဖြစ်သွားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အဓိကဝတ္တရားက ကိုယ်က သင်ယူမယ်။ ပြီးရင် လူငယ်တွေကို ပြန်သင်ကြားမယ်။ အဲဒီလိုလုပ်ရင်းနဲ့ပဲ သေဆုံးရမှာဖြစ်ပါတယ်။ ကျွန်တော်လုပ်မယ်လို့ ဆုံးဖြတ်ပြီးတဲ့အချိန်မှာ ရှေ့ကလုပ်ခဲ့တဲ့ Season 1, 2, 3 တွေကို ပြန်ကြည့်တယ်။ American Idol ကို ကြည့်တယ်။ အခြား ပြင်ဆင်မှုအပိုင်းတွေလည်း လုပ်ထားပါတယ်။

မေး။ ။အန်ကယ်တို့ခေတ်နဲ့ ဒီဘက်ခေတ် ဂီတသမားတွေရဲ့ ရှင်သန်ရပ်တည်မှု ကွာခြားချက်တွေကရော။

ဖြေ။ ။ကျွန်တော်တို့ကိုယ်တိုင်လည်း အရင်က အနုပညာသမားဖြစ်ဖို့အတွက် လမ်းဘေးကနေ တက်လာတယ်။ ကိုယ်တွေတုန်းကလည်း ပံ့ပိုးပေးမယ့် ညီအစ်ကိုတော်တွေလည်း ရှိခဲ့ပါတယ်။ အဲလို ကူညီမယ့်သူတွေ မရှိခဲ့ရင် ကျွန်တော်တို့လည်း ဒီလိုအခြေအနေ ဖြစ်လာမှာမဟုတ်ပါဘူး။ ဒါကြောင့် အခုလာပြိုင်မယ့်သူတွေကိုလည်း ကျွန်တော်တို့တတ်နိုင်တဲ့အပိုင်းကနေ ပံ့ပိုးပေးဖို့ ပါဝင်ဖြစ်တာပါ။ အနုပညာမှာ ဆင်းရဲတာ၊ ချမ်းသာတာ၊ ရာထူးကြီးတာ၊ ပညာတတ်တာ၊ မတတ်တာတွေ မရှိပါဘူး။ လူတစ်ယောက်ရဲ့ အနုပညာ သန်စွမ်းလာပြီဆိုရင် ကျွန်တော်တို့က သူ့ကိုဆွဲထုတ်ပြီးတော့ မြေတောင်မြှောက်ပေးရမှာဖြစ်ပါတယ်။ အခု ဒိုင်အဖြစ် ပါဝင်ရမယ်ဆိုတော့ ကိုယ့်နည်းကိုယ်ဟန်နဲ့ ဒီ Top 10 ကို ရွေးချယ်ပေးနိုင်မယ်လို့လည်း ထင်ပါတယ်။

မေး။ ။ပရိသတ်ရဲ့ဝေဖန်မှုတွေနဲ့အတူ အန်ကယ့်ရဲ့ကြိုတင်ပြင်ဆင်မှုအပိုင်းတွေကရော။

ဖြေ။ ။အဓိကပြောရရင် ပရိသတ်တွေရဲ့ Voting ပေးတဲ့စနစ်နဲ့ ဒိုင်တွေရွေးချယ်ပေးတဲ့ကြားထဲမှာ အားပြိုင်မှုပေ့ါနော်၊ ဒိုင်တွေရွေးချယ်တဲ့ ပုံစံကတော့ အများကြီးထဲကနေ ဆွဲထုတ်လာပြီး Top 10 ထဲရောက်အောင် လုပ်ပေးဖို့ပေ့ါ၊ အဲဒီလို ကိုယ်တွေက ရွေးချယ်ပြီးတော့ ပရိသတ်တွေရဲ့ Voting စနစ်ထဲကို ပြန်လည် လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်၊ ပရိသတ်ဆိုတာကတော့ အဆိုတော်တစ်ယောက်က သီချင်းရဲ့ရသကို ဘယ်လောက်ပိုင်တယ်၊ အသံကီး ဘယ်လောက်မြင့်တယ် ဆိုတာတွေနဲ့ အခြားအပိုင်းတွေကို သိပ်မစဉ်းစားနိုင်ပါဘူး၊ သူတို့စဉ်းစားတာက စွဲလမ်းမှုနဲ့ စဉ်းစားတာဖြစ်တာကြောင့် ကျွန်တော်တို့က ဘာမှပြောလို့မရပါဘူး၊ ကျွန်တော်တို့ရွေးပေးလိုက်တဲ့ ၁၀ ယောက်ထဲမှာ ကျွန်တော်တို့ ဒိုင်တွေအနေနဲ့ ပေးချင်တဲ့သူတွေလည်း ရှိရင်ရှိနိုင်ပါတယ်၊ ဥပမာပြောရရင် ဒိုင်က A ကို ပေးချင်တယ်။ B ကလည်း မိုက်တယ်။ C ကလည်း မဆိုးဘူး။ ဒါပေမယ့် တကယ်ရသွားတော့ D က ရသွားတာမျိုးတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ဒီက တာဝန်ရှိသူတွေကို မေးပါတယ်။ နောက်ဆုံး ၁၀ ဦးကို ကျွန်တော်တို့ ဒိုင်တွေက ဆုံးဖြတ်ခွင့်မရှိပါဘူး။ ပရိသတ်တွေကပဲ ဆုံးဖြတ်ရမှာပါ။ ပွဲခေါင်းစဉ်ကိုက Myanmar Idol ပါ၊ ဒိုင်တွေရဲ့ Idol မဟုတ်ပါဘူး။

မေး။ ။ပရိသတ်တွေနဲ့ ပြိုင်ပွဲဝင်တွေကို ဘာပြောချင်ပါသလဲ။

ဖြေ။ ။ကျွန်တော်တို့နိုင်ငံမှာ သီချင်းဆိုနိုင်တဲ့သူတွေ ရှိပါတယ်။ အကုန်လုံး လာကြပါ။ ကြိုက်တဲ့ ဂီတသံစဉ်တွေကို ဆိုပါ။ လုံးဝ အားမနာကြေး ကြိုက်တာဝတ်ပြီး ကြိုက်တဲ့အခြေအနေက လာရောက်ယှဉ်ပြိုင်ပါ။ ကျွန်တော်တို့ ကြိုဆိုပါတယ်။ ပရိသတ်တွေထဲမှာ တကယ်တော်တဲ့သူတွေကို အားပေးသူတွေရှိသလို ဂီတသဘောတရားတွေကို မသိပေမယ့် သံယောဇဉ်ကြောင့် အားပေးနေကြတာမျိုးလည်း ရှိပါတယ်။ ပရိသတ်တွေကို ပြောချင်တာကတော့ အားပေးပါ။ ကျွန်တော်တို့ကလည်း အကောင်းဆုံး ၁၀ ဦးကို စည်းစနစ်နဲ့ သေသေချာချာ ရွေးချယ်ပေးသွားမှာပါ။

ကိုလင်း

ဒါရိုက်တာ မောင်မျိုးမင်း၏ ကိုယ်တိုင်ရေး အခန်းဆက်ဝတ္ထုကို အခြေခံရိုက်ကူးထားသည့် နှစ်ပတ်အလို ရုပ်ရှင် ရုံတင်ပြသ



Film House ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ ကိုယ်တိုင်ရေး ဝတ္ထုဇာတ်လမ်းကို ထူးနွယ်အိမ် ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မောင်မျိုးမင်းကပင် ရိုက်ကူးထားသည့် နှစ်ပတ်အလို ရုပ်ရှင်ဇာတ်ကားကြီးကို ဇွန် ၂၀ ရက်တွင် စတင် ရုံတင်ပြသပြီဖြစ်သည်။

အဆိုပါ ရုပ်ရှင်သည် နိုင်ငံခြားရုပ်ရှင်ကို ကော်ပီရိုက်သည်ဟု ဝေဖန်နေကြခြင်းနှင့်ပတ်သက်၍ ဒါရိုက်တာ မောင်မျိုးမင်းက “ဒီဇာတ်ကားကြီးကို ကျွန်တော် ရုပ်ရှင်မရိုက်ခင် အခန်းဆက်ဝတ္ထုရှည်အဖြစ် Idea မဂ္ဂဇင်းမှာ ရေးဖြစ်ခဲ့ပါတယ်၊ ၂၀၀၈ ခုနှစ်ကတည်းက စရေးနေခဲ့တာ၊ ဇာတ်ကားအဖြစ်တော့ ၂၀၁၆ ခုနှစ်မှာ ကျွန်တော် စရိုက်ခဲ့ပါတယ်၊ ဝတ္ထုကို လုံးချင်းအဖြစ် ကိုမျိုး(ကြောင်နှစ်ကောင်)စာပေက ထုတ်ဝေမယ်ဆိုတဲ့အခါ ကျွန်တော်က မလုပ်သေးဘူးပေ့ါနော်၊ ရုပ်ရှင်ရိုက်ချင်တာကြောင့်ပါ၊ ကျွန်တော်တို့ ဝတ္ထုနဲ့ ရုပ်ရှင်က မတူတဲ့ရသတွေ အများကြီးရှိကြတယ်လေ၊ ခံစားမှုပိုင်းတွေ မတူကြဘူး၊ ဝတ္ထုက ကျယ်ပြန့်စွာ ဖန်တီးနိုင်စွမ်းရှိတယ်၊ အဲဒီတော့ ရုပ်ရှင်နဲ့ ဝတ္ထု ကွာခြားမှုအရသာကို ဖန်တီးချင်တဲ့စိတ်နဲ့ ရုပ်ရှင်အဖြစ် ဖန်တီးခဲ့တာပါ”ဟု ပြောသည်။

“ဝတ္ထုရေးတဲ့အခါမှာလည်း ပြေတီဦးအတွက်၊ မင်းဦးအတွက်၊ ကျော်ကျော်ဗိုလ်အတွက် ဆိုပြီး ရည်စူးခဲ့တာမျိုး မရှိခဲ့ပါဘူး၊ ဒီကားမှာ ပရိသတ်ရဲ့ပြောသမျှခံပြီး ပါသလောက်လေးနဲ့ ပရိသတ်ရင်ထဲရောက်အောင် ပို့သွားမှာက မျိုးသန္တာထွန်းနဲ့ ရဲအောင်တို့ပါပဲ၊ ဒီထဲမှာ ထပ်ပြီး ထူးခြားတဲ့သူတွေကတော့ အေးမြတ်သူနဲ့ ကျော်ကျော်ဗိုလ်တို့ပါပဲ၊ ဒါကြောင့် ဒီကားမှာ အကယ်ဒမီများရှင်တွေရဲ့ အားပြိုင်မှုတွေကို ကြည့်ရှုခံစားနိုင်ပါစေလို့ ပြောပါရစေ”ဟု မောင်မျိုးမင်းက ဆက်ပြောသည်။

သရုပ်ဆောင် ပြေတီဦးက “အစ်ကို(မောင်မျိုးမင်း)ကိုယ်တိုင်ရေးသားထားတဲ့ ပထမဆုံး ဝတ္ထုစာအုပ်လေးကို ဇာတ်ကားအဖြစ် ရိုက်တဲ့အခါမှာ ကျွန်တော်က ပထမဆုံး ရိုက်ခွင့်ရတာကြောင့် အများကြီး ကျေနပ်မိပါတယ်၊ ဒီကားမှာ ကျွန်တော်က အဓိပတိဆိုတဲ့ ဇာတ်ကောင်နေရာကနေ သရုပ်ဆောင်ထားပါတယ်၊ သူက လူတွေကို စာနာတတ်တဲ့သူပေ့ါနော်၊ ပြီးတော့ ဘဏ်လုပ်ငန်းပိုင်ရှင်တစ်ယောက်ပါ၊ ချစ်တတ်ပြီး ချစ်သူအပေါ် အမြဲ နူးညံ့စွာ ဆက်ဆံတတ်သူတစ်ဦးရဲ့ စရိုက်လက္ခဏာတွေ အပြည့်ရှိတဲ့သူတစ်ယောက်ပါ၊ နောက်ဆုံး သူ့ချစ်သူက မကျေနပ်ချက်တွေကြောင့် ကလဲ့စားချေချင်လို့ ချစ်ဟန်ဆောင်တာကိုတောင် သိသိကြီးနဲ့ ချစ်သူကို ချစ်ခဲ့တဲ့သူအဖြစ် ကျွန်တော် သရုပ်ဆောင်ထားပါတယ်”ဟု ပြောသည်။

သရုပ်ဆောင် မင်းဦးကလည်း “ကျွန်တော်က ဒီကားမှာ ပြေတီဦးကို မကျေနပ်ဘဲ ကလဲ့စားချေချင်တဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်၊ ကျွန်တော်တို့ မောင်နှမသုံးဦး၊ ဝတ်မှုန်ရွှေရည်ရယ်၊ ကျော်ကျော်ဗိုလ်ရယ်ပေ့ါ၊ အဲဒီ မောင်နှမတွေမှာ ဖခင်ဆုံးသွားတော့ မိခင် ဒေါ်ချိုပြုံးကို စောင့်ရှောက်ကြရတယ်၊ မကြာဘူး၊ စီးပွားကျပြီး မိခင်ကြီးလည်း စိတ်ထောင်းကိုယ်ကြေဖြစ်ပြီး သေဆုံးခဲ့တယ်၊ မသေဆုံးခင် မိခင်ကြီး ကျန်းမာရေးနဲ့ စက်ရုံအလုပ်သမားတွေအတွက် ရှင်းစရာ ငွေမရှိသလို ဘဏ်က ချေးထားတဲ့ငွေတွေ မပေးနိုင်လို့ ဘဝပျက်သွားတယ်၊ ပြေတီဦးဆီမှာ အကူအညီတောင်းခဲ့ပေမယ့် သူက မပေးဘူး၊ ခါးခါးသီးသီး ငြင်းဆိုခဲ့လို့ သူ့ကို ရန်သူအဖြစ်သတ်မှတ်ပြီး ကလဲ့စားချေရင်း နောက်ဆုံး လူဆိုးအဖွဲ့တွေနဲ့ ပေါင်းမိပြီး လူဆိုးဂိုဏ်းဖြစ်ပြီး ပြေတီဦးကို ကလဲ့စားချေတဲ့သူအဖြစ် သရုပ်ဆောင်ထားပါတယ်”ဟု ပြောသည်။

နှစ်ပတ်အလို ဇာတ်ကားသည် အချစ် အလွမ်းနှင့် နာကြည်းမုန်းတီးမှုများကြားမှ မေတ္တာတရားကို ဖော်ညွှန်းပြဆိုသော ရုပ်ရှင်ဖြစ်ပြီး ပြေတီဦး၊ ရဲအောင်၊ မင်းဦး၊ ကျော်ကျော်ဗိုလ်၊ ဝတ်မှုန်ရွှေရည်၊ အေးမြတ်သူ၊ မျိုးသန္တာထွန်း၊ ချိုပြုံးနှင့် အခြား အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကိုလင်း

မိုးကြိုးပစ်တဲ့အခါ

သိပ္ပံစာရေးဆရာကိုကိုအောင်

မိုးဦးကျ ကာလများ၊ မိုးတွင်း ကာလများနှင့် ရာသီဥတု ရုတ်ခြည်းဖောက်ပြန်ပြောင်းလဲသော အချိန်အခါမျိုး၌ လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးကြိုးမုန်တိုင်း ကျရောက်ခြင်းများကို ကြုံတွေ့ကြရလေ့ ရှိသည်။ ဤသို့ဖြစ်ရခြင်းမှာ မိုးကောင်းကင်တွင် သဘာဝအလျောက် ဖြစ်ပေါ်နေသော အခြေအနေများအရ တိမ်တိုက်တစ်ခုနှင့်တစ်ခုအကြားတွင်သော်လည်းကောင်း၊ မိုးတိမ်တိုက်နှင့် မြေလွှာ အကြားတွင်သော်လည်းကောင်း လျှပ်စစ်ဖိအား ခြားနားမှု ဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။

ယင်းကာလမျိုးတွင် မိုးတိမ်တိုက်၏ အောက်ခြေပိုင်း၌ လျှပ်စစ်အမခာတ်များ ဖြစ်ပေါ်လာပြီး တစ်ချိန်တည်းမှာပင် မြေပြင်ပေါ်၌လည်း လျှပ်စစ်အဖိုခာတ်များ စုဝေး ဖြစ်ပေါ်လာကာ ရင်ဆိုင်မိကြသည်။ မိုးဥတု အချိန်အခါများနှင့် ရာသီဥတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲသော အခါများတွင် မိုးသက်မုန်တိုင်းကြောင့် တိမ်လွှာ၏အောက်ခြေပိုင်းတွင် စုဝေးနေကြသော လျှပ်စစ်အမခာတ်များသည် ဝေဟင်မှနေ၍ ရွေ့လျားကြသည်။ မြေပြင်ပေါ်၌ရှိသော လျှပ်စစ်အဖိုခာတ်တို့ကလည်း လျှပ်စစ်အမခာတ်များ ရွေ့လျားသည့်အတိုင်း လိုက်ပါရွေ့လျားကြသည်။

ယင်းသို့ရွေ့လျားကြရင်း လျှပ်စစ်အမခာတ်တို့၏ ဆွဲဆောင်မှုကြောင့် လျှပ်စစ်အဖိုခာတ်တို့သည် မြင့်သောနေရာများဖြစ်သည့် လျှပ်စစ်ခာတ်တိုင်များ၊ လျှပ်စစ် ဝိုင်ယာလိုင်းကြိုးများ၊ အလံတိုင်နှင့် သစ်ပင်များ၊ ထိုးထိုးထောင်ထောင်ရှိနေသည့် အဆောက်အအုံများ၏ ထိပ်ဖျားများဆီသို့ တက်ရောက်လာကြသည်။ ယင်းသို့ တက်ရောက်လာမှုကြောင့် လျှပ်စစ်အမခာတ်နှင့် လျှပ်စစ်အဖိုခာတ်တို့ နီးကပ်စွာ စုဝေးမိကြသည်။ စုဝေးမှုအစိုင်အခဲသည် ကြီးမားလာသောအခါ ခုန်ကူးပေါင်းစပ်မှု ပြုကြသည်။ ဤသို့ ဖြစ်ပျက်သည်ကို မိုးကြိုးပစ်သည်ဟု ခေါ်ဆိုကြသည်။

မိုးကြိုးအန္တရာယ်

သို့ဖြစ်၍ မြင့်မားသော အဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ ချွန်ထက်နေသော ထိုးထိုးထောင်ထောင်ရှိနေသည့် အဆောက်အအုံ စသည်တို့သည် မိုးဥတုအခါများနှင့် ရာသီဥတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲ၍ မိုးသက်မုန်တိုင်း ကျရောက်သောအခါများ၌ မိုးကြိုးပစ်ခံရရန် အခွင့်အလမ်းပိုများသည်။ ယင်းတို့နှင့် နီးကပ်စွာရှိနေသော လူနှင့် တိရစ္ဆာန်များ၊ ဝတ္ထုပစ္စည်းများသည်လည်း မိုးကြိုးစက်ကွင်းအတွင်း ကျရောက်နေသည်ဖြစ်၍ အန္တရာယ်ကြီးမားလှသည်။

ထို့ကြောင့် လျှပ်လက်၍ ထစ်ချုန်းသောအခါမျိုးများ၌ ကျယ်ပြန့်သောနေရာများ၊ လွင်တီးခေါင်ပြင်ဖြစ်သော နေရာများ၊ လယ်ကွင်းပြင်များတွင် မနေသင့်ပေ။ ထိုအခါမျိုးတွင် ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်၌ ရပ်နေသော လူ သို့မဟုတ် တိရစ္ဆာန်တို့သည် အဆိုပါနေရာများ၏ အမြင့်ဆုံးသော တည်ရှိမှုများ ဖြစ်နေသည့်အတွက် လျှပ်စစ် အဖိုခာတ်နှင့် လျှပ်စစ်အမခာတ်တို့ ခုန်ကူး ပေါင်းစပ်မှုပြုရာ ဗဟိုချက်မ ဖြစ်သွားနိုင်သည်။ တစ်နည်းအားဖြင့် မိုးကြိုးပစ်ရန်အတွက် ပစ်မှတ်နေရာ ဖြစ်သွားနိုင်သည်။

မိုးဥတုအခါများတွင် လယ်ကွင်းပြင်များ၌ လယ်ထွန်နေသူများနှင့် ကျွဲနွားစသည်တို့ မိုးကြိုးထိမှန်ခံရတတ်ခြင်းမျိုးသည် အထက်ပါ သဘောတရားကြောင့်ပင်ဖြစ်သည်။ သို့ဖြစ်၍ ယင်းသို့သော အခြေအနေမျိုးတွင် ပြန့်ပြူးသော ကစားကွင်းများ၊ အဆောက်အအုံကင်းမဲ့သော ဆင်ခြေဖုံးနေရာများ၊ မြေပြန့်လွင်ပြင်များ၊ မြို့ရွာစသည်တို့နှင့် အလှမ်းကွာဝေးသော နေရာများတွင် ရောက်ရှိနေသူများသည် မိုးကြိုးပစ်ခံရရန် အခွင့်အလမ်း အများဆုံး ရှိနေကြသည်။

လျှပ်လက်ခြင်းနှင့် ထစ်ချုန်းသံ

တိမ်လွှာ၏အောက်ခြေရှိ လျှပ်စစ်အမခာတ်နှင့် မြေပြင်မှ လျှပ်စစ်အဖိုခာတ်တို့ ခုန်ကူးပေါင်းစပ်သည့်အခါ တစ်နည်းအားဖြင့် မိုးကြိုးပစ်သည့်အခါ မိုးကြိုးဖြစ်ပေါ်သည့်နေရာတွင် အလင်းရောင်နှင့် အသံတို့ တစ်ပြိုင်တည်း ထွက်ပေါ်လာသည်။ မိုးကြိုးဖြစ်ပေါ်ရာနေရာမှ ထွက်ပေါ်လာသော အလင်းရောင်နှင့် အသံတို့သည် အတော်အတန် ဝေးကွာသည့် နေရာများဆီသို့ ပျံ့နှံ့ရောက်ရှိချိန်တွင် အမြန်နှုန်း မတူခြင်းကြောင့် မိုးကြိုးဖြစ်ပေါ်ရာ နေရာမှ အလွန်ဝေးကွာသော နေရာများရှိ လူနှင့် သတ္တဝါတို့သည် အလင်းရောင်ကို အရင် မြင်ကြရပြီး အသံကို နောက်ကျမှ ကြားကြရသည်။ တစ်နည်းဆိုရသော် လျှပ်လက်ခြင်းကို အရင်မြင်ကြရပြီး ထစ်ချုန်းသံကို နောက်မှ ကြားကြရသည်။

မိုးကြိုးဖြစ်ပေါ်ရာနေရာနှင့် နီးသောနေရာရှိ လူနှင့် သတ္တဝါတို့မှာမူ လျှပ်လက်ခြင်း(အလင်းရောင်)နှင့် ထစ်ချုန်းခြင်း(အသံ)တို့ကို မရှေးမနှောင်းမှာပင် ကြားကြ မြင်ကြရသည်။ မိုးကြိုးဖြစ်ပေါ်ရာနေရာတွင် ရှိနေသော လူနှင့် သတ္တဝါတို့သည်ကား လျှပ်လက်ခြင်းကိုပင် မြင်ခွင့်မရလိုက်တော့ဘဲ မိုးကြိုးထိမှန်ခံရခြင်းနှင့် မိုးကြိုးစက်ကွင်းမိခြင်းများ ဖြစ်ကြရသည်။ ဤသို့ဖြစ်ရခြင်းမှာ အလင်း၏အလျင်က အသံ၏ အလျင်ထက် အဆပေါင်း သိန်းနှင့်ချီ၍ သာလွန်သောကြောင့် ဖြစ်သည်။

အဆိုပါ သိပ္ပံပညာ သဘောတရားကြောင့် လျှပ်လက်၍ ထစ်ချုန်းသံများကြားလျှင် ကြောက်တတ်သူများသည် မိုးကြိုးပစ်ရာနေရာနှင့် မိမိတို့ရှိနေသောနေရာ မည်မျှ ကွာလှမ်းသည်ကို တွေးဆနိုင်ကြပြီး စိုးရိမ်ပူပန်မှုများကို ထိန်းချုပ်နိုင်ကြမည် ဖြစ်သည်။

မိုးကြိုးလျှပ်စီး၏ အင်အား

မိုးကြိုးပစ်ခြင်းသည် တိမ်လွှာအောက်ခြေနှင့် မြေပြင်အကြား လျှပ်စစ်ဖိအား ခြားနားမှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။ မိုးကြိုးပစ်ချိန်တွင် လျှပ်စီးအင်အားသည် ပျမ်းမျှအားဖြင့် အမ်ပီယာ သုံးသောင်းခန့် ရှိနေပြီး အမြင့်ဆုံးအားဖြင့် အမ်ပီယာ နှစ်သိန်းအထိပင် ဖြစ်ပေါ်လာတတ်သည်။ လျှပ်စစ်သံဂဟေဆက်ရာတွင် အသုံးပြုသော လျှပ်စီးအင်အား ပမာဏမှာ ၂၀၀ အမ်ပီယာမှ ၄၀၀ အမ်ပီယာခန့်အထိသာရှိရာ မိုးကြိုးလျှပ်စီး အင်အားပမာဏသည် မည်မျှ ကြီးမား ကြောက်မက်ဖွယ်ကောင်းသည်ကို ခန့်မှန်းနိုင်သည်။

မိုးဥတုကာလ ရှည်ကြာသော ဒေသနိုင်ငံများ၊ မိုးသက်မုန်တိုင်း မကြာခဏ ကျရောက်တတ်သော ဒေသနိုင်ငံများနှင့် အီကွေတာရာသီဥတုခေါ် မိုးရွာလိုက် နေပူလိုက် တစ်လှည့်စီဖြစ်သော ရာသီဥတုရှိသည့် ဒေသနိုင်ငံများတွင် မိုးကြိုးပစ်သော အကြိမ်ရေပမာဏ များပြားတတ်သည်။

မိုးကြိုးပစ်သည့်အခါ ကောင်းကင်ခာတ်အားလိုင်းများကို မိုးကြိုးထိမှန်ပါက ခာတ်အားလိုင်းများတွင် ပို့လွှတ်ထားသော လျှပ်စစ်ဖိအားထက် အဆများစွာကြီးမားသော လျှပ်စစ်ဖိအားတစ်ရပ် ဝင်ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကောင်းကင်ခာတ်အားလိုင်းတိုင်များ၏ ကြွေသီးများ နေရာတွင် လျှပ်စစ်ဖိအား အဆမတန် မြင့်တက်လာခြင်းကြောင့် ဝိုင်ယာကြိုးများမှတစ်ဆင့် ကြက်ခြေတန်းများအတွင်းသို့လည်းကောင်း၊ ခာတ်တိုင်များ၏အတွင်းသို့လည်းကောင်း ခုန်ကူးမှုများဖြစ်ပေါ်ပြီး ကွဲအက်ပျက်စီးမှုများ ဖြစ်လာနိုင်သည်။ အလားတူပင် ထရန်စဖော်မာများအတွင်းသို့ မိုးကြိုးလျှပ်စစ်ဖိအား ဝင်ရောက်ပါက လျှပ်ကာများ ကျိုးပေါက်မှုဖြစ်ပြီး ချွတ်ယွင်းပျက်စီးသွားနိုင်သည်။

ကောင်းကင်ခာတ်အားလိုင်း ကြိုးကြီးများကို မိုးကြိုး တိုက်ရိုက်ထိမှန်ခဲ့လျှင် လျှပ်စစ်အန္တရာယ်မှ ကာကွယ်ရန် မလွယ်ကူပေ။ သို့ရာတွင် သဘာဝ အခြေအနေများအရ ကောင်းကင်ခာတ်အားလိုင်း ကြိုးကြီးများကို ပြင်းထန်သော မိုးကြိုးများ တိုက်ရိုက်ထိမှန်မှုမှာ ဖြစ်ခဲလှပြီး မိုးကြိုးစက်ကွင်းမိခြင်းမျိုးသာ ဖြစ်ပေါ်တတ်သည်။

မိုးကြိုးပစ်သည့်အချိန်တွင် ဝင်ရောက်လာတတ်သည့် အလွန်မြင့်မားသောလျှပ်စစ်ဖိအား၏ အန္တရာယ်ကို ကောင်းကင်မြေစိုက်ကြိုးနှင့် မိုးကြိုးလွှဲတို့ တပ်ဆင်ထားခြင်းဖြင့် ကာကွယ်နိုင်သည်။

ကောင်းကင်မြေစိုက်ကြိုး တပ်ဆင်ခြင်း

မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် ကောင်းကင်မြေစိုက်ကြိုးအဖြစ် သွပ်ရေစိမ် သံမဏိကြိုးကိုဖြစ်စေ၊ ကြေးအုပ်ထားသော သံမဏိကြိုးကိုဖြစ်စေ လျှပ်စစ်ခာတ်တိုင်များ၏ ထိပ်အစွန်းများ၌ သွယ်တန်း တပ်ဆင်ကြရမည်ဖြစ်သည်။ ကောင်းကင်ခာတ်အားလိုင်း တိုင်များအတွက် ကောင်းကင်မြေစိုက်ကြိုး တပ်ဆင်ရာတွင် ပထဝီမြေခာတ် ကောင်းစွာရရှိစေရန် ကောင်းကင်ခာတ်အားလိုင်း ကြိုးအရှည် တစ်မိုင်အတွင်း အနည်းဆုံး လေးနေရာခန့်တွင် မြေမြှုပ်ကြိုးများနှင့် ဆက်သွယ်ပေးထားရမည် ဖြစ်သည်။

မြေစိုက်ကြိုးများက ကောင်းကင် လျှပ်စစ်ခာတ်အားလိုင်းများကို မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော နယ်ပယ်မှာ အဆိုပါ ကောင်းကင်မြေစိုက်ကြိုး ထိပ်စွန်း၏ ဝဲယာ တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီစီ အသီးသီးရှိသော နယ်ပယ်အတွင်း၌သာ ဖြစ်သည်။ သို့ဖြစ်၍ ကောင်းကင်မြေစိုက်ကြိုးက မိုးကြိုးအန္တရာယ်မှ ကာကွယ်ပေးနိုင်သော အဆိုပါ နယ်ပယ်အတွင်း၌သာ လျှပ်စစ်ဝိုင်ယာကြိုးများကို သွယ်တန်း တပ်ဆင်ကြရမည်ဖြစ်သည်။

ကောင်းကင်ခာတ်အားလိုင်းကြိုးများကို ခာတ်အားလိုင်းတိုင် ထောင်မတ်နေသည့်အတိုင်း အထက်အောက် သွယ်တန်းထားပါက ယင်းတို့သည် ကောင်းကင်မြေစိုက်ကြိုး၏ အောက်တည့်တည့်တွင် ရောက်ရှိနေကြခြင်းကြောင့် မိုးကြိုးအန္တရာယ်မှ ကာကွယ်မှု အပြည့်အဝ ရရှိနေကြမည်ဖြစ်သည်။ ယင်းသို့မဟုတ်ဘဲ ခာတ်အားလိုင်းတိုင်များတွင် ကန့်လန့် ကြက်ခြေတန်းများကို အသုံးပြု သွယ်တန်းမည်ဆိုပါက ကောင်းကင်မြေစိုက်ကြိုး၏အောက် တစ်ဖက်တစ်ချက်စီတွင် ၄၅ ဒီဂရီစီ အသီးသီးရှိသော နယ်ပယ်အတွင်း၌သာ သွယ်တန်းလိုင်းကြိုးများ ရှိနေကြရန် လိုအပ်သည်။

ကောင်းကင်မြေစိုက်ကြိုးသည် မိုးကြိုးအန္တရာယ်မှ ကာကွယ်ရန်အတွက် အသုံးဝင်ရုံမျှမက လျှပ်စစ်ခာတ်လိုက်ခြင်း အန္တရာယ်မှလည်း ကာကွယ်နိုင်သည်။ အဆောက်အအုံများသို့ ခာတ်အားသယ်ဆောင်သော ဝိုင်ယာများ သွယ်တန်းရာတွင် ယင်းကြိုးများကို သယ်မ ထားသော ဝန်ထမ်းကြိုး(Bearer Cable)ကို ကောင်းကင်မြေစိုက်ကြိုးနှင့် ဆက်သွယ်ပေးထားခြင်းအားဖြင့် အကယ်၍ ခာတ်အားသယ်ဆောင်သော ဝိုင်ယာကြိုးများ ပေါက်ပြဲချွတ်ယွင်းပြီး ဝန်ထမ်းကြိုးအတွင်းသို့ လျှပ်စစ်ခာတ်အား ဝင်ရောက်စီးဆင်းလာမည်ဆိုပါက ပထဝီမြေခာတ်နှင့် တွေ့ထိပြီး ဒဏ်ခံကြိုးကို ပြတ်တောက်သွားစေမည်ဖြစ်သည်။

ပထဝီမြေခာတ်ကို ကောင်းစွာ ရရှိနေသော ကောင်းကင်မြေစိုက်ကြိုးကို အဆောက်အအုံအတွင်းရှိ လျှပ်စစ်သုံးပစ္စည်းများ၊ လျှပ်စစ်မီတာ၊ လျှပ်စစ်မီတာအိမ် စသည်တို့နှင့် ဆက်သွယ်ပေးထားခြင်းအားဖြင့်လည်း အဆိုပါ ပစ္စည်းများအတွင်း၌ တစ်စုံတစ်ရာ ချွတ်ယွင်းမှုဖြစ်ပြီး ပစ္စည်း၏ ကိုယ်ထည်အတွင်းသို့ လျှပ်စစ်ခာတ်အားများ စီးဆင်းဝင်ရောက်ခဲ့ပါက ပထဝီမြေခာတ်နှင့် ထိတွေ့ပြီး ဒဏ်ခံကြိုးကို ပြတ်တောက်သွားစေမည် ဖြစ်သည်။

မိုးကြိုးလွှဲ တပ်ဆင်ခြင်း

လျှပ်စစ်ခာတ်အားလိုင်းကြိုးကြီးများ အတွင်းသို့ မိုးကြိုးကြောင့် ဖြစ်ပေါ်လာသည့် အလွန်မြင့်မားသော လျှပ်စစ်ဖိအား ဝင်ရောက်လာသောအခါ အဆိုပါ လျှပ်စစ်ဖိအားကို ပထဝီမြေကြီးအတွင်းသို့ လွယ်ကူလျင်မြန်စွာ စီးဆင်း ဝင်ရောက်သွားစေရေးအတွက် လမ်းကြောင်းလွှဲပြောင်းပေးသည့် ပစ္စည်းကို မိုးကြိုးလွှဲ (Lightning Arrester)ဟု ခေါ်သည်။ မိုးကြိုးလွှဲသည် ခာတ်အားလိုင်းကြိုးများအတွင်း ပုံမှန်ပို့လွှတ်ထားသော လျှပ်စစ်ဖိအားကို ပထဝီမြေကြီးအတွင်းသို့ စီးဆင်းဝင်ရောက်သွားခြင်းကို ခွင့်မပြုဘဲ မိုးကြိုးကြောင့်ဖြစ်ပေါ်သည့် အန္တရာယ်ကြီးမားသော လျှပ်စစ်ဖိအားများကိုသာ မြေကြီးအတွင်းသို့ စီးဆင်းသွားစေရန် လုပ်ဆောင်ပေးသည်။

လျှပ်စစ်ခာတ်အားပေး စက်ရုံများအနေဖြင့် လျှပ်စစ်ခာတ်အားများကို ထုတ်လုပ်ဖြန့်ဖြူးရာတွင် မိုးကြိုးကြောင့်ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ်မှ ကာကွယ်နိုင်ရန် အလို့ငှာ မိုးကြိုးလွှဲများကို အောက်ပါအတိုင်း တပ်ဆင်ထားကြရမည် ဖြစ်သည်။

(က) လျှပ်စစ်ခာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ ဖြစ်ပြီး ထိုဗို့အားအဆင့်ဖြင့်ပင် ပေးပို့ဖြန့်ဖြူးပါက စက်ရုံမှထွက်သည့် ဗီဒါလိုင်းအသီးသီးပေါ်၌ အနိမ့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည်ဖြစ်သည်။

(ခ) လျှပ်စစ်ခာတ်အားစက်ရုံက ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၂၃၀/၄၀၀ ဗို့ဖြစ်သော်လည်း စက်ရုံမှထွက်လျှင်ထွက်ချင်း ဗို့အားမြှင့် ထရန်စဖော်မာကို အသုံးပြု၍ ၆၆၀၀ ဗို့၊ ၁၁၀၀၀ ဗို့၊ ၆၆၀၀၀ ဗို့ စသည်ဖြင့် ဗို့အားမြှင့်ပြီးမှ ပေးပို့ ဖြန့်ဖြူးပါက စက်ရုံရှိ ဗို့အားမြှင့်ထရန်စဖော်မာမှအထွက် ဗီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည် ဖြစ်သည်။

(ဂ) လျှပ်စစ်ခာတ်အားစက်ရုံမှ ထုတ်လုပ်သော လျှပ်စစ်ဖိအားသည် ၁၁၀၀၀ ဗို့ ကဲ့သို့သော ဗို့အားမြင့် လျှပ်စစ်ဖြစ်ပြီး ထုတ်လုပ်ဗို့အားအတိုင်း တိုက်ရိုက်ပို့လွှတ်သည်ဖြစ်စေ၊ ဗို့အားမြှင့်ထရန်စဖော်မာကို အသုံးပြု၍ ထပ်မံဗို့အားမြှင့်ပြီးမှ ပို့လွှတ်သည်ဖြစ်စေ၊ စက်ရုံမှထွက်သော ဗီဒါလိုင်းအသီးသီးပေါ်တွင် အမြင့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်ရမည်ဖြစ်သည်။

(ဃ) ကောင်းကင်ခာတ်အားလိုင်း ကြိုးကြီးများသည် အလွန်ရှည်လျားပြီး လူနေအိမ်ခြေ၊ အဆောက်အအုံများနှင့် ဝေးကွာသော ကွင်းပြင်များကို ဖြတ်ကျော်တည်ဆောက်ထားခြင်းမျိုး ဖြစ်ပါက ခာတ်အားလိုင်းမျှော်စင်ကြီးများနှင့် ခာတ်တိုင်များ အပေါ်တွင် မိုးကြိုးလွှဲများကို တပ်ဆင်ပေးထားရမည် ဖြစ်သည်။

(င) ဗို့အားနိမ့် ထရန်စဖော်မာများ တပ်ဆင်ထားသည့် နေရာများ၌မူ လျှပ်စစ်ခာတ်အား အဝင်ဘက်ရှိ ဗို့အားမြင့်လိုင်းပေါ်တွင် မိုးကြိုးလွှဲကို တပ်ဆင်ရမည် ဖြစ်သည်။

ဤနေရာတွင် လူနေအိမ်ခြေ၊ အဆောက်အအုံ သိပ်သည်းထူထပ်သော မြို့ကြီးမြို့ငယ် စသည့် နေရာဒေသများ၌ သွယ်တန်းတပ်ဆင်ထားသော လျှပ်စစ်ခာတ်အား လိုင်းကြိုးများအတွင်းသို့ မိုးကြိုးအန္တရာယ် ကျရောက်မည့် အခွင့်အလမ်း နည်းပါးလှသည့်အတွက် တစ်မြို့နှင့်တစ်မြို့ သွယ်တန်းထားသည့် ကောင်းကင်ခာတ်အားလိုင်းကြိုးများမှာကဲ့သို့ မိုးကြိုးအန္တရာယ်ကို စိုးရိမ်ရန် မလိုအပ်ပေ။ ကောင်းကင်မြေစိုက်ကြိုး တပ်ဆင်ထားပြီးဖြစ်က မိုးကြိုးအန္တရာယ်မှ စိတ်ချရနိုင်သည်။

သာမန် လူနေအိမ် အဆောက်အအုံများအနေဖြင့်မူ မိမိတို့၏အဆောက်အအုံနှင့် နီးကပ်စွာတည်ရှိနေသော ခာတ်တိုင်များတွင် ကောင်းကင်မြေစိုက်ကြိုးများဖြင့် မိုးကြိုးလျှပ်စစ်အန္တရာယ်ကို စနစ်တကျ ကာကွယ်ထားသည်ဆိုပါက မိုးကြိုးအန္တရာယ်ကျရောက်ရန် အခွင့်အလမ်း အလွန်နည်းပါးမည် ဖြစ်သည်။ သို့ရာတွင် ပို၍စိတ်ချရစေရန် မိုးကြိုးလွှဲများ တပ်ဆင်လိုပါက အနိမ့်စားဖိအား မိုးကြိုးလွှဲကို တပ်ဆင်လျှင် ကောင်းစွာ လုံလောက်မှုရှိသည်။

သို့ဖြစ်၍ မိုးဥတုကာလနှင့် ရာသီဥတု ရုတ်ခြည်း ဖောက်ပြန်ပြောင်းလဲသော အခါသမယမျိုး၌ ဖြစ်ပေါ် လာတတ်သည့် လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့၏ သဘောသဘာဝများနှင့် ယင်းတို့မှတစ်ဆင့် ဆက်စပ်ဖြစ်ပေါ်လာတတ်သော လျှပ်စစ်အန္တရာယ်တို့ကို သိရှိထားကြခြင်းအားဖြင့် မိုးကြိုးပစ်ခံရခြင်းနှင့် မိုးကြိုးကြောင့်ဖြစ်ပေါ်လာနိုင်သော လျှပ်စစ်အန္တရာယ်ကျရောက်ခြင်းကို ကာကွယ်ပေးသည့် အစီအမံများကို စနစ်တကျဖြင့် ကြိုတင်ပြုလုပ်ထားနိုင်ကြမည် ဖြစ်ပေသည်။ ။

“မိုးကြိုးပစ်ခြင်းသည် တိမ်လွှာအောက်ခြေနှင့် မြေပြင်အကြား လျှပ်စစ်ဖိအား ခြားနားမှုကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်။ မိုးကြိုးပစ်ချိန်တွင် လျှပ်စီးအင်အားသည် ပျမ်းမျှအားဖြင့် အမ်ပီယာ သုံးသောင်းခန့် ရှိနေပြီး အမြင့်ဆုံးအားဖြင့် အမ်ပီယာ နှစ်သိန်းအထိပင် ဖြစ်ပေါ်လာတတ်သည်။ လျှပ်စစ်သံဂဟေဆက်ရာတွင် အသုံးပြုသော လျှပ်စီးအင်အား ပမာဏမှာ ၂၀၀ အမ်ပီယာမှ ၄၀၀ အမ်ပီယာခန့်အထိသာရှိရာ မိုးကြိုးလျှပ်စီးအင်အား ပမာဏသည် မည်မျှ ကြီးမားကြောက်မက်ဖွယ်ကောင်းသည်ကို ခန့်မှန်းနိုင်သည်”

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မပြည့်ပြည့်မိုး အထက(၄)ထားဝယ်က ပထမ၊ မခင်ပြည့်ပြည့်ကျော် အထက(၁)သန်လျင်က ဒုတိယနှင့် မပြည့်စုံခိုင် အထက (၅) လှိုင်ကော်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မဟေမာန်နှင်းပွင့်အောင် အထက(၇)တောင်ငူ၊ မချိုးသံသာကျော် A.L.B.A ကိုယ်ပိုင်ကျောင်းရန်ကုန်နှင့် မအိဖြူစင်ကို အထက(၁)သန်လျင်တို့က လည်းကောင်း။

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ကောင်းထွဋ်ဟန် အထက(၁)ဘိုကလေးက ပထမ၊ မချောစုစုဟန် အထက(၂)စမ်းချောင်းက ဒုတိယနှင့် မောင်စောအာယု အထက (လှာကာ)ဘားအံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနန်းမိုးပြည့်ပြည့်ကျော် ထ(ခွဲ) အလက(၁၄) အောင်မြေသာစံ၊ မဆုရည်မွန်မြင့် အထက(၂)ဇဟန်းနှင့် မောင်ရဲရင့်မြတ်သူ အထက (၂)ဇဟန်းတို့က လည်းကောင်း။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မချောသီရိလဝန်း အလက (မြို့မ) ကျောက်တန်းက ပထမ၊ မသန့်နေခြည်ထွန်း Pride I S M ကိုယ်ပိုင်ကျောင်း ကမာရွတ်က ဒုတိယနှင့် မောင်ခန့်ဘုန်းစစ် အထက(၂)ကျောက်တန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ထူးဆက်အောင် အလက(မြို့မ) ကျောက်တန်း၊ မခင်ဖြိုးပန်းချီ အမက(၂၄) ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် မောင်လင်းမောင်မောင်ချယ်ရီတန်ကိုယ်ပိုင်အလယ်တန်းကျောင်း ဇန်းမော်တို့ကလည်းကောင်း။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မထက်နဒီအောင် အထက(၂) ကျောက်တန်းက ပထမ၊ မောင်လင်းထက်ရဲရင့် အလက(မြို့မ) ကျောက်တန်းက ဒုတိယနှင့် မောင်အောင်ဖြိုးဇော် အထက(၂)ကျောက်တန်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မမေသူကို TTC ကမာရွတ်၊ မောင်ကောင်းမြတ်မင်း အလက(ချည်မျှင်)ရွှေတောင်နှင့် မယွန်းရွှေရည် အထက(၁)တောင်ကြီးတို့က လည်းကောင်း။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မဟန်စုရည်ထွန်း ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်း ဒဂုံက ပထမ၊ မကြည်ဇင်သန့် အထက(၂)လသာက ဒုတိယနှင့် မမေသဥ္ဇာသွန်း အထက(၄)အလုံက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မအိဇာနည်ဖြိုး အထက(၁) ဒဂုံ၊မောင်ဟန်ထူးအောင် အထက(၁)ဒဂုံနှင့် မရွှေရည်ဝင်းထက် အထက(၂)စမ်းချောင်းတို့က လည်းကောင်း။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မောင်ဝင်းထွန်းဦး အလက(ခွဲ)နမ့်ကွတ်လှိုင်ကော်က ပထမ၊ မနှင်းဧကရီလင်း အလက(၃)ဒဂုံမြို့သစ်(မြောက်ပိုင်း)က ဒုတိယနှင့် မအိမ့်နဒီဟန် အမရပူရ ပါတနာကိုယ်ပိုင်အလယ်တန်းကျောင်း မန္တလေးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မဖြူစင်လင်းမြတ် အထက(၁) ညောင်တုန်း၊ မောင်ပြည့်စုံဖုန်းမြင့် အမက (တောင်ပိုင်း) ဖျာပုံနှင့် မဇူးထက်ရတီလင်း အထက(အုတ်တွင်း)တို့က လည်းကောင်း။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မရွှန်းမြတ်အိမ် အထက(၄)သာကေတကပထမ၊ မောင်ဘုန်းမြတ်အောင်(ခ) CHRIS A.L.B.A ကိုယ်ပိုင်ကျောင်း ရန်ကုန်က ဒုတိယနှင့် မသန့်ဖြူစင် ထ (ခွဲ)အလက(၁) မအူပင်ကတတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းမြတ်သူ အထက(၂)ကျောက်တန်း၊ မယုယခင် တိုးတက်အောင်ကိုယ်ပိုင်အထက်တန်းကျောင်း ရန်ကုန်နှင့် မောင်မင်းသူ့ကျော် အလက(မြို့မ)ကျောက်တန်းတို့က လည်းကောင်း။

ပိုစတာ အထက်တန်းအဆင့်ပြိုင်ပွဲတွင် မမိုးမြင့်သဒ္ဒါ အထက(၁) ဒဂုံက ပထမ၊ မမြတ်နိုးချယ်ရီ အထက (၁၇)အောင်မြေသာစံက ဒုတိယနှင့် မဗျားမြာ ထ(ခွဲ) နမ့်ကွတ် လှိုင်ကော်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဟန်ထူးအောင် အထက(၁)ဒဂုံ၊ မောင်သွင်ထူးဆက် အလက(၃)ဒဂုံမြို့သစ် (မြောက်ပိုင်း) နှင့် မောင်တိုးဝေအောင် ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း တာမွေတို့က လည်းကောင်း။

ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ကျော်စည်သူဇင် P.E.C ကိုယ်ပိုင်အထက်တန်းကျောင်း ပုသိမ်မြို့က ပထမ၊ မခင်ပြည့်စုံ အထက (က၀)က ဒုတိယနှင့် မအိသဥ္ဇာခိုင် အထက(၉) မော်လမြိုင်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မရွှေမြတ်မိုးထွန်း ပညာနန်းတော်ကိုယ်ပိုင်အထက်တန်းကျောင်း သုဝဏ္ဏ၊ မောင်အာကာဝိုင်း S.E.C ကိုယ်ပိုင်အထက်တန်းကျောင်း မုံရွာနှင့် မောင်စိုင်းစွမ်းထက်လင်း အထက(၁) တောင်ကြီးတို့က လည်းကောင်း။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မထရေဇာဂျာဆန်အောင် အထက(၁) မြစ်ကြီးနားက ပထမ၊ မောင်ရဲရင့်မြတ်သူ အထက(၂)ဇဟန်းက ဒုတိယနှင့် မပွင့်နေခြည်မြင့် အထက(၂)စမ်းချောင်းက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မထက်တင်ဇာမြင့် အထက(၂)စမ်းချောင်း၊ မဝင့်သူဇာသိမ့်နေခြည် ကိုယ်ပိုင်အထက်တန်းကျောင်း မကွေးနှင့် မောင်ကိုကိုချစ် အထက(၁)ဒဂုံတို့က လည်းကောင်း။

ဆောင်ပုဒ်ပြိုင်ပွဲတွင် ဒေါ်လွင်လွင်ဘုန်း ဇဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ "အနာဂတ်ပန်းများ ပွင့်လန်းဖို့ မူးယစ်အန္တရာယ် ကာကွယ်စို့"၊ ဦးမင်းဇာနည်ဇော် မြောက်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးမှ "အပေါင်းအသင်းရွေးချယ်ပါ"၊ ဦးစန်းငွေ (ကိုစန်းငွေ-ရောဝတီ) ပုသိမ်မြို့ရောဝတီတိုင်းဒေသကြီးမှ "ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ မူးယစ်ရန် မီးငြိမ်းသတ်စို့"၊ မစန်းဆုရည်သန့်(စန်းဆုရည်-ရန်ကုန်တက္ကသိုလ်) ရန်ကုန်တိုင်းဒေသကြီးမှ "နိုင်ငံကိုချစ် လူမျိုးချစ် မူးယစ်မှုန်သမျှ တိုက်ဖျက်ပစ်" နှင့် ဒေါ်ရီရီမြ မဟာအောင်မြေမြို့နယ် မန္တလေးတိုင်းဒေသကြီးမှ "မျိုးဆက်သစ်ဘဝ လှပဖို့ မူးယစ်ဟူသမျှရှောင်ရှားစို့" ဆောင်ပုဒ်တို့က လည်းကောင်း ဆုများအသီးသီး ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပျောက်ကွယ်လုနီးပါး တိုင်းရင်းသားလူမျိုးများမှ ယင်းတလဲလူမျိုးများအကြောင်း စတင်မှတ်တမ်းပြုစု

တောင်ကြီး ဇွန် ၁၉

ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ပြန်လည်ဖော်ထုတ်လျက်ရှိရာ လက်ရှိတွင် ယင်းတလဲလူမျိုးများအကြောင်း မှတ်တမ်းပြုစုခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများအတွက် ဆောင်ရွက်ပေးခြင်းနှင့် ဘာသာစာပေများ မြင့်မားတိုးတက်စေရန်အတွက် ပြန်လည်ဖော်ထုတ်ခြင်းတို့ စတင်ပြုလုပ်နေပြီး ဆက်လက်၍ အခြားတိုင်းရင်းသားများကိုလည်း ရှာဖွေဖော်ထုတ် မှတ်တမ်းပြုစုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရှမ်းပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ သိရသည်။

ယင်းတလဲတိုင်းရင်းသူလေးများကို တွေ့ရစဉ်။

"ပျောက်ကွယ်လုနီးပါးဖြစ်နေတဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ရသင့်ရထိုက်တဲ့ အခွင့်အရေး၊ ဘာသာ၊ စာပေ၊ မြင့်မားတိုးတက်အောင်ဖော်ထုတ်တာ၊ မြှင့်တင်ပေးတာတွေကို ဆောင်ရွက်နေပါတယ်။ တိမ်မြုပ်ပျောက်ကွယ်နေတဲ့၊ ဒါမှမဟုတ် လူဦးရေနည်းပါးလာတဲ့ တိုင်းရင်းသားတွေကို ပြန်လည်ဖော်ထုတ်ပေးသွားမှာ ဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ သူတို့တွေရဲ့ရိုးရာယဉ်ကျေးမှုတွေ၊ ဓလေ့ထုံးထမ်း အစဉ်အလာတွေကိုလည်း ပြန်လည်ပြီး ဖော်ထုတ်ပေးသွားဖို့ ရည်ရွယ်ဆောင်ရွက်နေပါတယ်"ဟု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ပြည်နယ်ရုံးမှ ပြည်နယ်တာဝန်ခံ ဦးစိုင်းဖုန်းကျော်က ပြောသည်။

ထနော့တိုင်းရင်းသားများကို ပထမဆုံးအဖြစ် မှတ်တမ်းပြုစုနိုင်ရန်အတွက်ဌာနမှ ပြီးခဲ့သည့်နှစ် မေလနှင့် ဇွန်လတို့တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့နှင့် ကလောမြို့နယ်အတွင်းရှိ ထနော့တိုင်းရင်းသားများနေထိုင်ရာ ကျေးရွာများသို့ သွားရောက်၍ အချက်အလက် ပြုစုမှတ်တမ်းရယူနိုင်ခဲ့ကြောင်း သိရသည်။

ထနော့စာပေနှင့် ယဉ်ကျေးမှုအဖွဲ့(ယာယီ)၏ လူဦးရေစစ်တမ်းအရ ထနော့တိုင်းရင်းသားလူမျိုးဦးရေ ၄၀၀၀ ခန့်ရှိကြောင်း သိရသည်။ ဗုဒ္ဓဘာသာကို အများဆုံး ကိုးကွယ်ကြပြီး စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည့် အဆိုပါ လူမျိုးများအကြောင်းကို ပြီးခဲ့သည့်နှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်နှင့် ၇၂ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားတို့တွင် အောင်မြင်စွာ တင်ဆက်ပြသနိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။

လက်ရှိတွင် ကယားပြည်နယ်ရှိ ယင်းတလဲ တိုင်းရင်းသားများနှင့် ပတ်သက်သည့် အကြောင်းအရာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့များကို မှတ်တမ်းပြုစုရိုက်ကူးလျက်ရှိကြောင်း သိရပြီး အခြားတိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေနှင့် ယဉ်ကျေးမှုများကိုလည်း ဖော်ထုတ်မှတ်တမ်းပြုစုကာ အများပြည်သူများ သိရှိနိုင်ရန် ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး ရှိသည့်အနက် အချို့တိုင်းရင်းသားများမှာ အရေအတွက် အနည်းငယ်သာ ကျန်ရှိတော့သည်။ အချို့တိုင်းရင်းသားများသည် လူဦးရေ ထောင်ဂဏန်းသာရှိတော့ကြောင်း တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ သိရသည်။

" အဲဒီလိုမျိုး လူဦးရေ ထောင်ဂဏန်းသာကျန်တဲ့ တိုင်းရင်းသားလူမျိုးစုတွေဟာ မျိုးနွယ်စုပျောက်ကွယ်ဖို့ နီးစပ်နေတယ်ဆိုတဲ့ အဓိပ္ပာယ်မို့ ပြန်လည်ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ အဲဒီလိုမျိုးနွယ်တိုင်းရင်းသားတွေကို ကျွန်တော်တို့က သွားရောက်ပြီးတော့ သူတို့ရဲ့ရိုးရာဓလေ့၊ ဘာသာစကားနဲ့ စားသောက်နေထိုင်မှုဘဝတွေကို လေ့လာပါတယ်။ ပြီးတော့ ပြန်လည်ပြီး ဖော်ထုတ်ပေးနေတာ ဖြစ်ပါတယ်။ ဒါကတော့ လူနည်းစုမျိုးနွယ်တွေကို နိုင်ငံတော်ကနေပြီး ဖော်ထုတ်ထိန်းသိမ်းပေးနေတယ်ဆိုတဲ့ အခြေအနေဖြစ်ပါတယ်"ဟု တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရှမ်း (ပြန်/ဆက်)သတင်းအဖွဲ့သားများ

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပွဲများ ပြုလုပ်

မက်မန်း

ရှမ်းပြည်နယ် အရှေ့ပိုင်း မက်မန်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာနခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၇ ရက်က ကျင်းပသည်။

ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုးနိုင်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးနိုင်ထန်းမနားက မူးယစ်ဆေးဝါးနှင့် ပတ်သက်သောပြစ်မှု၊ ပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ကောလင်း

